မြန်မာ့အလင်း

၁၉၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၃၃၇)

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပ

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက် မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၃

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၆ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်း နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အစီရင်ခံစာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်

စာမျက်နှာ ၇ ကော်လံ ၁ ❑

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့်အဖွဲ့ (၃၉)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ — ပြည်တွင်းသတင်း — စာ » ၃

လေးလအတွင်း ပြည်ပကုန်သွယ်မှု မြင့်တက် — ဆောင်းပါး — စာ » ၆

ဆွာချောင်းရေလွှမ်းကာ သဲနုန်းများ ဖုံးသွားသည့် လယ်မြေများအား သင့်တော်သည့်သီးနှံများ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးနေ — ပြည်တွင်းသတင်း — စာ » ၉

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် — ပြည်တွင်းသတင်း — စာ » ၁၀

မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်တွင် သောင်တင်နေခဲ့သော သင်္ဘောနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်တွင် သောင်တင်နေခဲ့သော SAM RATULANGI သင်္ဘောနှင့် ပတ်သက်၍ Ocean Solution Maritime မှ သတင်းစာရှင်းလင်းပွဲကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

ဩဂုတ်လ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမ္မစိတ္တကျေးရွာအပြင်ဘက် ရေမိုင် ၇ မိုင်အကွာ စစ်တောင်းမြစ်ဝအနီး မြန်မာ့ပင်လယ်ပြင်၌ SAM RATULANGI အမည်ရှိ ကုန်တင်သင်္ဘောတစ်စင်း သောင်တင်နေကြောင်း ပြည်တွင်းပြည်ပသတင်းများက ဖော်ပြခဲ့ကြသည်။

အဆိုပါသင်္ဘောမှာ အင်ဒိုနီးရှားနိုင်ငံတွင် မှတ်ပုံတင်ထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွားရောက်ဖျက်ဆီးရန်အတွက် ဆွဲသင်္ဘောဖြင့် ဆွဲယူလာခဲ့ခြင်းဖြစ်သည်။ သင်္ဘောကို အင်ဒိုနီးရှားနိုင်ငံမှ ဇူလိုင် ၂၉ ရက်နေ့တွင် စတင်ထွက်ခွာခဲ့ပြီး ပင်လယ်ပြင်၌ ၂၄ ရက်ကြာ ခုတ်မောင်းပြီးနောက် ရာသီဥတုဆိုးရွားမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❊



မြန်မာ့အလင်း

နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေး ဆောင်ရွက်စို့

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် ရုပ်ဝတ္ထုအရင်းအမြစ်၊ ခနငွေကြေး အရင်းအမြစ်နှင့် လူသားအရင်းအမြစ်တို့သည် အရေးပါပြီး ယင်းတို့အနက် လူသားအရင်းအမြစ်က ပဓာနအကျဆုံးဖြစ်သည်ဟု သုတေသီတို့က ဆိုကြသည်။ သို့ဖြစ်သည့်အလျောက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းရှိသမျှ ရင်းနှီးမြှုပ်နှံကာ တန်ဖိုးမြင့်လာသည့် လူသားအရင်းအမြစ်ကို အထိရောက်ဆုံး အကျိုးရှိစွာ အသုံးချခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ထုတ်လာကြသည်။ နိုင်ငံတစ်ခု၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ယင်းနိုင်ငံရှိ ပြည်သူ (လူဦးရေ) အရေအတွက်ကို အရည်အချင်းသို့ ပြောင်းလဲခြင်း (တစ်နည်းအားဖြင့်) ပြည်သူတို့၏ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ခြင်း၊ ကာယဉာဏနှင့် ဝီရိယစွမ်းအားအပါအဝင် စိတ်ဓာတ်ရေးရာ မြင့်မားအောင် ဆောင်ရွက်ခြင်းစသည်တို့လည်း ပါဝင်သည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူတိုင်း စာတတ်မြောက်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ပင် ဖြစ်သည်။ စာရေး၊ စာဖတ်တတ်မြောက်ပြီးမှသာ နောက်ထပ်လိုအပ်သော နည်းပညာနှင့် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများကို ဆက်လက် သင်ကြား သင်ယူမှု ပြုနိုင်မည်ဖြစ်သည်။ စာရေးစာဖတ် တတ်မြောက်ထားသည့်တိုင်အောင် နည်းပညာနှင့် ကျွမ်းကျင်မှုတို့ ကင်းမဲ့နေဦးမည်ဆိုပါက တန်ဖိုးမြင့်သည့် လူသားအရင်းအမြစ်များ ဖြစ်လာနိုင်ဦးမည် မဟုတ်သေးဘဲ နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းဆောင်ရည်ကင်းမဲ့နေမည်သာဖြစ်သည့်အလျောက် လူတိုင်းစာတတ်မြောက်ရန်နှင့် နည်းပညာကျွမ်းကျင်စေရန်တို့ကို ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းသဖွယ် ပေါင်းစပ်ပြည့်စုံနေရန် လိုအပ်မည်ဖြစ်သည်။

ယခုနှစ် လာမည့်စက်တင်ဘာလ ၈ ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ **(International Literacy Day)** ၏ ဆောင်ပုဒ်ကို **“Literacy and Skills Development”**- နည်းပညာကျွမ်းကျင်မှုဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးဆောင်ရွက်စို့ ဟူ၍ ယူနက်စကိုက ချမှတ်ပေးထားရာ စာတတ်မြောက်၍ အတတ်ပညာ နည်းပညာ ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်တို့ဖြင့် လူ့ဘောင်အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သွားနိုင်ရန် ရည်ရွယ်ရင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် သက်ကြီး လူဦးရေ ၇၇၄ သန်းသည် အနိမ့်ဆုံး စာတတ်မြောက်သည့် စွမ်းရည်မရှိသေးကြောင်း၊ ယင်းမှာ သက်ကြီးငါးဦးတွင် တစ်ဦးသည် စာတတ်မြောက်မှုမရှိသည့် အခြေအနေ ဖြစ်ကြောင်း ယူနက်စကိုက ထုတ်ပြန်ထားသည်။ မိမိတို့နိုင်ငံတွင်လည်း ကိုလိုနီလက်အောက် မကျရောက်မီက နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ စာတတ်မြောက်ခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ကြောင့် နိုင်ငံတွင် စာတတ်မြောက်မှုနှုန်း မြင့်မားခဲ့ပြီး အစဉ်အလာကိုယ်ကျင့်တရား၊ လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်သိက္ခာနှင့် လူမှုတန်ဖိုးတို့ကို မြှင့်တင်ထားနိုင်ခဲ့ကြသည်။ နယ်ချဲ့လက်အောက်ကျရောက်ခဲ့ပြီးနောက် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ် နိမ့်ကျမှုနှင့်အတူ နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာလည်း ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ရသည်။ နိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက်မှသာ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တို့က စာမတတ်သူပပျောက်ရေးကို အမျိုးသားရေး အသွင်ဖြင့် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်သည်။

မျက်မှောက်ကာလ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးတွင် အသက်မွေးဝမ်းကျောင်းပညာသည်လည်း အဓိကကျသည်ကို သိမြင်နားလည်လာကြပြီဖြစ်သည်။ ယင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ တက္ကသိုလ်များနှင့်တန်းတူ အဆင့်မြင့်ပညာရေးစနစ်မှာ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေကို တန်ဖိုးထားစေချင်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကျောင်းတွေဟာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ လိုအပ်တယ်၊ အင်မတန်တန်ဖိုးရှိပါတယ်။ ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်ဆုံးနိုင်ငံအချို့ဟာ အသက်မွေးဝမ်းကျောင်းပညာကို အင်မတန် အလေးထားပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ အားသာချက်က ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ အသက်မွေးဝမ်းကျောင်းပညာဘက်ကို ကျွန်မတို့ ပြည်သူ ပြည်သားများ၊ ကျောင်းသူ ကျောင်းသားတွေတင်မက ကျောင်းသူ ကျောင်းသားမိဘတွေဟာ အဲဒီဘက်ကိုလှည့်လာပြီး အသက်မွေးဝမ်းကျောင်း ပညာရဲ့တန်ဖိုးကို သိလာတာဟာ ကျွန်မတို့နိုင်ငံအတွက် အင်အားကြီးတစ်ခုပါပဲ။ ဒီအပေါ်မှာ ကျွန်မတို့ ဆောက်တည်ဖို့လိုပါတယ်” ဟု မကြာမီက ကျင်းပခဲ့သည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

စာတတ်မြောက်ရေးနှင့်အတူ ကျွမ်းကျင်မှုဆိုင်ရာများ သင်ကြားပေးခြင်း၊ မြှင့်တင်ပေးခြင်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံနေခြင်းပင် ဖြစ်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရောက် နိုင်ငံသူ နိုင်ငံသားတိုင်း နည်းပညာ၊ အတတ်ပညာများ တတ်မြောက်ကျွမ်းကျင်သည်နှင့်အမျှ နိုင်ငံ၏ လူသားအရင်းအမြစ်မှာ တန်ဖိုးမြင့်မားလာမည်ဖြစ်သည်။ တန်ဖိုးမြင့်မားသည့် လူသားအရင်းအမြစ်ကသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း။ ။

နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ စက်တင်ဘာ ၃

မော်လမြိုင် ချောင်းဆုံမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အ.လ.က-ခွဲ ဒေါင်းဥကျောင်းတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးနေမှုကို ပြည်နယ် လဝက ဦးစီးမှူး ဦးတင်ချယ်နှင့် ခရိုင် လဝက ဦးစီးမှူး ဦးကိုကိုလတ်တို့က ကြည့်ရှုအားပေးခဲ့ပြီး မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း အမှတ်စဉ် (၅) ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး သင်တန်းကျောင်းတွင် သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ကျောက်တံတားမြို့နယ် အမှတ် (၂၂/၂၄) ပန်းဆိုးတန်းရှိ တိုင်းဒေသကြီး သင်တန်းကျောင်း ခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဓာတ်ပုံကျွမ်းကျင် (၂) ဝန်ထမ်းများအား အရည်အသွေးမြင့် သတင်းရေးသားထုတ်ပြန်နိုင်ရေး၊ သတင်းအရင်းအမြစ်များရှာဖွေနိုင်ရေး၊ သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်များ လိုက်နာနိုင်ရေးတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူး (စီမံ) ဦးကျော်ဇင်စိုးက ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၃ ရက်မှ ၂၁ ရက် အထိ သုံးပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

ထင်သာမြင်သာ ပြုပြင်စရာ

လယ်ကိုင်းမြို့ဟောင်း ဘားဝပ်ကျောင်း၏ပြာသာဒ်ဆောင် ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းမြို့ဟောင်း၌ ရုပ်စုံကျောင်းများနှင့်အသွင်သဏ္ဌာန်ဆင်တူသည့် စေတဝန်ကျောင်းအမျိုးအစား ဘားဝပ်ဘုန်းကြီးကျောင်းတည်ရှိပြီး ကျောင်းတော်ကြီး၏ ပြာသာဒ်ဆောင်တိုင်များ၊ ကြမ်းခင်းနှင့် ပြာသာဒ်များမှာ ယိုင်နဲ့ပျက်စီးမှုများ ဖြစ်ပေါ်နေသည့်အတွက် ပြုပြင်မှုများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

“၂၀၁၆-၂၀၁၇ ခုနှစ်မှာ ယဉ်ကျေးမှုဦးစီးဌာနက ကျောင်းကြီးရဲ့အဆောင်တွေက ယိုင်နေတဲ့တိုင်တွေကို ပြန်မတ်ပေးထားပါတယ်။ လက်ရှိအခြေအနေကတော့ ကြမ်းခင်းတွေ သိပ်မကောင်းဘူး။ ပြာသာဒ်ဆောင် လုံးဝမပြင်ရသေးဘူး။ တိုင်အလုံးကြီး ၃၀ လောက် ယိုင်နေတာကို ပြန်မတ်ဖို့လိုနေပါတယ်။ အရန်တိုင်အလုံး ၂၀ လောက်ကိုလည်း ပြန်မတ်ရမယ်။ အပေါ်ကပြာသာဒ်ကလည်း ပြတ်ကျတော့မယ့် အနေအထားဖြစ်နေပါတယ်” ဟု ဒေသခံ ဦးဝင်းမြင့်က ပြောသည်။

မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် လယ်ကိုင်းမြို့အုပ်ကြီး ဦးအံထော်နီနှင့် ဇနီး ဒေါ်အံထော်နီတို့က ဒင်္ဂါးဆယ်တင်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဘားဝပ်ကျောင်းမှာ ကျောင်းတိုင်ပေါင်း ၁၆၅ တိုင်၊ ကျောင်းခန်းပေါင်း ၁၆၅ ခန်း၊ အရှေ့အနောက် အလျား ၁၂၈ ပေ၊ တောင်မြောက်အနံ ၆၇ ပေ၊ အမြင့် ၁၁၄ ဒသမ ၉ ပေ (မြေပြင်မှ အဆောင်မအထိ အမြင့် ၃၉ ဒသမ ၉ ပေ၊ ပြာသာဒ် အမြင့် ၇၅ ပေ)၊ လှေကားထစ် ၁၂ ထစ်ပါ လှေကား ခြောက်စင်း (တောင်ဘက်အရပ်၌ လှေသုံးစင်း၊ မြောက်ဘက်အရပ်၌ လှေကားသုံးစင်း) ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

“မြောက်ဘက်ကကြည့်ရင် ပိုဆိုးတယ်။ သွပ်အမိုးတွေက လုံးလုံးလန်ကုန်လို့လေ။ လုံးလုံးပျက်စီးသွားရင်တော့ ယဉ်ကျေးမှုအမွေအနှစ်က အလကားဖြစ်သွားမယ်”ဟု ဒေသခံ ကိုဝင်းလှိုင်က ပြောသည်။

ဇေယျတု(မကွေး)

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီစည်းဝေး

ကန်ပက်လက် စက်တင်ဘာ ၃ - ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်တွင် ပြုလုပ်သည့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ နောက်ဆုံးပတ်က မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးမြမောင်းက ကြားဖြတ်ရွေးကောက်ပွဲတွင် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီမှ တာဝန်ရှိသူများက ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများက လိုအပ်ချက်များ တင်ပြဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တရားမအထူးအယူခံမှု (၇) မှုကို စီရင်ချက်ချမှတ် (၁၇) မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု(၇)မှုကို စီရင်ချက်ချမှတ်၍ တရားမအထူးအယူခံမှု (၁၇)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့်အဖွဲ့ (၃၉)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၃

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၃ ရက်မှ ၇ ရက်ထိ ကျင်းပမည့် (၃၉)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (39th AIPA General Assembly) သို့ တက်ရောက်ရန် ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးဇော်သိန်း၊ ဒေါ်စုစုလွင်၊ ဒေါက်တာသန်းဝင်း၊ ဦးအောင်ကြည်ညွန့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်အား ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်ကို ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ နိုင်ငံရေးသိပ္ပံဘွဲ့ကို လည်းကောင်း၊ အမေရိကန်နိုင်ငံ၊ အိုဟိုင်ရိုး(Ohio)တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး (မဟာဘွဲ့)ကို လည်းကောင်း ရရှိခဲ့ပါသည်။

မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ် သည် ၁၉၈၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ယင်းဝန်ကြီးဌာန၌ ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရကာ ဘရပ်ဆဲလ်မြို့ ထိုင်းနိုင်ငံသံရုံး၊ ဂျီနီဗာမြို့ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ထိုင်းနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ဟောင်ကောင်မြို့နှင့် ကွမ်ကျိုးမြို့ ထိုင်းနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် ၂၀၁၅ ခုနှစ်မှစတင်၍ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်သည်။

မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃

(၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အမှတ်(၁)ရပ်ကွက်ရှိ သာသနဉ္စဗိမာန် ဘုရားဝင်း၌ လည်းကောင်း၊ စက်တင်ဘာ ၁ ရက် နံနက် ၆ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက်ရှိ ရွှေညောင်ပင်ပရိယတ္တိ ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၈ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ မိုးကောင်းဘုရား ဘုရားကုန်း၌ လည်းကောင်း၊ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့အမှတ်(၂) ရပ်ကွက်ရှိ ရွှေဘုန်းတေဇာ ဘုရားဝင်းအတွင်း၌ လည်းကောင်း။

ထို့အတူ မင်းလှမြို့မင်းလှမြောက်ရပ်ကွက်ရှိ ရတနာကံကျောင်း ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကြို့ပင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့များက အမှိုက်များအား ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၁၈- ၂၀၁၉ ပညာသင်နှစ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူ

နေပြည်တော် စက်တင်ဘာ ၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၆)ခုတို့မှ ၂၀၁၈-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို စက်တင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်း နှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ စီမံချက်၏ဒေသတွင်း ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၃

မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ စီမံချက်၏ ဒေသတွင်း ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Summit Parkview Hotel တွင် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန်က မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများအနေဖြင့် ပဋိဇီဝဆေး ယဉ်ပါးမှုဆိုင်ရာ တူညီသောပြဿနာနှင့် စိန်ခေါ်မှုများကို အတူပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ပဋိဇီဝဆေးများကို လူ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် မဆင်မခြင်အသုံးပြုရာမှ ဖြစ်လာသော ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ ပြဿနာကို အသိပညာပေးခြင်း၊ စောင့်ကြည့်ကြပ်မတ် စစ်ဆေးခြင်း၊ စနစ်တကျအသုံးပြုစေခြင်း၊ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းနှင့် သုတေသနလုပ်ခြင်းစသည့် နည်းဗျူဟာများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဦးဆောင်ကာ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေး ကော်မတီကို ဇန်နဝါရီလမှ စတင်ဖွဲ့စည်း ဆောင်ရွက်နေပါကြောင်း၊ (National Multi – sectorial Steering Committee for combating AMR (NMSC)၊ နိုင်ငံအတွင်း ပဋိဇီဝဆေး ယဉ်ပါးမှု တိုက်ဖျက်ရေးညှိနှိုင်းမှုဗဟိုဌာနကို အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲဌာနတွင် ထားရှိကာ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးများကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လအတွင်း၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော

နည်းပညာများကို လက်တွေ့အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေ ကိုယ်စားလှယ် Dr. Stephan Paul Jost က အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ စီမံချက်၏ ဒေသတွင်း ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေး နည်းဗျူဟာများ၊ နိုင်ငံအလိုက် ဦးစားပေးဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့် ဆက်စပ်အဖွဲ့အစည်းများအတွင်း ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အတည်ပြုချက်ရယူကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အပူပိုင်းဒေသ သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်-ကံပြား-မကွေး ကားလမ်း၊ မိုင်တိုင်အမှတ် (၃၆)အနီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြို့သစ် ကြိုးဝိုင်း၊ အကွက်အမှတ် (၅)အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စမ်းသပ်စိုက်ခင်းတစ်ခုဖြစ်သည့် စိုက်ခင်းအမှတ် (၂/၂၀၁၈) အခြားစိုက်ခင်း (၂၀)ကေသို့ ရောက်ရှိစစ်ဆေးခဲ့ရာ တာဝန်ရှိသူများမှ စိုက်ခင်းအတွင်း ရှား၊ စစ်၊ ကျွန်းနှင့် လျှော်ဖြူ သစ်မျိုး(၄)မျိုး ရောနှောစိုက်ပျိုးထားသည့် ပုံစံအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ခင်းအောင်မြင်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ထို့နောက် စိုက်ခင်းအတွင်း သီးသန့်စမ်းသပ်စိုက်ပျိုးထားသော အာကေးရှား စပ်မျိုး (Acacia Hybrid) အပင်များအားလည်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်ကြိုးဝိုင်း၊ အကွက်အမှတ် (၅) အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ် မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးထားသည့် အာကေးရှားစပ်မျိုး (Acacia Hybrid) စမ်းသပ်စိုက်ကွက်နှင့် ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း ဧက (၁၅၀) အတွင်း Group Planting နည်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားသော စိုက်ကွက်အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ နေပြည်တော်-ကံပြား-မကွေး ကားလမ်း၊ မိုင်တိုင်အမှတ်(၂၈) အနီး ငမင်ကြိုးဝိုင်း၊ အကွက်အမှတ် (၂၁၇) အတွင်း သစ်တောဦးစီးဌာနမှ ၂၀၁၇ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ထားရှိသော (၁/၂၀၁၇) စီးပွားရေး ကျွန်းစိုက်ခင်းဧက ၂၅၀ ရှင်သန်အောင်မြင်မှုများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်-ကံပြား-မကွေးကားလမ်း၊ မိုင်တိုင်အမှတ် (၂၆/၆)နှင့် (၂၈/၂) ကြား သစ်တောဦးစီးဌာနမှ ၂၀၁၇ ခုနှစ် မိုးရာသီတွင် ငမင်ကြိုးဝိုင်း၊ အကွက်အမှတ် ၂၁၈ နှင့် ၂၁၆ အတွင်း စိုက်ပျိုးတည်ထောင်ထားရှိသည့် တရုတ် - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ငမင်သစ်မျိုးစုံစိုက်ခင်း ဧက ၁၀၀ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်-မကွေး(ကံပြားလမ်း) မိုင်တိုင်အမှတ် (၃/၀) အနီး ၂၀၁၆ ခုနှစ်မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပပြုလုပ်ခဲ့သည့် နေရာသို့ရောက်ရှိစစ်ဆေးခဲ့ပြီး စိုက်ခင်းအတွင်း သေပင်များ ပြန်လည်ဖာထေးစိုက်ပျိုးရန်၊ ပေါင်းရှင်းခြင်းနှင့် မြေဆွခြင်းများ ဆောင်ရွက်ရန်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ၌ ရွှေအိုရောင်စာကြည့်တိုက်နှင့် Open Campus ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

ရွှေအိုရောင် ပရဟိတအသင်းနှင့် အမှတ်(၂)ဒေသကောလိပ် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ကျောင်းသား ကျောင်းသူများက လှူဒါန်းသော ရွှေအိုရောင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကား ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားရာတွင် တက္ကသိုလ်များ၏ ဦးနှောက်သည် စာကြည့်တိုက်များပင် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေနိုင်ရေး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာရေးစနစ်ကြီး၏ အဓိက အသက်ဝိညာဉ်သည် သင်ယူခြင်း(Learning) ပင်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည်လည်း ထာဝရသင်ယူသူများဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား လက်တွေ့နှင့်နီးစပ်သော သင်ကြားသင်ယူမှုများပေးနိုင်ရန် အကိုးအကားပြုနိုင်သည့်နေရာသည် စာကြည့်တိုက်များပင် ဖြစ်ပါကြောင်း။

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်ကို များများအသုံးပြုပြီး စာသင်ခန်းထဲတွင် ဘာသာရပ်၏ အရည်အသွေးမြင့်မားရေးနှင့် ဘွဲ့ရပြီးသည့်အခါတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်များအဖြစ် စာကြည့်တိုက်များသည် အကျိုးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယင်းကဲ့သို့ လက်တွေ့ကျသော လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် လက်တွေ့လုပ်ငန်းခွင်နှင့် ကိုက်ညီပြီး အကျိုးရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အလှူရှင်များနှင့် တာဝန်ရှိသူများအားလုံးကိုလည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်မှ စာအုပ်များသည် အများပိုင်ဖြစ်သည့်အတွက် အားလုံးက ရိုရိုသေသေဖြင့် တန်ဖိုးထားလေးစားစွာ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ကျေးဇူးတင်စကားပြောကြားပြီး ရွှေအိုရောင် ပရဟိတအသင်းဥက္ကဋ္ဌ ဦးစိုးသိန်းက စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ရွှေအိုရောင် ပရဟိတအသင်းမှ တာဝန်ရှိသူများကပေးအပ်သည့် စာကြည့်တိုက်တည်ဆောက်မှု မှတ်တမ်းစာရွက်စာတမ်းများအား လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်က စာကြည့်တိုက်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) Rebirth Art Club မှ ကျောင်းသား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ရွှေအိုရောင် စာကြည့်တိုက်ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်နယ်မြေရှိ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်တွင် ကျင်းပသည့် Open Campus ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ကြပြီး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုများကို သုတေသနပြုလုပ်မည့် သုတေသနရေယာဉ်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

မြန်မာ့ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုများကို သုတေသနပြုလုပ်ရန် နော်ဝေနိုင်ငံမှ သုတေသနပြုလုပ်မည့် DR. FRIDTJOF NANSEN သုတေသန ရေယာဉ်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ သုတေသနရေယာဉ်သည် ရန်ကုန်မြို့ မြန်မာ့စက်မှုဆိပ်ကမ်းသို့ ဩဂုတ်လစတုတ္ထပတ်က ရောက်ရှိလာရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆိုခဲ့ပြီး ပင်လယ်ပြင်သုတေသန ခရီးစဉ်၏ ပထမပိုင်းအနေဖြင့် ရခိုင်ငါးဖမ်းကွက်ရေပြင်တို့တွင် သုတေသနပြု လိုက်ပါဆောင်ရွက်မည့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ပြည်ပသုတေသနပညာရှင်များ၊ ပြည်တွင်း ပညာရှင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပင်လယ်ပြင် သုတေသနခရီးစဉ်၏ ဒုတိယပိုင်းအနေဖြင့် လာမည့် စက်တင်ဘာလ ၁၄ ရက် မှ ၂၉ ရက်နေ့အထိ တနင်္သာရီရေပြင်အတွင်း ဆောင်ရွက်မည်ဖြစ်ပြီး ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ယင်း သုတေသနရေယာဉ်သည် မြန်မာ့ရေပိုင်နက်အတွင်း ၁၉၇၉ ခုနှစ်တွင် (ပထမ) အကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (ဒုတိယ) အကြိမ်၊ ၂၀၁၅ ခုနှစ်တွင် (တတိယ)အကြိမ်အဖြစ် သုတေသနပြုဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် (စတုတ္ထ) အကြိမ်အဖြစ် ငါးသယံဇာတတည်ရှိမှုနှင့် ရေငန်ဂေဟဆိုင်ရာ အချက်အလက်များကို ယခင်နှစ်များကဲ့သို့ သုတေသနပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ ရေယာဉ်သည် ငါးသယံဇာတတည်ရှိမှုပမာဏနှင့် ငါးအမျိုးအစား ခွဲခြားသတ်မှတ်လေ့လာခြင်း၊ ငါးဥနှင့် ငါးသားလောင်းများ ပျံ့နှံ့တည်ရှိမှုနှင့် ပင်လယ်ပြင်အတွင်း Micro Plastic ပါဝင်နေမှု အခြေအနေများကိုပါ အသစ်ထပ်မံ၍ သုတေသနပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ၊ လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိလာမည် ဖြစ်ကြောင်း သိရသည်။

ဇူလိုင်မိုး(မြန်မာ့အလင်း)

ငါးသယံဇာတတည်ရှိမှု သုတေသနပြုလုပ်မည့် နော်ဝေနိုင်ငံမှ DR. FRIDTJOF NANSEN သုတေသနရေယာဉ်။

ရေဘေးသင့်ဒေသ အမြန်ပြန်လည်ထူထောင်နိုင်ရန် သွပ်နှင့် ငွေများထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၃

ရေတာရှည်မြို့နယ်အတွင်းမှ ရေဘေးသင့်နေအိမ်များ အမြန်ပြန်လည်ထူထောင်နိုင်ရေးအတွက် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက အမိုးသွပ်နှင့် ငွေကြေးများ သွားရောက်ထောက်ပံ့သည်။ **(ယာပုံ)**

ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါက်ပြီး ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၈ စု၊ ကျေးရွာ ၈၅ ရွာမှ ပြိုကျမျောပါခဲ့သော နေအိမ် ၁၈၅ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၃၂၂ လုံး၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်းတို့အတွက် ငွေကျပ် ၈၂၂၆၀၀၀၀ နှင့် ငွေကျပ် ၁၇၅၇၅၀၀၀ တန်ဖိုးရှိ သွပ် ၄၆၂၅ ချပ်၊ သေဆုံးသူ ငါးဦးအတွက် ငွေကျပ် ၁၅၀၀၀၀၀၊ ငွေကျပ် ၇၄၂၁၄၆၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဘေးသင့်လူဦးရေ ၃၂၇၈၁ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၆၈၉၄၀၁၀၀ စုစုပေါင်း ငွေကျပ် ၁၇၇၅၉၆၅၆၀ ကို ကနဦး ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား သေဆုံးသူ ငါးဦးအတွက် ငွေကျပ် ၅၀၀၀၀၀ နှင့် ဝဋ္ဋေကျော်ဖောင်ဒေးရှင်းက ငွေကျပ် ၅၀၀၀၀၀ စီ ထောက်ပံ့ခဲ့သည်။

ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံဖြစ်ပွားပြီး လိုအပ်သော ပြန်လည်ထူထောင်ရေးများ အမြန်ဆောင်ရွက်ရန် ယနေ့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး လိုအပ်သော ထောက်ပံ့ကူညီမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ-(၁) ဦးခင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ရေတာရှည်မြို့နယ် ဆွာဒေသရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ တစ်ရက်တာနေ့တွက်စရိတ် လှူဒါန်းငွေနှင့် မန်းအောင်ငြိမ်း ဖောင်ဒေးရှင်းမှ အလှူငွေကျပ်သိန်း ၂၀ တို့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေဈေးရောင်းပွဲတော် မြိတ်မြို့၌ ကျင်းပ

မြိတ် စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သာကေတရပ်ကွက် ကမ်းနားလမ်း မြိတ်ကုန်တိုက်ဈေးဝယ်စင်တာဝင်းအတွင်း၌ စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် ရည်ရွယ်၍ မြိတ်မြို့ပေါ်ရှိ ပရဟိတလူငယ်အဖွဲ့များစုပေါင်းကာ စားဖွယ်စုံ ဈေးရောင်းပွဲတော် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းရန်ပုံငွေ ဈေးရောင်းပွဲတော်တွင် မြိတ်ဒေသထွက် အစားအသောက်များဖြစ်သည့် အသုပ်မျိုးစုံ၊ အကင်မျိုးစုံ၊ အကြော်မျိုးစုံနှင့် သစ်သီးဖျော်ရည်မျိုးစုံများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"တနင်္သာရီမြို့နယ် အတွင်းရှိ ကျေးရွာတွေက ရေဘေးသင့်ပြည်သူတွေရဲ့ လိုအပ်ချက်များကို ဒီဈေးရောင်းပွဲတော်က ရရှိတဲ့ငွေနဲ့ သွားရောက်လှူဒါန်းသွားပါမယ်။ ဒီဈေးရောင်းပွဲတော်ကို မတည်အလှူရှင်တွေရဲ့ ငွေနဲ့ ကျင်းပတာဖြစ်ပြီး ရရှိလာတဲ့ အကျိုးအမြတ်တွေကို တနင်္သာရီမြို့နယ်ရှိ ကျေးရွာတွေကို သွားပြီး ထောက်ပံ့ဖို့၊ လိုအပ်တာတွေကို လှူဒါန်းပေးသွားပါမယ်" ဟု ပရဟိတအကျိုးဆောင် စေတနာရှင် လူငယ်များအဖွဲ့ခေါင်းဆောင် ကိုသက်အောင်က ပြောသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို မွန်းတည့် ၁၂ နာရီမှ ည ၉ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ရောင်းချလျက်ရှိသော စားသောက်ဖွယ်များကို တစ်မျိုးလျှင် ဈေးအနည်းဆုံး ငွေကျပ် ၅၀၀ နှင့် အမြင့်ဆုံးငွေကျပ် ၇၀၀၀ အထိရှိကြောင်း အရောင်းဆိုင်များထံမှ သိရသည်။

ဆက်လက်၍ ရန်ပုံငွေ ဈေးရောင်းပွဲတော်သို့ လာရောက်ဝယ်ယူအားပေးကြသူများနှင့် ဒေသခံပြည်သူများကို တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်းနှင့် ရန်ပုံငွေဈေးရောင်းပွဲတော်မှ ရောင်းချရရှိသည့် ငွေများကို တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာ ၂၀ ကျော်ရှိ ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် ပရဟိတအဖွဲ့များက စုပေါင်း၍ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးအတွက် တွေ့ဆုံပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၃

ပဲခူးမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးဆိုင်ရာ တွေ့ဆုံပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး / ခရိုင် / မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲမှုအနေဖြင့် (Democrative Culture) ကို ရှေးရှုဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်သမ္မတကြီးကလည်း ပြုပြင်ပြောင်းလဲရေးကာလမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍများနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ အသေးစိတ်ညွှန်ကြားထားရှိပြီဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာ၌ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍတို့တွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ပြည်သူ့ဝန်ထမ်းများပီပီ ခေတ်စနစ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးရှေးရှုပြီး အားကြိုးမာန်တက် တက်ညီလက်ညီ စနစ်တကျလုပ်ကိုင်ကြရမှာဖြစ်ကြောင်း၊ ဒေသတစ်ခု တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိမှာဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် လုပ်ထုံး လုပ်နည်းများအရ ကွဲပြားနေသော်လည်း အားလုံးဘုံရည်မှန်းချက်သည် ဒေသတည်ငြိမ်အေးချမ်းပြီး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့အခန်းကဏ္ဍအလိုက် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

သန့်စင် (ပဲခူး)

လေးလအတွင်း ပြည်ပကုန်သွယ်မှု မြင့်တက်

ရှင်မင်းအုံ့ (တန့်ဆည်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ **ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားအကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ရန်** မျှော်မှန်းချက် (Vision) ချမှတ်ကာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့် ကုန်သွယ်ရေးကဏ္ဍရဲ့လုပ်ငန်းစဉ်တွေကို ချိတ်ဆက်ပြီး လုပ်ငန်းစဉ် (၂၆) ရပ်ကို ကဏ္ဍကြီး (၆) ရပ်ဖြစ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး (Trade Promotion)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှု ပညာပေးရေး(Trade Education) နဲ့ စားသုံးသူ အကာအကွယ်ပေးရေး (Consumer Protection) တို့ကို ဟန်ချက်ညီညီနဲ့ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိနေပါတယ်။ သို့အတွက် နှစ်စဉ် ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် မြန်မာ့ကုန်သွယ်မှုသမိုင်းတစ်လျှောက် ကုန်သွယ်မှုပမဏ အများဆုံးဆောင်ရွက်နိုင်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့သလို ဆက်လက်ပြီး ၂၀၁၈ ခုနှစ် (Mini Budget) တွင်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဘက်စုံကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိပါတယ်။

ယခု ၂၀၁၈ ခုနှစ် Mini Budget တွင် ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ ၃ ရက်အထိ လေးလအတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ပထမ လေးလအတွင်း ကုန်သွယ်မှုပမာဏ လျာထားချက်သည် အမေရိကန်ဒေါ်လာ ၉ ဒသမ ဝ၃ ဘီလီယံဖြစ်သဖြင့် လျာထားချက် ပြည့်မီရုံမျှမက ကျော်လွန်ကာ ၁၃၃ % ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုနှစ် ပထမလေးလအတွင်း ကာလမှာ ဆောင်ရွက်နိုင်သော ကုန်သွယ်မှုပမာဏသည် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရသည့်အတွက် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် ယခင်နှစ်ထက်ပင် ယခုနှစ် ကုန်သွယ်မှုပမာဏဟာ ပိုမိုလျက်ရှိတာကို တွေ့ရပါတယ်။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် ယခုနှစ်မှာလည်း ကုန်သွယ်မှုဟာ အရှိန်အဟုန်ကောင်းစွာနဲ့ ဆက်လက်တိုးတက်လျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃ ရက်အထိ) ပို့ကုန်တင်ပို့နိုင်မှုကိုကြည့်ရင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၉ ဘီလီယံရှိပြီး ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၁၃၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့တယ်ဆိုတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှု၌ ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ) အတွင်း အမေရိကန်ဒေါ်လာ ၁၀၈ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်ကာလတူတွင် အမေရိကန်ဒေါ်လာ ၄ သန်းသာ တင်ပို့နိုင်ခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၁၀၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၉-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) ဖြင့် ကျွဲ၊ နွား အရှင်များ တင်ပို့ခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုတွင် ယခင်နှစ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး တိရစ္ဆာန်အရှင် တင်ပို့မှုအနေဖြင့် နွားအရှင် ၆၇၇၆၄ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁ သန်း၊ ကျွဲအရှင် ၁၂၂၉၈ ကောင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ သန်း စုစုပေါင်း ကျွဲ၊ နွားကောင်ရေ ၈၀၀၆၂ ကောင် တန်ဖိုး အမေရိကန်ဒေါ်လာ ၉၇ သန်းနှင့် ဆိတ်အရှင် ၃၅၄၆၀ ကောင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၈ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ရေထွက်ပစ္စည်းတင်ပို့မှုတွင်လည်း ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃ရက်ထိ) အတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၈ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ယခုဘဏ္ဍာနှစ် ရေထွက်ပစ္စည်းတင်ပို့မှု ပိုမိုတိုးတက်လာနိုင်ကြောင်း သုံးသပ်ရရှိပါတယ်။

သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ) အတွင်း သတ္တုတွင်းထွက်ပစ္စည်း

တန်ဖိုး- ဒေါ်လာသန်းပေါင်း

စဉ်	အကြောင်းအရာ	၂၀၁၈ (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ) (ယာယီ)	၂၀၁၇ (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ)	နှိုင်းယှဉ်ချက် (+)/(-)
၁	လယ်ယာထွက်ပစ္စည်း	၉၅၀.၂၉၈	၁၁၀၄.၅၈၃	-၁၅၄.၂၈၅
၂	တိရစ္ဆာန်ထွက်ပစ္စည်း	၁၀၈.၅၄၅	၄.၅၁၈	၁၀၄.၀၂၇
၃	ရေထွက်ပစ္စည်း	၁၉၈.၇၇၁	၁၇၈.၁၉၃	၂၀.၅၇၈
၄	သတ္တုတွင်းထွက်ပစ္စည်း	၆၆၄.၉၈၄	၃၆၃.၅၈၈	၃၀၁.၃၉၆
၅	သစ်တောထွက်ပစ္စည်း	၆၃.၇၅၉	၇၉.၅၆၅	-၁၅.၈၀၆
၆	စက်မှုကုန်ချောပစ္စည်း	၃၀၇၂.၄၆၁	၂၂၀၄.၇၃၂	၈၆၇.၇၂၉
၇	အခြားပစ္စည်းများ	၆၃၃.၆၈၉	၆၂၂.၄၉၁	၁၁.၁၉၈
	စုစုပေါင်း	**၅၆၉၂.၅၀၇**	**၄၅၅၇.၆၇၀**	**၁၁၃၄.၈၃၇**

စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆၅ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၃၀၁ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သတ္တုနှင့် သတ္တုရိုင်းများ တင်ပို့မှု တန်ချိန် ၈၆၃၉၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၇၀ တင်ပို့နိုင်ပြီး ယခင်နှစ် ကာလတူထက် အမေရိကန် ဒေါ်လာ ၆၆ သန်းနှင့် ကျောက်စိမ်းတင်ပို့မှု တန်ချိန် ၁၁၄၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၂ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၃၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ) အတွင်း ပို့ကုန်တင်ပို့မှုတွင် စက်မှုကုန်ချောပစ္စည်းအုပ်စုမှ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈၄ သန်းဖြင့် တင်ပို့မှု တန်ဖိုး အများဆုံးဖြစ်ပြီး ယခင်ကာလတူထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၄ သန်း ပိုမိုတင်ပို့ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့သည် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈၇ သန်းဖြင့် တင်ပို့မှုတန်ဖိုး ဒုတိယအများဆုံးနေရာတွင် ရှိနေပြီး ယခင်နှစ် ကာလတူထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၇၇ သန်း လျော့နည်းတင်ပို့နိုင်ခဲ့ပါတယ်။

သွင်းကုန်တင်သွင်းမှုအနေနဲ့ကတော့ ၂၀၁၈ ခုနှစ် (ဧပြီလ မှ ဩဂုတ်လ ၃ ရက်ထိ) ပထမ လေးလကာလအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅ ဘီလီယံ တင်သွင်းနိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၂၈၇ သန်းကျော် ပိုမိုခဲ့ကြောင်း တွေ့ရှိရပါတယ်။

ပြည်ပသွင်းကုန်ပစ္စည်းများအုပ်စုအလိုက် တင်သွင်းမှုကို ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်-

တန်ဖိုး- ဒေါ်လာသန်းပေါင်း

စဉ်	အကြောင်းအရာ	၂၀၁၈ (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ) (ယာယီ)	၂၀၁၇ (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ)	နှိုင်းယှဉ်ချက် (+)/(-)
၁	ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ	၂၃၅၅.၇၆၇	၂၃၀၀.၈၅၆	၅၄.၉၁၁
၂	လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ	၂၅၉၃.၂၂၆	၂၄၉၅.၄၈၈	၉၇.၇၃၈
၃	လူသုံးကုန်ပစ္စည်းများ	၁၆၉၈.၄၆၈	၁၅၆၃.၄၄၁	၁၃၅.၀၂၇
	စုစုပေါင်း	**၆၆၄၇.၄၆၀**	**၆၃၅၉.၇၈၅**	**၂၈၇.၆၇၆**

၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃ ရက်ထိ) အတွင်း အဓိကသွင်းကုန်ပစ္စည်းများမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုမှ စက်နှင့် စက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၃၅ သန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ အမေရိကန် ဒေါ်လာ ၄၀၇ သန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ အမေရိကန်ဒေါ်လာ ၃၇၅ သန်း၊ သင်္ဘောနှင့် သင်္ဘောပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၉၉ သန်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုမှ ရေနံထွက်ပစ္စည်း အမေရိကန် ဒေါ်လာ ၁၃၀၆ သန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၂၅၁ သန်း၊ သံနှင့် သံမဏိပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၆၄ သန်း၊ ဓာတ်မြေဩဇာ အမေရိကန် ဒေါ်လာ ၁၄၆ သန်းနှင့် လူသုံးကုန်ပစ္စည်းအုပ်စုမှ ချည်ထည်များ အမေရိကန်ဒေါ်လာ ၃၂၉ သန်း၊ ဆေးဝါးပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၈၈ သန်းနှင့် စားအုန်းဆီ အမေရိကန် ဒေါ်လာ ၁၆၄ သန်းတို့ဖြင့် အဓိက အများဆုံး တင်သွင်းလျက် ရှိပါတယ်။

ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်သုံးဆီအပါအဝင် ရေနံထွက်ပစ္စည်း၊ စက်နှင့် စက်ပစ္စည်းများ၊ ကုန်ကြမ်းနှင့် စိုက်ပျိုးရေးသွင်းအားစု၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလာသည်ကို ကြည့်ခြင်းအားဖြင့် မိမိနိုင်ငံတွင်းရှိ ပြည်ပကုန်ကြမ်း အသုံးပြုထုတ်လုပ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အသေးစား/အလတ်စား SMEs လုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများနှင့် ပင်မစိုက်ပျိုးရေးနယ်ပယ်များ၌ လုပ်ငန်းများ ကောင်းစွာ လည်ပတ်လုပ်ကိုင်လျက်ရှိတာကို သိရှိနိုင်မှာပဲ ဖြစ်ပါတယ်။

လက်ရှိကာလအတွင်း ကမ္ဘာ့အင်အားကြီးနိုင်ငံများရဲ့ နိုင်ငံရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အပြောင်းအလဲများကြောင့် အမေရိကန်ဒေါ်လာသည် ငွေတန်ဖိုး ပိုမိုခိုင်မာလာပြီး နိုင်ငံခြားငွေလဲလှယ်မှုဈေးနှုန်းသည်လည်း အတက်ဘက်သို့ ဦးတည်လျက်ရှိပါတယ်။ နိုင်ငံခြားငွေ လဲလှယ်နှုန်း ပြောင်းလဲလာသည်နှင့်အမျှ ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့် ဆက်စပ်သည့် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုပါ လိုက်ပါပြောင်းလဲစေပါတယ်။ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းကာလများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သော ငွေလဲနှုန်းများအရ တစ်ဒေါ်လာလျှင် ကျပ် ၁၃၃၀ ဝန်းကျင်မှ ၁၃၃၅ ကျပ် ဝန်းကျင်၌ ရှိခဲ့ပြီး ဧပြီလတွင် ကျပ် ၁၃၄၀ ဝန်းကျင်၊ မေလတွင် ၁၃၅၅ ကျပ် ဝန်းကျင်၊ ဇွန်လတွင် ၁၄၀၅ ကျပ် ဝန်းကျင်ဖြင့် တဖြည်းဖြည်း မြင့်တက်လာခဲ့ရာမှ ဇူလိုင်လတွင် ၁၄၂၉ ကျပ်၊ ဩဂုတ်လတွင် ၁၄၃၁ ကျပ်ထိ မြင့်တက်ခဲ့ပြီး ဩဂုတ်လကုန်မှာ ကျပ် ၁၅၀၀ ကျော်ထိ ဖြစ်ခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ ငွေလဲနှုန်းဈေးတက်ခြင်းကြောင့် ပို့ကုန်ကဏ္ဍတွင် ပို့ကုန်တင်ပို့သူများအနေဖြင့် အကျိုးအမြတ် အသာစီး ပိုမိုရရှိနိုင်တဲ့အတွက် မိမိတို့ရဲ့ပို့ကုန်များကို အရည်အသွေးမြှင့်၍ ပိုမိုထုတ်လုပ်ခြင်း၊ ပို့ကုန်အမယ်သစ်များ ရှာဖွေ၍ ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်ကဏ္ဍ၌ အသာစီးရနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်နှင့် ပဲအမျိုးမျိုးအပါအဝင် မြန်မာ့ပို့ကုန်များအား နိုင်ငံတကာဈေးကွက်၌ ပိုမိုကျယ်ပြန့်စွာ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ထုတ်လုပ်မှု နည်းပညာအပိုင်း၊ အရည်အသွေးပိုင်း၊ ထုပ်ပိုးမှုအပိုင်း စတာတွေမှာ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပြီး ဈေးကွက်သစ်များ ရရှိရေးအတွက်လည်း အစိုးရ/ပုဂ္ဂလိကပိုင်းမှ တာဝန်ရှိသူ အားလုံးက ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုပမာဏ တိုးတက်စေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်လည်း ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်တဲ့ (Negative List) ကုန်ပစ္စည်းအမယ် HS Code လိုင်းများအား ဖြေလျှော့ပေးခြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်များအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်း၊ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်ထားတဲ့ အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကိုလည်း စည်းကမ်းသတ်မှတ်ချက်နဲ့အညီ တင်ပို့တင်သွင်းခွင့်ပြုခြင်း၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများအား ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးစက်ကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်း ကုန်သွယ်ခွင့်ပြုခြင်း၊ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ/လက်ကား ရောင်းချခွင့်ပြုခြင်းများကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါတယ်။

လိုင်စင်လျှောက်ထားရန်လိုအပ်တဲ့ ကုန်ပစ္စည်းအမယ်များ (Negative List) ကိုလည်း HS Code လိုင်း ပို့ကုန် ၃၃၄၅ လိုင်းနဲ့ သွင်းကုန် ၄၈၁၈ လိုင်းအထိ လျှော့ချသတ်မှတ်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ကုန်စည် HS Code လိုင်း ၁၂၄ လိုင်းကိုလည်း ရုံးဌာနကို လာရောက်ရန်မလိုဘဲ အွန်လိုင်းကနေ လျှောက်ထားထုတ်ယူနိုင်အောင် ဆောင်ရွက်ပေးခဲ့ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများအတွက် MPU စနစ်ဖြင့် ပေးသွင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ရုံးချုပ်/နယ်စပ် ပို့ကုန်သွင်းကုန်လိုင်စင် ပါမစ်များကိုပါ လျှောက်ထားထုတ်ယူနိုင်ရေး၊ ပို့ကုန်သွင်းကုန် ကုမ္ပဏီမှတ်ပုံတင် လျှောက်ထားထုတ်ယူမှု၊ ပင်ရင်းသက်သေခံလက်မှတ် ထုတ်ပေးမှုစနစ် EU သို့ တင်ပို့သော ကုန်စည်များအတွက် တင်ပို့သူ မှတ်ပုံတင်စနစ် (Register Exporter System) စတဲ့ လုပ်ငန်းစဉ်တွေ အားလုံးကိုပါ ဌာနသို့လာရောက်ရန်မလိုဘဲ အီလက်ထရွန်နစ်အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်အောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုလို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံအား တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် **"ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"** ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီတွင် ဒုတိယသမ္မတမှ (ဉက္ကဋ္ဌ) အဖြစ် လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဉက္ကဋ္ဌအဖြစ် လည်းကောင်းပါဝင်ပြီး အခြားဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ တွေ့ဆုံပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့တာကြောင့် ယခုကဲ့သို့ အောင်မြင်တိုးတက် မြင့်မားလာတာ ဖြစ်ပါတယ်။ ဒုတိယသမ္မတ (၁) ဦးစီးသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် လစဉ် ပုံမှန်တွေ့ဆုံညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးခဲ့တာ (၁၈) ကြိမ်မြောက်ထိ ရောက်ရှိခဲ့ပြီး ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များ၏ တင်ပြချက်ပေါင်း ၂၅၀ ခန့်ကိုလည်း ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများဟာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူဖြစ်စေပါတယ်။

စာမျက်နှာ ၇ သို့

"ယခု ၂၀၁၈ ခုနှစ် Mini Budget တွင် ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ ၃ ရက်အထိ လေးလအတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ပထမ လေးလ အတွင်း ကုန်သွယ်မှုပမာဏ လျာထားချက်သည် အမေရိကန်ဒေါ်လာ ၉ ဒသမ ဝ၃ ဘီလီယံဖြစ်သဖြင့် လျာထားချက် ပြည့်မီရုံမျှမက ကျော်လွန်ကာ ၁၃၃ % ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရ"

❑ *ရှေ့ဖုံးမှ*

ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်က ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက် ခုနစ်ချက်ဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ပြန်လည်ပေးပို့လာပါကြောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ဒုတိယဝန်ကြီးက လွှတ်တော်သို့တင်သွင်းရာတွင် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကို ၂၀၁၆ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိရာမှ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲသတ်မှတ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုခဲ့ပါကြောင်း။

ယင်းသို့ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းကြောင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပါ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ ဇ ကို "ဘဏ္ဍာရေးနှစ်ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက်တွင်စ၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်"ဟု အစားထိုးရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေတွင် ဖော်ပြထားသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်မည် ဖြစ်ပါကြောင်း တင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးစတီဖန်က ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်း လုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ကြသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှဒေါ်ယဉ်မင်းလှိုင်က မြစ်သာရေလှောင်တမံ စီမံကိန်းသည် ၂၀၀၂ ခုနှစ်တွင် စီမံကိန်း ကုန်ကျစရိတ် ခန့်မှန်းခြေတန်ဖိုး ၅၅ ဒသမ ၁၈၂ ဘီလီယံနှင့် လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၉-၂၀၁၀ တွင် စီမံကိန်းတန်ဖိုးကို နှစ်ဆကျော် တိုးပြီး ၁၂၂ ဒသမ ၈၅၁ ဘီလီယံအထိ တိုးမြှင့်ပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ တွင် နှစ်ဆကျော်ထပ်တိုးပြီး ၂၇၁ ဒသမ ၂၅၅ ဘီလီယံသို့ ပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် ၃၀၄ ဘီလီယံသို့ ထပ်မံပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား ခုနှစ်နှစ်ကြာမြင့်ခဲ့သည်အတွက် ခန့်မှန်းကုန်ကျစရိတ် နှစ်ဆကျော် တိုးသည်ကို လက်ခံနိုင်ဖွယ်ရာ ရှိပါကြောင်း၊ သို့သော်လည်း ၂၀၀၉ နှင့် ၂၀၁၂ နှင့် ၂၀၁၇ အကြား နှစ်ဆကျော် တိုးမြှင့်ပြင်ဆင်ခြင်းသည် အလွန်မသင့်လျော်သည့် ကိစ္စများဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ တွင် နောက်ဆုံး ကျန်ရှိငွေ ၂၃ ဘီလီယံကို လည်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

မြစ်သာတမံတွင် ၂၀၁၆-၂၀၁၇ အထိ ခန့်မှန်းငွေကျပ် ၂၇၁ ဒသမ ၂ ဘီလီယံတွင် မမျှော်မှန်းနိုင်သည့် ကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၂၉၂၀ ကျော်(၃ဘီလီယံ)နီးပါး တွက်ချက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါငွေမှာ မြစ်ကူးတံတားတစ်စင်း တည်ဆောက်၍ရပါကြောင်း၊ ယခုကဲ့သို့ ခန့်မှန်းတွက်ချက်စရိတ်ကို အကြိမ်ကြိမ်တိုးမြှင့် ပြင်ဆင်ခဲ့သည့် ဆည်မြောင်းတာတမံ တည်ဆောက်သည့်လုပ်ငန်းများမှာ ဌာန၏ အင်ဂျင်နီယာများက ကိုယ်တိုင်တွက်ချက်၊ ကိုယ်တိုင်ပုံစံထုတ်၊ ကိုယ်တိုင်ပစ္စည်းဝယ်ယူ၊ ကိုယ်တိုင်လုပ်ငန်းဆောင်ရွက်ကြသည်ဖြစ်သည့်အတွက် အနီးစပ်ဆုံးမှန်ကန်သည့် ကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်နိုင်ရမည် ဖြစ်ပါကြောင်း၊ စာရင်းမကြာခဏ ပြောင်းလဲနေခြင်းသည် သင့်လျော်မှု ရှိ၊ မရှိ ဝေဖန်ဆန်းစစ်ကြစေလိုပါကြောင်း ဆွေးနွေးသည်။

ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တစ်ခုလုံး၏ နှစ်စဉ်ဘတ်ဂျက် ၅၀ ရာခိုင်နှုန်းကျော်သည် ဆည်မြောင်းဦးစီးဌာန၏ အသုံးစရိတ်ဖြစ်နေပြီး ဆည်အသစ်များ ဆောက်ခြင်း၊ ဆည်မြောင်း အခြေခံပင်မအဆောက်အအုံ တည်ဆောက်ရေးများတွင် အဓိကထား သုံးစွဲနေပါကြောင်း၊ ဖြူးချောင်းရေလှောင်တမံနှင့် စပ်လျဉ်း၍ စီမံကိန်းစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၏ စိစစ်သုံးသပ်မှုများကို လေ့လာကြည့်ပါက မျှော်မှန်းစိုက်ဧက တိုးတက်မှုနှင့် လုပ်ငန်းပြီးစီးမှု ဆီလျော်ဆက်စပ်မှု အားနည်းခြင်း၊ စုစုပေါင်းသီးနှံထွက်ကုန် တန်ဖိုးများကို ကာလပေါက်ဈေးထက်များစွာ ကျော်လွန် တွက်ချက်ထားခြင်း၊ အကျိုးအမြတ် ပြန်ရနှုန်း တွက်ချက်မှုတွင်လည်း လက်တွေ့နှင့် ကွာဟချက်ကြီးမားနေတာ၊ မလိုအပ်သည့် အသုံးစရိတ်များကို ထပ်ခါထပ်ခါ တောင်းခံ ထားခြင်း စသည့်အချက်များစွာရှိနေသည်ကို ဖော်ပြထားပါကြောင်း၊ တွေ့ရှိချက်များ သည် ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင်ပါရှိသည့် ငွေကုန်ပြီး ထင်သလောက် အကျိုးမရှိ သည့် သုံးစွဲမှုများဖြစ်နေသည်ဆိုသည်ကို ဝန်ကြီးဌာနအနေဖြင့် ပြန်လည်သုံးသပ် ဆန်းစစ်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

စီမံကိန်းရည်မှန်းချက်အတိုင်း ရင်းနှီးမြှုပ်နှံလာစေရန် အစိုးရက အစီအစဉ်များချမှတ်ကာ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ နိုင်ငံခြားငွေလဲနှုန်းမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများဖြင့် ဆောင်ရွက်မည့် အစီအစဉ်များကို တိကျစွာ ချမှတ်ရန်လို

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စုပေါင်းရင်းနှီး မြှုပ်နှံမှု၏ ၂၅ ရာခိုင်နှုန်းကျော်ကို နိုင်ငံပိုင်အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံရန်နှင့် ၇၄ ဒသမ ၅၇ ရာခိုင်နှုန်းကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံရန် လျာထားသည်ကို တွေ့ရပါကြောင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ရင်းနှီးမြှုပ်နှံရန် လျာထားသည့် ၇၄ ဒသမ ၅၇ ရာခိုင်နှုန်းအတွက် စီမံကိန်းရည်မှန်းချက်အတိုင်း ရင်းနှီးမြှုပ်နှံလာစေရန် အစိုးရက အစီအစဉ်များချမှတ်ကာ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ နိုင်ငံခြားငွေလဲနှုန်းမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများဖြင့် ဆောင်ရွက်မည့် အစီအစဉ်များကို တိကျစွာ ချမှတ်ရန်လိုအပ်ပါကြောင်း။

လယ်ယာကဏ္ဍတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ နှစ်ကုန်ခန့်မှန်းခြေထက် စုစုပေါင်း စိုက်ဧက ၈၁၈၄၈၄ (စုစုပေါင်းစိုက်ဧက၏ ၁ ဒသမ ၆ ရာခိုင်နှုန်း) လျှော့ချစိုက်ပျိုးရန် ရည်မှန်းထားသည်ဟု ဖော်ပြထားသော်လည်း လျှော့ချစိုက်ပျိုးမည့်သီးနှံနှင့် လျှော့ချ ရန် ရည်မှန်းရခြင်း၏ အကြောင်းအား ဖော်ပြထားသည် မတွေ့ရပါကြောင်း ဆွေးနွေး သည်။

ထို့အတူ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) မှ ဒေါက်တာပြည့်ဖြိုး၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုးနှင့် မိုးညှိမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်းတို့က ဆွေးနွေး ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၇)ရက် မြောက်နေ့ကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုပမာဏတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တစ်ဖက်တွင်လည်း ကုန်သွယ်မှုလိုငွေအား ဘဏ္ဍာနှစ်အလိုက် လျှော့ချနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေမှာ နိုင်ငံတော် တည်ဆောက်ဆဲကာလတစ်ခု ဖြစ်သည့်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ် နေသည့်ကာလ ဖြစ်ပါတယ်။ ဝင်ရောက်လာသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှ လိုအပ်သည့်ကုန်ပစ္စည်းများ တင်သွင်းမှု များပြားနေခြင်းကြောင့် ကုန်သွယ်ရေးလိုငွေ ဖြစ်ပေါ်နေဆဲ ဖြစ်ပါတယ်။ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်မှ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံထိ လျှော့ချနိုင်ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၈ ခုနှစ် (ဧပြီလမှ ဩဂုတ်လ ၃ ရက်အထိ) ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅ ဘီလီယံရှိပြီး ယခင်နှစ် ကာလတူတွင် ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ရှိသည့် အတွက် ယခင်နှစ် ကာလတူထက် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅ ဘီလီယံ လျော့နည်းသွားတာကို တွေ့ရှိရပါတယ်။ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ရတဲ့အကြောင်းကတော့ နိုင်ငံအနေနဲ့ တည်ဆောက်ဆဲ ကာလတစ်ခုဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်တဲ့ကုန်ပစ္စည်းများကို တင်သွင်းရခြင်းဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် သွင်းလာတဲ့ ကုန်ပစ္စည်းတွေ ဟာ တစ်ဖက်မှာ ငွေသားစီးထွက်မှုမရှိတဲ့ Draw back၊ Capital in Kind၊ Loan in Kind တွေအနေနဲ့ ဝင်လာ တာ ဖြစ်ပါတယ်။

ယခု Trade Deficit မှာ နိုင်ငံတော်၏ ပြည်ပပို့ကုန် သွင်းကုန် ကုန်ပစ္စည်းများ (Trade in Goods) ၏ ကိန်း ဂဏန်းအချက်အလက်များကိုသာ တွက်ချက်ထားခြင်းဖြစ်ပြီး (Trade in Services)အဖြစ် ရရှိသည့်ဝင်ငွေများ (ဥပမာ- နိုင်ငံခြားသားခရီးသည်များ ဝင်ထွက်သွားလာမှုများမှ ရရှိသည့် ဝင်ငွေ၊ ပြည်ပတွင် သွားရောက်လုပ်ကိုင်သည့် အလုပ်သမား များ၏ ဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေး၊ ဝန်ဆောင်မှုများမှ ရရှိသောဝင်ငွေများ) ပါဝင်ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

ကုန်သွယ်မှုလိုငွေပြမှုများ လျော့နည်းစေရန်နှင့် ကုန်သွယ် မှုပိုငွေ ဖြစ်ပေါ်လာစေဖို့အတွက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေး အစီ အစဉ်များ ချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်း၊ ပုဂ္ဂလိက ကဏ္ဍအား အားပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေးအားပေးခြင်း၊ GSP ကဲ့သို့ ပို့ကုန်ဆိုင်ရာ အခွန် သက်သာခွင့်ရရှိပြီး လုပ်ငန်းရှင်များ ပို့ကုန်ဈေးကွက် တိုးချဲ့ တင်ပို့နိုင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုဟာ ယခုနှစ် ပထမလေးလတာကာလသည် မိုးရာသီ၌ ရေကြီး ရေလျှံခြင်းစတဲ့ သဘာဝအန္တရာယ်များနှင့် ကြုံတွေ့ရသည့် အချိန်ကာလဖြစ်သော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအနေနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ ဈေးကွက် လိုအပ်ချက်၊ မိမိနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု အခြေအနေ၊ ကုန်သွယ်ဖက်နိုင်ငံများ အချင်းချင်း စေ့စပ်ညှိနှိုင်း ဆောင်ရွက် မှုအခြေအနေနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကများ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက် ခြင်းကြောင့် ယခုကဲ့သို့ ကုန်သွယ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရ ပါတယ်။ ။

မိုးတွင်းကာလ၌ ပြည်တွင်းဘုရားဖူး ခရီးသွားသူ နည်းပါး

ရန်ကုန် စက်တင်ဘာ ၃

မိုးတွင်းကာလ၌ ပြည်တွင်းဘုရားဖူး ခရီးသွားသူ မရှိသလောက် နည်းပါး လျက်ရှိကြောင်း ရွှေကြေးစည်ဘုရားဖူး ပို့ဆောင်ရေးလုပ်ငန်း မန်နေဂျာ ဦးတင်ထွေးက ပြောကြားသည်။

"မိုးတွင်းကာလ ဘုရားဖူးခရီးသွား အနေနဲ့ ပြောရရင် ဒီနှစ်ကတော့ လုံးဝကို ရပ်နေတယ်။ ဆီဈေးကလည်း တက်နေ တယ်ဆိုတော့ ခရီးသွားက မရှိသလောက် ဘဲ။ ခါတိုင်းလည်း မိုးတွင်းကတော့ ခရီး သွား နည်းတာပေါ့။ ဒီနှစ်ကတော့ လုံးဝ ကို ပျောက်နေတယ်"ဟု မိုးတွင်းကာလ ဘုရားဖူးခရီးသွား အခြေအနေနှင့် ပတ်သက်၍ ဦးတင်ထွေးက ပြောသည်။

"အခုမှ အလုပ်က ပြန်စတာလေ။ တောင်ပြုံးပွဲကနေစတာ။ တောင်ပြုံးပွဲက ဝါခေါင်မှာလေ။ အခု ဘုရားဖူးသွားမယ့် သူတွေက ပြန်ပြီး လက်မှတ်ဝယ်ကြပြီလေ။ ဒီလထဲမှာပဲ အဘထွက်ပွဲရှိတယ်လေ။ တော်သလင်းလပြည့်နေ့ဆို ထွက်ကြမှာ။ အဲဒီဟာအတွက်တော့ လက်မှတ်တွေ ရောင်းနေပြီ"ဟု ဦးတင်ထွေး က ဆက်လက်ပြောကြားသည်။

ခရီးသွားလုပ်ငန်းများ အနေဖြင့် ခဝတ်ဆီဈေးနှုန်းမြင့်တက်ခြင်းနှင့်အတူ ဝန်ဆောင်မှုစရိတ်များကြောင့် ခရီးသည် ရှားပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုနှစ်တွင် ခရီးသွားယာဉ်အစီးရေ အနည်းငယ်သာ ထွက်နိုင်မည်ဟု မျှော်လင့်နေကြသည်။ ထို့ပြင် ရပ်ကွက် အလိုက်၊ လမ်းအလိုက် စုပေါင်းခရီး သွားလာမှုများ ပေါ်များလာခြင်း၊ ယာဉ်ငယ်များဖြင့် တစ်ပိုင်တစ်နိုင်သွား လာမှုများရှိသောကြောင့် ပြည်တွင်းခရီး သွားလုပ်ငန်းများ၏ ခရီးစဉ်များတွင် အနည်းငယ်ထိခိုက်မှုရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ် နှောင်းပိုင်း ပွင့်လင်း ရာသီခရီးစဉ်များအဖြစ် ရွှေတောင်ပြုံးပွဲ ခရီးစဉ်ကို ရာသီအဖွင့်ခရီးစဉ် သတ်မှတ် ထားပြီးနောက်ပိုင်းတွင် မန္တလေး ကျောက်စိမ်းဘုရား၊ ကျောက်ဆည် သိမ်တော်ကြီးဘုရား၊ ပြင်ဦးလွင်၊ ရွှေစာရံ၊ မိုးကုတ်ဘုရားစုံ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ အင်းလေး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ တောင်ကြီး၊ လွိုင်ကော် ခရီးစဉ်များကို ခရီးသွားလုပ်ငန်းများက ပို့ဆောင်သွား နိုင်ရန် စီစဉ်ထားလျက်ရှိကြောင်း သိရ သည်။

ထင်ပေါ်ဝင်း

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့၊ ခေတ္တတောင်ကုတ် မြို့မ ရဲစခန်းမှူး ရဲအုပ် ချစ်ထွန်းသည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းတိုးဇော်၏ ကြပ်မတ်မှု ဖြင့် တောင်ကုတ်မြို့ ဂူတာရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ယမန်နေ့က မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောစဉ်။ ခရိုင်(ပြန်/ဆက်)

အခြေခံပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကောင်းမွန်ခြင်းသည် ဆေးရုံသို့ လူနာရောက်ရှိမှုလျော့နည်းစေမည်ဖြစ်

ရန်ကုန် စက်တင်ဘာ ၃

လူဦးရေသိပ်သည်းလာသော လှိုင်သာယာမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုကို ပုံမှန်ဆောင်ရွက်ခြင်း၊ စီမံချက်ဖြင့်ဆောင်ရွက်ခြင်းတို့ဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဒေသန္တရကျန်းမာရေးဌာနခွဲပေါင်း ရှစ်ခုဖြင့် ပြည်သူကို နေ့စဉ် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိရာ ရပ်ကွက်၊ ကျေးရွာတို့ရှိ ဒေသန္တရကျန်းမာရေးဌာနတို့တွင်လည်း ကိုယ်ဝန်ဆောင်မွေးလူနာတို့ကို နေ့စဉ် မွေးဖွားပေးနေသောကြောင့် မြို့နယ်ပြည်သူ့ဆေးရုံကြီး၏ ကုသမှုပိုင်းဝန်ဆောင်မှုကို လျော့နည်းသွားစေကြောင်း သိရသည်။

"ပုံမှန်ကာကွယ်ဆေး ၁၁ မျိုးကို လစဉ် ငါးနှစ်အောက်ကလေးတွေကို ရပ်ကွက်၊ ကျေးလက်တွေဆင်းပြီး ကွင်းဆင်းဆောင်ရွက်ရတယ်။ ၁ ရက်ကနေ ၇ ရက်အထိ ကွင်းဆင်းပြီးတော့ ကျန်ရက်တွေမှာဆိုရင် ဒေသန္တရဆေးခန်းတွေမှာ အင်္ဂါနေ့နဲ့ ကြာသပတေးနေ့မှာ ဆေးထိုးပေးတယ်။ တစ်နေ့ကို လေးထောင်ကနေ ငါးထောင်ကြား ကလေးတွေကို ကာကွယ်ဆေးထိုးနေရတာပါ။ ဆေးတွေကို မြို့နယ်ဆေးရုံမှာပဲထားတယ်။ ပြည်သူ့ကျန်းမာရေးအားကောင်းမှ ဆေးရုံကို လူနာရောက်ရှိမှုလျော့နည်းသွားမှာပါ။ တိုးပွားလာတဲ့လူဦးရေနဲ့အတူ ကလေးငယ်တွေ၊ ကိုယ်ဝန်ဆောင်တွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုဟာ အရေးကြီးလာတယ်။ ဒါကြောင့် ဒေသန္တရကျန်းမာရေးဌာနတွေ တိုးချဲ့ဖို့လိုလာသလို မြို့နယ်ဒေသန္တရပြည်သူ့ကျန်းမာရေးဦးစီးဌာနကိုလည်း ဌာနဆိုင်ရာရုံးတွေအနီးမှာရှိတဲ့ ပြည်သူ့ဆေးရုံဝင်းထဲမှာ တည်ဆောက်ဖို့လိုလာပါပြီ" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်ရှုပါစိုးက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စုပေါင်း ကိုးအုပ်စုရှိပြီး သန်းခေါင်စာရင်းဖြင့်နေထိုင်သူ ခုနစ်သိန်းအပါအဝင် ကျူးကျော်နေထိုင်သူတို့ဖြင့် လူဦးရေ ၁၀ သိန်းခန့် နေထိုင်လျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုကို နယ်မြေအလိုက် ပိုမို၍ ဆောင်ရွက်နေရကြောင်း ကျန်းမာရေး ဆရာမနှင့် လူနာ မမျှတမှုကြောင့် ဝန်ထမ်းအင်အားနှင့် ဒေသန္တရကျေးလက်ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လာလျက်ရှိကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနအောက်တွင် အမှတ်(၂) အထက်တန်းကျောင်းအနီးရှိ ပင်မဒေသန္တရ(၃)ထိပ်ရှိ ဒေသန္တရနှင့် ရေဉက္ကံကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနဟူ၍ အဓိကဌာနသုံးခုထားရှိပြီး ရေဉက္ကံကျန်းမာရေးဌာနအောက်တွင် ညောင်ရွာ၊ ကုလားကြီးစု၊ ရွှေလင်ပန်းနှင့် ရှမ်းချောင်းကျေးရွာတို့တွင် ဒေသန္တရဆေးခန်းများထားရှိကာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးလက်ကျန်းမာရေးဌာနတစ်ခုစီအဖြစ် တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပြီး ဒေသန္တရဆေးခန်းနေရာများတိုးချဲ့တည်ဆောက်ရန် နေရာများတွင်လည်း ကျူးကျော်ဈေးဆိုင်များဖယ်ရှားမှု မရှိသောကြောင့် ပြည်သူ့ကျန်းမာရေးအတွက် ဆေးခန်းများ တိုးချဲ့တည်ဆောက်ရန် အခက်အခဲများရှိနေကြောင်းလည်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆီးချို၊ သွေးတိုးစီမံချက်အပါအဝင် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု၊ ငါးနှစ်အောက်ကလေး ကျန်းမာရေးစောင့်ရှောက်မှု၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးစောင့်ရှောက်မှု၊ တီဘီ၊ HIV၊ ဆေးယဉ်ပါးတီဘီ၊ သွေးလွန်တုပ်ကွေး၊ မျိုးဆက်ပွားကျန်းမာရေး၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးနှင့် ဒေသန္တရမွေးခန်းများတွင် ပြည်သူတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကာ မွေးဖွားနှုန်းများလာသော လှိုင်သာယာတွင် ကျန်းမာရေးစောင့်ရှောက်မှုဖြင့် ဒေသန္တရဆေးခန်းများတွင်လည်း မွေးလူနာ ၈၀ မှ ၉၀ အထိ လာရောက်မွေးဖွားလျက်ရှိရာ မြို့နယ်ဆေးရုံတွင် သွားရောက်မွေးဖွားခြင်း၏ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ဖြေလျော့စေလျက်ရှိကြောင်း၊ မြို့နယ်ဆေးရုံဝင်းအတွင်း ဒေသန္တရပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် ရပ်ကွက်၊ ကျေးရွာတို့ရှိ ပြည်သူ့ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ဒေသန္တရကျန်းမာရေးဌာနခွဲများ လိုအပ်နေကြောင်းနှင့် အခြေခံပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ခြင်းသည် ဆေးရုံသို့ လူနာရောက်ရှိမှု လျော့ကျစေမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်
ဓာတ်ပုံ -သန်းစိုး

မွန်ပြည်ငြိမ်းချမ်းရေးအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်း

တနင်္သာရီ စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု အေးမွန်သာယာရွာ သီရိဝနေရာမကျောင်းဆရာတော် ဘဒ္ဒန္တအရှင်ပညာနှင့် အေးမွန်သာယာရွာအခြေစိုက်

မွန်ပြည်ငြိမ်းချမ်းရေးအဖွဲ့(ဒေသခေါ် ချောင်ချိဒေသ) ဒုတိယဥက္ကဋ္ဌ ဦးပုံစံသစ်၊ ဒုတိယခေါင်းဆောင်-၂ ဦးနိုင်ပိုင်သိန်းတို့ပါဝင်သော အဖွဲ့ဝင် ၁၀ ဦး အဖွဲ့သည် စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီခန့်က ယာဉ်သုံးစီးဖြင့် တနင်္သာရီမြို့ချောင်းကြီးရပ်ကွက် မီးသတ်ဦးစီးဌာနရုံးတွင် ဖွင့်လှစ်ထားသည့် မြို့နယ်ရေဘေးကယ်ဆယ်ရေးအလှူခံဌာန ယာယီကွပ်ကဲရေးရုံးသို့လာရောက်၍ တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းဘတ်ငွေ ၃၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ မာမားခေါက်ဆွဲ၊ အခြားပစ္စည်းများနှင့် ငွေကျပ် ၆၀၄၁၀၀ တို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ မွန်ပြည်ငြိမ်းချမ်းရေးအဖွဲ့မှ လှူဒါန်းထောက်ပံ့မှုအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံရေး၊ ခွဲဝေသုံးစွဲရေးနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းရီနှင့် အတွင်းရေးမှူး မြို့နယ်သမဝါယမဦးစီးအရာရှိဦးအောင်ဝင်းတို့က လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း

ကျိုင်းတုံ၌ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန် အသိပညာပေး

ကျိုင်းတုံ စက်တင်ဘာ ၃

ဆိုင်ကယ်စီးသူတိုင်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေရေး နှိုးဆော်လှုပ်ရှားမှုတစ်ရပ်အဖြစ် ရှမ်းပြည်နယ်အရှေ့ပိုင်း အမှတ် ၁၉ ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံးက ဦးစီးပြီး ဒေသခံပြည်သူများပါဝင်သော စုပေါင်းဆိုင်ကယ်စီးနင်းပွဲကို ကျိုင်းတုံမြို့၌ စက်တင်ဘာ ၃ ရက်ကပြုလုပ်ခဲ့သည်။

"ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ရတဲ့ ဆိုင်ကယ်စီးသူအများစုဟာ ဦးခေါင်းကို အပြည့်အဝကာကွယ်ပေးနိုင်တဲ့ ဆိုင်ကယ်စီးဦးထုပ်မဆောင်းလို့ ဖြစ်ပါတယ်။ ဒီအတွက် ဆိုင်ကယ်စီးသူတိုင်း အန္တရာယ်ကင်းစေရေး ရည်ရွယ်ပြီး မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူနှစ်ဦးလုံး ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျ မေးသိုင်းကြိုးတပ်ဆင်ပြီး ဆောင်းကြဖို့ သတိပေးဆိုင်းဘုတ်များနဲ့ စုပေါင်းဆိုင်ကယ်စီးနင်းပွဲ ပြုလုပ်တာပါ" ဟု ကျိုင်းတုံမြို့ အမှတ် ၁၁၆ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ဇောအောင်က ပြောသည်။

စုပေါင်းဆိုင်ကယ်စီးနင်းပွဲတွင် ကျိုင်းတုံမြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တာချီလိတ်မြို့ Eastern Eagle ဆိုင်ကယ်စီးအဖွဲ့မှ အဖွဲ့ဝင် ၄၅ ဦးတို့ စုပေါင်းပါဝင်ကာ ဆိုင်ကယ်မျိုးစုံ အစီး ၃၀၀ ခန့်ဖြင့် ကျိုင်းတုံမြို့ ကျောက်တိုင်အဝိုင်းပတ်၌ စနစ်တကျ နေရာယူကြပြီးနောက် အမှတ် ၁၉ ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးက စုပေါင်းဆိုင်ကယ်စီးနင်းပွဲ၏ ရည်ရွယ်ချက်နှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝဏ္ဏစိုး၊ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမင်းအောင်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ရွှေနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းတို့က ဆိုင်ကယ်စီးသူများကို အမှတ်တရ တီရှပ်အင်္ကျီများ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဆိုင်ကယ်စီးသူများက ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းပါ၊ နိုင်ငံကြီးသားပီသဖို့ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းကြစို့ စာတန်းပါ တီရှပ်အင်္ကျီများဝတ်ဆင်၍ ဆိုင်ကယ်နောက်၌ လိုက်ပါစီးနင်းသူများက ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကျောက်တိုင်အဝိုင်းမှ တာချီလိတ်လမ်း ဂေါက်ကွင်းလမ်းဆုံအထိ စုပေါင်းဆိုင်ကယ်စီးခဲ့ကြသည်။

၂၀၁၈ ခုနှစ်အတွင်း ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာတစ်နိုင်ငံလုံးတွင် ယာဉ်မတော်တဆမှုပေါင်း ၁၀၂၈၅ မှု ဖြစ်ပွားခဲ့ကာ ဒဏ်ရာရသူ ၁၅၉၉၀၊ သေဆုံးသူ ၃၁၃၈ ဦး ရှိခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ယာဉ်မတော်တဆမှု ၉၂ မှု၌ ဒဏ်ရာရသူ ၇၇ ဦးနှင့် သေဆုံးသူ ၅၅ ဦးရှိခဲ့ကြောင်း၊ ကျိုင်းတုံမြို့အနေဖြင့် ယာဉ်မတော်တဆမှု ၃၇ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၃၃ ဦးနှင့် သေဆုံး ၂၂ ဦးရှိကြောင်း အမှတ်၁၉ ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

မောင်မောင်နိုင် (ကျိုင်းတုံ)

တနင်္သာရီမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

တနင်္သာရီ စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်ရွာသွန်းပြီး တနင်္သာရီမြစ်ရေမြင့်တက်မှုကြောင့် သုံးကြိမ်အထိ စိုးရိမ်ရေမှတ်ကို ကျော်လွန်ကာ အန္တရာယ်ရေမှတ်အထက် မြင့်တက်ခဲ့မှုကြောင့် ရေဘေးသင့်ခဲ့သော ဒေသခံပြည်သူများထဲမှ ပြောင်းရွှေ့ပြည်သူများနှင့် စားဝတ်နေရေးအခက်အခဲဖြစ်နေကြသည့် ပြည်သူ ၈၀၀၀ ကျော်ကို မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီမှ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီမြစ်ရေသည် စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်ကျော်လွန်နေဆဲဖြစ်ပြီး ၁၉ ပေ ၁ လက်မတွင် တည်ရှိနေ၍ လက်ရှိအချိန်တွင် မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်းရှစ်ခု ဖွင့်လှစ်ထားဆဲဖြစ်ကာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူအိမ်ထောင်စု ၁၇၉ စု၊ လူဦးရေ ၈၃၂ ဦး နေထိုင်လျက်ရှိကြကြောင်း ယာယီကွပ်ကဲရေးရုံးမှ သိရသည်။

တနင်္သာရီမြစ်ရေ တတိယအကြိမ် ရေကြီးနစ်မြုပ်မှုကြောင့် နေရပ်စွန့်ခွာခဲ့ရသော ပြည်သူများမှာ ရပ်ကွက်၊ ကျေးရွာ ၇၁ နေရာမှ လူဦးရေ ၆၇၆၂ ဦးသည် ယာယီကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာ ဆွေမျိုးများတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ လက်ရှိအချိန်တွင် ပြောင်းရွှေ့ရန်ကျန်ရှိသော ရေဘေးသင့်ပြည်သူ ၂၈၅၈ ဦးရှိနေဆဲဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးသင့်ပြည်သူများထဲမှ ပြောင်းရွှေ့ပြည်သူများနှင့် လုပ်ငန်းခွင်တည်နေရာ ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲဖြစ်နေသော ပြည်သူ ၈၆၀၀ ကျော်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်ထံမှ သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉ ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်း

တာချီလိတ် စက်တင်ဘာ ၃

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉ ဦးကို ထိုင်းနိုင်ငံမှတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ စက်တင်ဘာ ၃ ရက်တွင် တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ယခုလွှဲပြောင်းသည့် ၁၉ ဦးအပါအဝင် အမျိုးသား ၅၃၄ ဦး၊ အမျိုးသမီး ၂၄၃ ဦးနှင့် ကလေး ၂၅ ဦး စုစုပေါင်း ၈၀၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာနနှင့် ကျောက်ဆည်မြို့ပြည်သူလူထုတို့
ပူးပေါင်းကျင်းပသော
က လေး စာ ပေ ပွဲ တော်
ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်
(ကျောက်ဆည်မြို့)
၂၀၁၈-ခုနှစ်၊စက်တင်ဘာလ (၇/၈/၉)ရက် သောကြာ၊စနေ၊တနင်္ဂနွေနေ့များတွင်
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိမည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အထက (၁)၊ကျောက်ဆည်မြို့။

※ *ရှေ့ဖုံးမှ*

SAM RATULANGI သင်္ဘောအား ဆွဲသင်္ဘောဖြစ်သည့် Independence မှ ဆွဲယူလာခဲ့ပြီးနောက် ဩဂုတ်လ ၂၅ ရက်နေ့တွင် မုတ္တမပင်လယ်ကွေ့အနီး၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ချိတ်ဆက်ထားသောကြိုးပြတ်ကာ မြန်မာနိုင်ငံဘက်သို့ မျောပါသွားခြင်းဖြစ်ကြောင်း သိရသည်။ ဆွဲသင်္ဘောမှ ကြိုးဆက်ပြီး ပြန်လည်ဆွဲယူရန် ကြိုးစားခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် မုန်တိုင်းငြိမ်သက်ချိန်ကို စောင့်ဆိုင်းရင်း ပြန်လည်ဆွဲယူရန် ကြိုးစားခဲ့ကြောင်း သိရသည်။

ထိုသို့ကြိုးစားနေစဉ်ကာလအတွင်း အခင်းဖြစ်ပွားပြီး ငါးရက်အကြာ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် တပ်မတော်(ရေ) မှ ဆွဲသင်္ဘော Independence နှင့် အမှုထမ်း ၁၃ ဦးကို ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

"ဘာကြောင့် သတင်းမပို့တာလဲဆိုတာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက မေးပါတယ်။ အခြေအနေ အကြောင်းကြောင်းကြောင့် ရေယာဉ်မှူးအနေနဲ့ သတင်းမပို့နိုင်ခဲ့ပါဘူး။ သင်္ဘောကို ပြန်ဆွဲရတာတစ်မျိုး၊ လှိုင်းကလည်း ကြမ်းနေတာက တစ်မျိုးကြောင့်ပါ။ နောက်တစ်ခုက သင်္ဘောကို မြန်မာရေပိုင်နက်မှာ စွန့်ပစ်ဖို့လာတာလည်း မဟုတ်ပါဘူး။ တတ်နိုင်သမျှ ပြန်ဆွဲထုတ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက် ချထားတဲ့အခါကျတော့ ရေယာဉ်မှူးကလည်း သတင်းမပို့မိလိုက်ဘူး။ အဲဒါ ကျွန်မတို့ကုမ္ပဏီရဲ့ အမှားပါ။ ဒါ့ကြောင့် ပြည်သူလူထုရော၊ သက်ဆိုင်ရာဝန်ကြီးဌာနရော၊ ရေကြောင်းကာကွယ်ရေးအဖွဲ့ကိုပါ ကုမ္ပဏီကိုယ်စား တောင်းပန်ပါတယ်" ဟု Ocean Solution Maritime Management Sdn Bhd ၏ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သူ ဒေါ်မေသန့်ဇင်က ပြောကြားသည်။

သင်္ဘောအား ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သင်္ဘောဖျက်စက်ရုံတွင် ဖျက်ဆီးရန် စာချုပ်စာတမ်းများ အခိုင်အမာ ချုပ်ဆိုထားပြီး ထိခိုက်ပျက်စီးမှုများအတွက် စင်ကာပူအခြေစိုက် အာမခံကုမ္ပဏီ First Capital တွင် အာမခံထားပြီး သယ်ဆောင်လာခြင်းဖြစ်ကြောင်းလည်း သိရသည်။ သောင်တင်သင်္ဘော SAM RATULANGI အား ပြန်လည်ဆယ်ယူရေး၊ ထိန်းသိမ်းခံထားရသည့် ဆွဲသင်္ဘော Independence နှင့် သင်္ဘောသားများ ပြန်လည်လွတ်မြောက်ရေးအတွက် ကုမ္ပဏီအနေဖြင့် ရေကြောင်းဦးစီးဌာန၊ တပ်မတော်(ရေ) စသည့်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ စက်တင်ဘာလ ၃ ရက်နေ့ နံနက် ၁၀ နာရီခွဲက တပ်မတော်(ရေ) မှ မြန်မာ့ရေကြောင်းသို့ ထိန်းသိမ်းခံသင်္ဘောအမှုထမ်း ၁၃ ဦးအား လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားနေသည့် စွန့်ပစ်ခြင်း၊ မသမာသူများ၊ တရားမဝင် မှောင်ခိုတင်သွင်းမှုများ၊ ဓာတ်သတ္တုပစ္စည်းများ တင်ဆောင်ခြင်း ဟူသော သတင်းများမှာ မှန်ကန်မှု မရှိကြောင်း ဆွဲသင်္ဘော Independence ၏ ကုမ္ပဏီဖြစ်သော Ocean Solution Maritime Management Sdn Bhd ၏ မြန်မာပြည်ကိုယ်စားလှယ်က သတင်းထုတ်ပြန်ထားသည်။

ထင်ပေါ်ဝင်း (ကမာရွတ်)
ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

SAM RATULANGI သင်္ဘောအား တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံရှိ ASEAN – Korea Centre နှင့် K' ARTS တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်အဖွဲ့ ကိုရီးယား အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်၌ President Kim Bongryol ဦးဆောင်သော ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ရန်ကုန် စက်တင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်အဖွဲ့သည် ယနေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ ASEAN – Korea Centre နှင့် ကိုရီးယား အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ် (Korea National University of Arts - K' ARTS) သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ASEAN - Korea Centre ၌ Secretary General H.E. Lee Hyuk ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံရာ မစ္စတာလီ က ASEAN – Korea Centre အနေဖြင့် မီဒီယာကဏ္ဍအပြင် ခရီးသွားလုပ်ငန်းကဏ္ဍမှစ၍ အာဆီယံဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် ရုပ်ရှင်ကဏ္ဍသည် အရေးပါသဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းလုပ်ဆောင်မှုအပေါ် ကြိုဆိုအားပေးပါကြောင်းနှင့် ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာလေ့လာရေးအဖွဲ့တွင် အစိုးရဝန်ကြီးဌာနများ၊ နေပြည်တော်စည်ပင်သာယာရေးကောင်စီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်၊ ဇာတ်လမ်း ထုတ်လုပ်သူများ ဖွဲ့စည်းလာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယင်းအဆောက်အအုံတွင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားအမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်သို့ သွားရောက်ပြီး President Kim Bongryol ဦးဆောင်သော ဌာနမှူးများနှင့် တွေ့ဆုံကာ သင်ကြားပေးလျက်ရှိသော ဘာသာရပ်များ၊ သင်ကြားပို့ချမှုနှင့် သင်ယူမှုတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ကျောင်းဝင်ဆန်းစစ်မှု၊ ကျောင်းပြီးလျှင် အလုပ်ခွင်ဝင်ရောက်ရန် ပေါင်းကူးဆောင်ရွက်ပေးနေမှု၊ အောင်မြင်သော တက္ကသိုလ်အဖြစ် ရပ်တည်လာနိုင်မှု၏ အကြောင်းရင်း၊ Art Major Asian (AMA) Scholarship Programme အစီအစဉ်ဖြင့် သင်ကြားနိုင်မှု အခွင့်အရေးတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ရယူတက်ရောက်နိုင်မှုနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းတက္ကသိုလ်သည် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပြီး Music၊ Drama၊ Film၊ TV and Multimedia၊ Dance၊ Visual Art၊ Traditional Arts ဟူသည့် ဌာနခွဲ ခြောက်ခုရှိပြီး ကထိက ၁၃၅ ဦး၊ ပြင်ပနည်းပြ ၁၀၀၀ ဖြင့် မြန်မာနိုင်ငံမှ ကျောင်းသား သုံးဦးအပါအဝင် ကျောင်းသား ၃၅၀၀ ခန့်ကို လေးနှစ်သင်ကြားပေးကာ ဘွဲ့ပေးအပ်လျက်ရှိသည့်အပြင် ဘွဲ့လွန်သင်တန်းများကိုလည်း ထပ်မံ၍ (၂/၃) နှစ်ခန့်ဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ကျောင်းပြီးသွားသူအများစုမှာ ကိုရီးယားအနုပညာလောကရှိ နယ်ပယ်အသီးသီးတွင် အောင်မြင်ကျော်ကြားသူများအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် တာဝန်ရှိသူများက အင်ချွန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

ဆွာချောင်းရေလွှမ်းကာ သဲနုန်းများဖုံးသွားသည့် လယ်မြေများအား သင့်တော်သည့်သီးနှံများ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးနေ

ရေတာရှည် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလျှံမှုကြောင့် မိုးစပါးစိုက်ပျိုးပြီးသည့် လယ်မြေ ၆၀၉ ဧက သဲနုန်းများဖုံးလွှမ်းသွားခဲ့ရာ အဆိုပါလယ်မြေများအား အခြားသော သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)နေပြည်တော်မှ ဒိုဇာ ၁၅ စီး၊ ဘက်ဟိုး နှစ်စီး၊ မြေသယ်ယာဉ် နှစ်စီးဖြင့် သဲနုန်းများကို ရှင်းလင်းဖယ်ရှားပေးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်စီးရေ ၃၀ ဖြင့် ကေကွက်များဖော်ပေးခြင်း၊ မြေညှိပေးခြင်းနှင့် ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန်းဦးက ပြောကြားသည်။

"တိုင်းတာရေးလုပ်ငန်းတွေကို နှစ်ရက်အတွင်း အပြီးဆောင်ရွက်မှာပါ။ တောင်သူတွေ လက်ရှိပိုင်ဆိုင်တဲ့ ဧကတွေကို ပြန်ဖော်ပေးမယ်။ အရင်လို နှစ်ဧကရှိတဲ့သူက နှစ်ဧကတော့ အတိအကျ မရနိုင်ဘူးပေါ့။ နည်းနည်းတော့ လျော့သွားမယ်။ တောင်သူတွေကိုလည်း ရှင်းပြပြီးပါပြီ။ လက်ရှိ တိုင်းတာတွေ့ရှိချက်အရတော့ သဲနုန်းဖုံးသွားတာ ၆၀၉ ဧက ရှိပါတယ်" ဟု တောင်ငူခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်နိုင်က ပြောကြားသည်။

လက်ရှိ မြေအနေအထားအရ စပါးစိုက်ပျိုးရန် မဖြစ်နိုင်တော့သည့်အတွက် အခြားသော ဆောင်းသီးနှံများဖြစ်သည့် အာလူး၊ မြေပဲ အစရှိသည်တို့ကို စိုက်ပျိုးရန် လျာထားသည့်ကိစ္စနှင့် ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်က "တောင်သူတွေအနေနဲ့ မြေပဲစိုက်မလား၊ အာလူးစိုက်မလား ကိုယ်တိုင်စိုက်မယ်ဆိုရင် မျိုးကို စီစဉ်ပေးမယ်။ ဒါမှမဟုတ် ကန်ထရိုက်စနစ်နဲ့ လုပ်မလား၊ မြေငှားမလားဆိုတာ တောင်သူတွေနဲ့ ဆက်ပြီးညှိနှိုင်းရဦးမယ်" ဟု ပြောကြားသည်။

ဒေသခံတောင်သူများအနေဖြင့် လက်ရှိ ကိုယ်တိုင်စိုက်ပျိုးပါက စိုက်ပျိုးမည့်သီးနှံနှင့် ရင်းနှီးကျွမ်းဝင်မှု အားနည်းသည့်အတွက် မြေကို တစ်ရာသီစာ ငှားရမ်းလုပ်ကိုင်လိုသော ဆန္ဒရှိနေပြီး အခြားသော စိုက်ပျိုးလိုသည့် ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါက တောင်သူအားလုံး သဘောတူညီရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ကိုလွင် (ဆွာ)

ဆွာချောင်းရေလွှမ်းကာ သဲနုန်းဖုံးလွှမ်းပျက်စီးသွားသော လယ်ယာမြေများအား စက်ယန္တရားများဖြင့် သဲနုန်းများ ဖယ်ရှား ရှင်းလင်းပေးစဉ်။

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၃/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)
"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ(၁) ရက်နေ့ အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်းထပ်မံ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်၊ ပန်ဟိုက်ရပ်ကွက် (၈)တွင် ဘိန်းစားဆေးပြားသုံးစွဲသူများနှင့်ရောင်းဝယ်နေသူ အများအပြားရှိကြောင်းသတင်းပေးပို့ခြင်း။	၃၁-၈-၂၀၁၈ ရက်နေ့တွင် နမ္မတူမြို့ ပန်ဟိုက် (၈) ရပ်ကွက်၊ ရေစင်ကြီးအနီး၌ စောင့်ဆိုင်းစိစစ်နေစဉ် အိုက်နိုင် (၄၅)နှစ်၊ (ဘ) ဦးအိုက်ပို၊ ဟိုတုန်းကျေးရွာ၊ မန်တုံမြို့နယ်အား ဘိန်းဖြူ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ) မယ(ပ) ၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ သင်္ချိုင်းကုန်းအနီး၌ စောင့်ဆိုင်း စိစစ်နေစဉ် လင်းနောင်နောင်ဝင်း (၃၆)နှစ်၊ (ဘ) ဦးဆန်းဦး၊ ပန်ဟိုက်(၁၀)ရပ်ကွက်အား ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ) မယ (ပ) ၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်၊ သင်္ချိုင်းကုန်းအနီး၌ စောင့်ဆိုင်း စိစစ်နေစဉ် မာနော်(၃၀)နှစ်၊ (ဘ)ဦးဘရန်ထောင်၊ ပန်ဝါကျေးရွာ၊ မန်တုံမြို့နယ်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ)မယ (ပ)၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။
၂	စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါရွာနေ ဦးချစ်မောင်(ကွယ်လွန်)၏သား ဇော်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၉-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဇော်ဦး(ခ)သိန်းမြင့်စိုး(၄၅)နှစ်၊ (ဘ)ဦးချစ်မောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ (ဖောင်းပြင်) မယ(ပ) ၆၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။
၃	မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆည်တော်ကြီး ကျေးရွာ၊ ရပ်ကွက်(၁)နေ ကိုထူးသည် ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၆-၈-၂၀၁၈ ရက်နေ့တွင် မတ္တရာမြို့နယ်၊ ဆည်တော်ကြီးရွာ၊ အမှတ်(၁) ရပ်ကွက်နေ ဖိုးထူး (ခ) ကိုထူး(ခ) ထွန်းလင်း (၅၅)နှစ်၊ (ဘ)ဦးလှဘူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြား များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဆည်တော်ကြီး) မယ(ပ) ၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၄	စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ နန်းစောင်းပုကျေးရွာနေ ချစ်စန်းမောင်သည် မူးယစ်ဆေးပြားနှင့် ဘိန်းဖြူများ အကြီးအကျယ် ရောင်းချနေသူဖြစ်ကြောင်း သတင်း ပေးပို့ခြင်း။	၂၆-၈-၂၀၁၈ ရက်နေ့တွင် ကလေးမြို့နယ်၊ နန်းစောင်းပု ကျေးရွာ (ဟောင်း)၏ အနောက်ဘက် လယ်ကွက်အနီး စောင့်ဆိုင်းစိစစ်နေစဉ် ချစ်စန်းမောင်(၄၅) နှစ်၊ (ဘ)ဦးသိန်းရွှေ၊ နန်းစောင်းပုကျေးရွာနေသူအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ)၁၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၅	ဒေါပုံမြို့နယ်အတွင်းမှာ ရှိသော (အသက်၁၈/၁၉) ဝန်းကျင် လူငယ်အများစုမှာ ဆေးပြားများ အလွယ်တကူ ဝယ်ယူသုံးစွဲနေကြသဖြင့် တင်းတင်းကြပ်ကြပ် ဖမ်းဆီးစေလိုကြောင်း သတင်းပေးပို့ခြင်း။	၁၄-၈-၂၀၁၈ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နဂါးနီ(၄)လမ်း၊ အမှတ်(၇၅)၊ မြေညီထပ်နေ ကျော်ကျော် (ခ)ကျော်ဝဏ္ဏ (ခ)မိုဟာမတ်အလီ (၃၆)နှစ်၊ (ဘ) ဦးထွန်းအောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဝင်းနိုင်(ခ)မာမတ်ဆာဘီ (၃၈)နှစ်၊ (ဘ) ဦးမိုးသီး၊ သာကေတမြို့နယ်၊ ကိုဖြိုး(ခ)တင်ဖြိုးမောင် (၂၉)နှစ်၊ (ဘ) ဦးမောင်မောင်အေး၊ သဃ်္ဃန်းကျွန်းမြို့နယ်နှင့် ဒေါ်လှမြင့်(၅၆)နှစ်၊ (ဘ)ဦးမောင်မောင်၊ ဒေါပုံမြို့နယ် နေသူတို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ သဖြင့် မမစ (ဒေါပုံ) မယ(ပ)၃၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၂၆-၈-၂၀၁၈ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၂) ရပ်ကွက်၊ ရွာမကမ်းနားလမ်း၊ အမှတ်မရှိတွင် နေထိုင်သည့် ဇော်ဦး (၃၅) နှစ်၊ (ဘ)ဦးလှမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အတူ လှထွန်း(ခ)ကိုမျိုး (၄၂)နှစ်၊ (ဘ) ဦးတင်မောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရဲရင့်(ခ) ကိုမလိုင်း (၁၅)နှစ်၊ (ဘ)ဦးအောင်ကျော်ထွန်း၊ ဒဂုံတောင်မြို့နယ်၊ စောဝေလင်းထက် (၃၅)နှစ်၊ (ဘ) ဦးခင်မောင်လတ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အောင်ရတနာမိုး (၂၄)နှစ်၊ (ဘ) ဦးဝင်းလွင်၊ ဒေါပုံမြို့နယ်၊ ဝင်းမြင့်ထိုက် (ခ)ကုလား (၂၃)နှစ်၊ (ဘ) ဦးမြင့်လွင်၊ ကမ်းနားလမ်း၊ ယမုံနာ(၂) ရပ်ကွက်၊ ဒေါပုံမြို့နယ်နှင့် ဝေဝေလွင် (၂၅)နှစ်၊ (ဘ) ဦးအေးကျူ၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်နေသူတို့ (၇)ဦးအား WYစာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ)၃၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။
၆	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သဇင်လမ်းဆုံ အမှတ်မရှိ နေအိမ်နေ ဦးနိုင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၆-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အလယ်ရွာ၊ သဇင်လမ်း၊ အမှတ်မရှိတွင် နေထိုင်သော ဦးနိုင်ဝင်း (၄၅)နှစ်၊ (ဘ)ဦးသံချောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၆၀/၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က) /၂၀ (က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။
၇	စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တဲမရွာနေ ဦးကျော်လင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။	၃၀-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ နန်းဘုတ်ကျေးရွာ အုပ်စု၊ တဲမကျေးရွာနေ ကျော်လင်း (၄၀)နှစ်၊ (ဘ)ဦးချမ်းမြ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား အသင့်တွေ့ရှိပြီး နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ) ၆၈/၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။
၈	ဘိုကလေးမြို့ အမှတ်(၃)ရပ်ကွက်၊ နဝရတ်လမ်းကြားနေ ခွေးဘီလူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။	၂၂-၈-၂၀၁၈ ရက်နေ့တွင် ဘိုကလေးမြို့နယ်၊ ကျွဲခြံရေကျော် တံတားထိပ်၌ စောင့်ဆိုင်းစိစစ်နေစဉ် ဖြိုးကိုကို (ခ) ခွေးဘီလူး (၂၁)နှစ်၊ (ဘ)ဦးခင်အောင်၊ (၃)ရပ်ကွက်၊ ဘိုကလေးမြို့နှင့် မြတ်မင်း(၁၅)နှစ်၊ (ဘ) ဦးထွန်းထွန်းဦး၊ (၄)ရပ်ကွက်၊ ဘိုကလေး မြို့နေသူတို့ မောင်းနှင်လာသော Honda CB-400 Super Four (လိုင်စင်စိစစ်ဆဲ)ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘိုကလေး) မယ(ပ)၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၉	စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်ရွာမှ မင်းဇော်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃၀-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်နေ မင်းဇော် (၃၁)နှစ်၊ (ဘ) ဦးသာထွေး၏ ယာတဲအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ (ဖောင်းပြင်) မယ(ပ)၆၇/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။
၁၀	ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကညင်မြိုင်အုပ်စုကျေးရွာ ဦးမောင်ရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။	၁၄-၈-၂၀၁၈ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ ကညင်မြိုင် ကျေးရွာနေ ဦးမောင်ရွှေ(ခ) ဦးစံလယ်(၅၇)နှစ်၊ (ဘ)ဦးဖိုးတီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းမဲ များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မိုးကောင်း) မယ(ပ) ၄၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။
၁၁	ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ဝွန်းကျေးရွာနေ ဦးသာပု(ခ) ဦးမြင့်ဦးသည် မူးယစ်ဆေးဝါးများအား အကြီး အကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁-၉-၂၀၁၈ ရက်နေ့တွင် ဘားအံမြို့နယ်၊ ကော့ဝွန်းကျေးရွာနေ ဦးမြင့်ဦး(ခ)သားပု(၆၇)နှစ်၊ (ဘ)ဦးဘဆွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရ မိသဖြင့် မမစ (ဘားအံ) မယ(ပ) ၂၉/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေး ယူထားရှိပါသည်။
၁၂	ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ နယ်မြေ(၈)နေ နဂါးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၆-၈-၂၀၁၈ ရက်နေ့တွင် သန်လျင်မြို့နယ်၊ နယ်မြေ(၈)၊ အမှုထမ်း ရပ်ကွက်၊ ဖွံ့ဖြိုးရေး(၅)လမ်းရှိ ဇင်သော်အောင် (ခ)နဂါး (၂၅) နှစ်၊ (ဘ)ဦးစိုးအောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်) မယ(ပ) ၂၉/၂၀၁၈၊ မူး/ စိတ်ပုဒ်မ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၃	လားရှိုးမြို့နယ်၊ နမ္မတူမြို့ သတလ(၁)ရပ်ကွက်၊ သဲကွင်း၌ တဲများ ထိုး၍နေထိုင်သော ဦးအောင်ဆန်းဒွေးသည် မူးယစ် ဆေးဝါးများ နှစ်ရှည်စွာ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။	၁-၉-၂၀၁၈ ရက်နေ့တွင် နမ္မတူမြို့ သတလ(၁)ရပ်ကွက်၊ သဲကွင်း အနီး စောင့်ဆိုင်းစိစစ်နေစဉ် အောင်ဆန်းဒွေး(၃၅)နှစ်၊ (ဘ) ဦးနေဒွန်း၊ သတလ(၁)ရပ်ကွက်၊ နမ္မတူမြို့နေသူအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိ သဖြင့် ၎င်းအား မမစ(နမ္မတူ)မယ(ပ)၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ သဲကွင်း လမ်းမပေါ် စောင့်ဆိုင်းစိစစ်နေစဉ် ရှော်ပေါင်း(၅၀)နှစ်၊ (ဘ) ဦးခေါင်းဆန်း၊ ပန်ဟိုက် (၉) ရပ်ကွက်၊ နမ္မတူမြို့နေသူအား ဘိန်းဖြူ များနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ)မယ(ပ) ၁၀/၂၀၁၈၊ မူး/ စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။
၁၄	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ သောင်ကြီးလမ်းနေ ဂဠုန်ကြီးသည်မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃၁-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ သောင်ကြီးလမ်း၊ အမှတ်(၄၂၂/က)၊ နှစ်ထပ်ဆောင်၊ အခန်း အမှတ်(၁၀)နေ ကျော်မင်းထက် (ခ)ဒုံကြီး (ခ)ဂဠုန်ကြီး (၃၅) နှစ်၊ (ဘ) ဦးမင်းသန်း၏ အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အတူ ကျော်ဇေယျ (၃၂)နှစ်၊ (ဘ)ဦးသိန်းချစ်၊ (၈) ရပ်ကွက်၊ ဝေယံထွန်း (ခ)ပိုင်ပိုင် (၁၇)နှစ်၊ (ဘ)ဦးအေးမြင့်၊ (၇)ရပ်ကွက် နေသူတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ (လှိုင်သာယာ) မယ(ပ) ၆၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။
၁၅	စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခါမ်းပတ်မြို့နယ်၊ မင်းသမီး ကျေးရွာနေ ကိုဇော်လတ်သည် ဘိန်းဖြူ WY ဆေးပြားများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၇-၈-၂၀၁၈ ရက်နေ့တွင် ခါမ်းပတ်မြို့နယ်၊ မင်းသမီးကျေးရွာနေ ဇော်လတ် (၄၃)နှစ်၊ (ဘ)ဦးမောင်ကြီး၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းစိမ်းများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ(ခါမ်းပတ်) မယ(ပ) ၄၄/၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။

စာမျက်နှာ ၁၂ သို့

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သပါတယ်။

လွှတ်တော်အသီးသီးမှာ လစ်လပ်နေတဲ့ ကိုယ်စားလှယ်များအတွက် အဲဒီမဲဆန္ဒနယ်မြေတွေမှာ မကြာတော့မယ့်အချိန် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့မှာဖြစ်ပါတယ်။ ဒီကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက မန္တလေးတိုင်းဒေသကြီးလွှတ်တော် သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၁)မှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီကို ဖွဲ့စည်းထူထောင်ခဲ့တာဟာ အနှစ်သုံးဆယ် ပြည့်မြောက်လာပြီး စည်းလုံးညီညွတ် တည်ငြိမ်ခိုင်မာစွာ ရပ်တည်နိုင်ခဲ့တဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီမှာ "လူအများကောင်းစားရေး" ကို အခြေခံတဲ့ လမ်းညွှန်သဘောတရားမူဝါဒ အခိုင်အမာရှိပါတယ်။ ဒီမူဝါဒကို အကောင်အထည်ဖော်တဲ့ "ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်" ကိုလည်း ပီပီပြင်ပြင် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပါတီရဲ့ လုပ်ငန်းတွေဆောင်ရွက်ရာမှာ အစွန်းတရားတွေဘက် ရောက်မသွားစေဖို့အတွက် "မဇ္ဈိမပဋိပဒါကျင့်စဉ်"နဲ့ ကိုက်ညီကျင့်သုံးလျက်ရှိပါတယ်။ ပါတီရဲ့ မူဝါဒရယ်၊ လမ်းစဉ်နဲ့ ကျင့်စဉ်တွေကို ဟန်ချက်ညီညီ ချမှတ်ကျင့်သုံးနေပါတယ်။

ပါတီတွင်းမှာ တစ်ဦးကောင်း တစ်ယောက်ကောင်းဝါဒကို ရှောင်ရှားပြီး ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနဲ့အညီ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ရှိမှု၊ တာဝန်ယူမှုတွေကို အခိုင်အမာကျင့်သုံးလျက်ရှိပါတယ်။

အဓိကကျတာကတော့ ကျွန်တော်တို့ပါတီရဲ့ပါတီဝင်တွေအနေနဲ့ ပါတီအပေါ်ထားရှိတဲ့ သစ္စာတရားနဲ့အတူ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စွမ်းရည်တွေနဲ့ အနစ်နာခံဆောင်ရွက်မှုတွေကြောင့်လည်း အခုလို အနှစ် ၃၀ အထိ တည်ငြိမ်ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်တယ်လို့ ပါတီအပေါ်မှာ မဲဆန္ဒရှင်ပြည်သူများ အကဲခတ်ဆန်းစစ်နိုင်အောင် တင်ပြနေခြင်းဖြစ်ပါတယ်။

အခုကြားဖြတ်ရွေးကောက်ပွဲမှာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်အတွက် သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှာ ဝင်ရောက်အရွေးချယ်ခံမယ့် ကိုယ်စားလှယ်လောင်းကတော့ ဦးညီညီဖြစ်ပါတယ်။ သပိတ်ကျင်းမြို့နယ် ဇာတိသား လိပ်ကျကျေးရွာက ဖြစ်ပါတယ်။ ဒေသသားဖြစ်ပြီး ကိုယ့်ရပ်ဆွေ၊ ရပ်မျိုးဖြစ်နေတာကြောင့် ပါတီအနေနဲ့ တင်ပြစရာမလိုအောင် "အူမချေးခါး" ကအစ သိနေကြမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကဲခတ် မှတ်ကျောက်တင် စိစစ်ခံနိုင်သူဖြစ်ပါတယ်။

ပါတီစုံစနစ်မှာ ဒီမိုကရေစီယဉ်ကျေးမှုအရ မဲဆန္ဒရှင်များအနေနဲ့ မိမိတို့ရဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ကြရာမှာ လူကိုမကြည့်ဘဲ ပါတီကိုပဲကြည့်ပြီး ရွေးချယ်တာဟာ လိုအပ်ချက်ဖြစ်သလို ပါတီကိုမကြည့်ဘဲ လူကိုပဲကြည့်ပြီး ရွေးချယ်ပြန်ပါကလည်း မပြည့်စုံတဲ့ ရွေးချယ်မှုဖြစ်မှာပါ။ ဒါ့ကြောင့် မဲဆန္ဒရှင်ပြည်သူများအနေနဲ့ အခုကြားဖြတ်ရွေးကောက်ပွဲမှာ ပါတီကိုရော၊ လူ (ကိုယ်စားလှယ်လောင်း) ကိုပါ ကြည့်ပြီး ဆန်းစစ်အကဲဖြတ်ကြပါ။ ဆန္ဒမဲပေးကြပါလို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ကိုယ်စား အလေးအနက်ပန်ကြားအပ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-

မကြာခင်ကာလအတွင်းက တိုင်းဒေသကြီး၊ ပြည်နယ်ငါးခုမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် တောင်သူလယ်သမား မိသားစုတွေနဲ့ ကျေးလက်နေပြည်သူတွေဟာ ရေဘေးဒုက္ခတွေနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။ အစိုးရရော၊ နိုင်ငံသူ၊ နိုင်ငံသား၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများပါမကျန် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြရပါတယ်။ နိုင်ငံရဲ့အသက်သွေးကြောဖြစ်တဲ့ လယ်ယာကဏ္ဍမှာ စိုက်ဧက သိန်းနဲ့ချီပြီး ထိခိုက်ပျက်စီးတယ်ဆိုတာလည်း သိရပါတယ်။ အဲဒီလို ထိခိုက်တဲ့နေရာမှာ တောင်သူလယ်သမားတွေရဲ့လယ်ယာစီးပွားရေးဘဝ ပြန်ပြီးနာလန်ထူလာအောင် အားလုံးက ဝိုင်းပြီး အဓိကဦးစားပေးလုပ်ငန်းအနေနဲ့ ကြိုးပမ်းဆောင်ရွက်ကြရမယ်ဆိုတာ ကျွန်တော်တို့ပါတီက အလေးအနက်ခံယူထားပါတယ်။

ရေဘေး လေဘေးကြောင့် ပျက်စီးသွားတဲ့ အိုးအိမ်၊ လမ်း၊ တံတား၊ စာသင်ကျောင်း၊ လျှပ်စစ်ဆက်သွယ်မှု စတဲ့အခြေခံအဆောက်အအုံများကို မူလအခြေအနေပြန်ရောက်အောင် ဆောင်ရွက်ရေးဟာလည်း အထူးဦးစားပေးလုပ်ငန်းအဖြစ် ကျွန်တော်တို့ ပါတီက သတ်မှတ်ထားပါတယ်။ အားလုံးဝိုင်းဝန်းကူညီလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ ၂၀၀၈ ခုနှစ် နာဂစ်လေမုန်တိုင်း

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေ

ဒဏ်ခံရပြီးနောက်ပိုင်း နှစ်တိုင်းလို ရာသီဥတုဖောက်ပြန်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ ဒါ့အပြင် ငွေကြေးအရင်းအနှီး မပြည့်စုံမှု၊ လယ်ယာလုပ်သားရှားပါးမှု၊ လယ်ယာသွင်းအားစုတွေရဲ့ဈေးနှုန်းကြီးမှု၊ လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းတွေရဲ့ ဈေးကွက်မတည်ငြိမ်မှု၊ ပုံစံ(၇)စတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်မတည်ငြိမ်မှု စတာတွေကို နှစ်စဉ်လို ကြုံတွေ့ပြီး လယ်ယာလုပ်ငန်းခွင်မှာ မပျော်ပိုက်တဲ့ အခြေအနေရှိနေပါတယ်။

ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် တည်ဆဲဥပဒေအနေနဲ့ "တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ" ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေမှာပါတဲ့ တောင်သူလယ်သမားတွေအတွက် အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ပြည့်စုံအောင် အကောင်အထည်မဖော်နိုင်သေးပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့ပါတီအနေနဲ့ တည်ဆဲဥပဒေဖြစ်တဲ့ "တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ" ပါ ပြဋ္ဌာန်းချက်များ အမြန်ဆုံးအကောင်အထည်ဖော်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-

အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခကြေးငွေကို ၄၈၀၀/- ကျပ် တိုးမြှင့်ပေးခဲ့ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့စီးပွားရေး နာမကျန်းဖြစ်နေမှုကြောင့် အခြေခံစားကုန်ဈေးနှုန်းတွေ တက်လာတဲ့အတွက် အလုပ်သမားတွေရဲ့လုပ်ခနဲ့ ဈေးနှုန်းဟာ "ဖုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်" ဆိုသလိုဖြစ်ပြီး အလုပ်သမားတွေ အကျိုးမခံစားရပါဘူး။ ရေရှည်အတွက် အလုပ်သမားတွေရဲ့ အကျိုးစီးပွားကိုကြည့်ပြီး "လုပ်ခနဲ့ ဈေးနှုန်း" မူဝါဒတွေကို ချမှတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အချို့စက်ရုံ၊ အလုပ်ရုံပိတ်မှုတွေ၊ လူအင်အားလျှော့ချမှုတွေ၊ စက်ရုံ အလုပ်ရုံတွေရဲ့ လုပ်ငန်းအပြောင်းအရွှေ့တွေ၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပီပီပြင်ပြင် အကောင်အထည်မဖော်နိုင်တာတွေကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ အလုပ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ အလုပ်သမားတွေရဲ့ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးလုပ်ငန်းတွေကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြင်ဆင်ထားတဲ့ ဘတ်ဂျက်နှစ်အတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်အရအသုံးကို လွှတ်တော်မှာ တင်ပြတဲ့အခါ ၂၀၁၈/၂၀၁၉ ခုနှစ် ဘတ်ဂျက်လိုငွေဟာ ကျပ်ဘီလီယံငါးထောင်နီးပါးရှိပြီး စံချိန်တင်လိုငွေပြလျက်ရှိနေပါတယ်။ ဒီလိုငွေကို နိုင်ငံတော်က ဖြည့်ဆည်းတဲ့အခါမှာ အခွန်အတုတ်ကောက်ခံမှုဟာ နည်းလမ်းတစ်ခုအနေနဲ့ မလွဲမသွေပါလာမှာ ဖြစ်ပါတယ်။ လုပ်သားပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် အခွန်အကောက်ဆိုင်ရာ မူဝါဒများချမှတ်ပြီး ပြည်သူများ အခွန်ကြောင့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးကို လှုံ့ဆော်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-

ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးဖြစ်တဲ့အပြင် နိုင်ငံရဲ့ အနာဂတ်လည်းဖြစ်ပါတယ်။ ပြည်သူတွေ လိုလားနေတဲ့ "ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး" "ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" မျှော်မှန်းချက်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအပေါ်မှာ အဓိကမူတည်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အားသွန်ခွန်စိုက် ကြိုးပမ်းပါဝင်လျက်ရှိပါတယ်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကျွန်တော်တို့ ပါတီက ကိုင်စွဲထားတဲ့ သဘောထားတွေကတော့-

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးကြရေး၊
- အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲတွေ အောင်မြင်စွာ ကျင်းပနိုင်ရေး၊
- ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုဖြစ်ထွန်းပေါ်ပေါက်လာရေး၊
- အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးမူဝါဒတွေ ချမှတ်ရေးတို့ ဖြစ်ပါတယ်။

ဒီသဘောထားတွေနဲ့အညီ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ထဲထဲဝင်ဝင်ဆက်လက်ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပွားနေတဲ့ အရေးကိစ္စဟာ ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံများကပါ ဖြစ်ရပ်မှန်များနဲ့ နိုင်ငံတော်ရဲ့ လုပ်ဆောင်ချက်အပေါ်မှာ လျစ်လျူရှုပြီး အနောက်မီဒီယာများရဲ့မမှန်သတင်းလုပ်ကြံမှုတွေ၊ ကောက်ချက်တွေအပေါ် အခြေခံပြီး ပြောဆိုလုပ်ဆောင်နေတာတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေကို စွက်ဖက်ထိပါးစေတဲ့ လုပ်ရပ်တွေလို့ ကျွန်တော်တို့ပါတီက ခံယူထားပါတယ်။

ဒါ့ကြောင့် ရခိုင်ပြည်နယ်အရေးကို အခြေခံပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးစွက်ဖက်လာတဲ့ကိစ္စ၊ ပြည်ထောင်စုရဲ့ ပိုင်နက်နယ်မြေကို ခြိမ်းခြောက်လာတဲ့ကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း လုံခြုံအေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အန္တရာယ်ဖြစ်စေမယ့် လုပ်ရပ်မှန်သမျှကို ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ ကန့်ကွက်ဆန့်ကျင်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-

အခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများအနေနဲ့ ဆန္ဒမဲပေးရာမှာ ပါတီအဖွဲ့အစည်းကိုရော ကိုယ်စားလှယ်လောင်း "လူ" ကိုပါ ကြည့်ပြီး အကဲခတ်ဆန္ဒမဲပေးနိုင်ဖို့ ပါတီရဲ့အနေအထား၊ သပိတ်ကျင်းမြို့နယ် မဲဆန္ဒ နယ်မြေ(၁) ပါတီကိုယ်စားလှယ်လောင်းရဲ့ အခြေအနေများနဲ့ ပါတီရဲ့ သဘောထား လုပ်ငန်းစဉ်တွေကို ကျွန်တော်အကျဉ်းချုပ် တင်ပြခဲ့ပြီးဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော်ရဲ့အကျိုး၊ ဒေသရဲ့အကျိုးနဲ့ ပြည်သူတစ်ရပ်လုံးရဲ့အကျိုးစီးပွားကို အမှန်တကယ် သယ်ပိုးပေးနိုင်မယ့် ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးကြပါလို့ ဆန္ဒပြုလိုက်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

"တို့ပါတီအောင်ရမည်"

- နှစ်ပေါင်းထောင်သောင်းချီ ရှေးရှေးတုန်းက အမွေအနှစ် အတိတ်ဆီက မြန်မာပြည် တို့ဘိုးဘွားများတည်ဆောက်ခဲ့ကြသည်-
- (နိုင်ငံတော်ရဲ့အလံ တလွင့်လွင့်ချီ)၂
- လွတ်လပ်တဲ့မြန်မာပြည် တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးသည် မြန်မာနိုင်ငံကမ္ဘာတည် တို့ချစ်တဲ့အလံတော်တလွင့်လွင့်ချီ
- တိုင်းရင်းသားအားလုံးညီညွတ်မည်။ ညီရင်းအစ်ကိုပမာ တို့ချစ်ကြည်၊ ထာဝစဉ်မကွဲ လက်တွဲမည်။ ဒါမှ ဒို့ပါတီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်။
- မြန်မာပြည် တို့- တိုင်းပြည် မြန်မာတို့ရဲ့ဇာတိသွေးက ဇွဲမာန်အစစ်ဖြစ်သည်။ တိုင်းရင်းသားတို့ ထာဝရစည်းလုံးညီညွတ်မည်။ အမျိုးသားရေးကိုဦးတည် နိုင်ငံတော်ကို ချစ်မြတ်နိုးသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်း ယနေ့ခြေစမ်းမည်

ရန်ကုန် စက်တင်ဘာ ၃

အာရှအဆင့် ခြေစစ်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းသည် စက်တင်ဘာ ၄ ရက် (ယနေ့)ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဝင်ကြေးအခမဲ့သတ်မှတ်ထားသည်။

စင်ကာပူ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းသည် မြန်မာနိုင်ငံသို့ ငါးရက်ကြာ ခြေစမ်းခရီးစဉ် လာရောက်မည်ဖြစ်ပြီး ယူ-၁၆ အသင်းက ခြေစမ်းပွဲ နှစ်ပွဲ၊ ယူ-၁၉ အသင်းက ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၉ အာရှ ယူ-၁၆ ခြေစစ်ပွဲကို ယခုလအတွင်း ကျင်းပမည်ဖြစ်သောကြောင့် မြန်မာ ယူ-၁၆ အသင်းသည် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ခြေစမ်းပွဲများကို စက်တင်ဘာ ၄ ရက်နှင့် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် ယနေ့တွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်း၊ စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် မြန်မာ ယူ-၁၉ အသင်းနှင့် စင်ကာပူ ယူ-၁၉ အသင်း၊ ညနေ ၃ နာရီခွဲတွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ခြေစမ်းပွဲအားလုံးကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် စင်ကာပူ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (င) ကို နီပေါနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှားနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ဆီးရီးယားအသင်းမှာမူ ခြေစစ်ပွဲမှ နုတ်ထွက်ခဲ့သောကြောင့် လေးသင်းသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲအုပ်စုပွဲများကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

မြန်မာလူငယ်အမျိုးသမီးအသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။

❒ *ကျောဖုံးမှ*

မြန်မာ ယူ-၂၁ အသင်းသည် နိုင်ငံတကာ အတွေ့အကြုံရှိသည့် တိုက်စစ်မှူးများဖြစ်သော အောင်ကောင်းမာန်နှင့် စအောင်ပြည့်ကိုတို့ကို ရွေးချယ်ခဲ့သော်လည်း ဒဏ်ရာပြဿနာများကြောင့် ချန်လှပ်ခဲ့ရသည်။ မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲ မတိုင်မီ အကြိုပြင်ဆင်မှုအဖြစ် ပြည်တွင်း MNL ကလပ်အသင်းများဖြစ်သည့် ရောဝတီ၊ မကွေး၊ ရှမ်းယူနိုက်တက်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲစလုံး ရှုံးနိမ့်ခဲ့သည်။

အုပ်စုပွဲများကို စက်တင်ဘာ ၄၊ ၆၊ ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

မြန်မာဖူဆယ်အသင်း စက်တင်ဘာ ၁၇ ရက်တွင် စတင်လေ့ကျင့်မည်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ၂၀၁၈ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၇ ရက်တွင် စခန်းဝင်လေ့ကျင့်မှုများ စတင်ပြုလုပ်မည် ဖြစ်သည်။ မြန်မာဖူဆယ်အသင်းနည်းပြချုပ် ဦးဒွေးမြင့်သည် ပဏာမကစားသမားများ ရွေးချယ်ရန် လက်ရှိကျင်းပနေသည့် ဖူဆယ်လိဂ်ပြိုင်ပွဲကို လိုက်လံကြည့်ရှုလျက်ရှိပြီး ပဏာမလူစာရင်းကို စက်တင်ဘာလ ဒုတိယပတ်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာဖူဆယ်အသင်းကို ပဏာမကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အောင်မြင်မှုရရန် ပြင်ဆင်သွားမည်ဖြစ်သည်။

နည်းပြချုပ် ဦးဒွေးမြင့်သည် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ယာယီကိုင်တွယ်သည့် နှစ်ကြိမ်စလုံးအောင်မြင်မှု ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ၎င်းကို ဆက်လက်တာဝန်ပေးထားသည်။ မြန်မာဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်ချိန် နှစ်လကျော်ရမည်ဖြစ်ပြီး အောက်တိုဘာလတွင် နိုင်ငံတကာခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်းမှ အသက် ၂၇ နှစ်အရွယ် စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာသည် တစ်ပါတ် ပေါင် သုံးသိန်းငါးသောင်းဖြင့် မန်ယူအသင်း၌ စာချုပ်သစ်ချုပ်ဆိုသွားရန် မျှော်လင့်လျက်ရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းမှ အသက် (၃၀)အရွယ် ဘရာဇီးဘယ်နောက်ခံကစားသမား မာဆယ်လိုသည် ၎င်း၏ အသင်းဖော်ဟောင်း စီရိုနယ်ဒိုရှိသော ဂျူဗင်တပ်စ်အသင်းထံသို့ ပြောင်းရွှေ့ကစားချင်နေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့၏ ပစ်မှတ်တစ်ခုဖြစ်ခဲ့သော လာဇီယိုအသင်းမှ အသက် (၂၃ နှစ်)အရွယ် ဆားဘီးယားကွင်းလယ်ကစားသမား မီလန်ကိုဗစ်-ဆာဗစ်သည် ယခုနှစ်နွေရာသီတွင် ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်ရန် သဘောတူညီမှုရရှိခဲ့သော်လည်း ပျက်ပြယ်သွားခဲ့ကြောင်း Calciomercato တွင် ဖော်ပြထားသည်။
- အာဆင်နယ်အသင်းမှ ဂျာမနီနောက်ခံကစားသမား မူစတာဖီအား တနင်္ဂနွေနေ့က ကာဒစ်ဖ်အသင်းကို အဖွင့်ဂိုးသွင်းယူပြီးနောက် ၎င်း၏ အောင်ပွဲခံမှုနှင့်ပတ်သက်ပြီး ဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်ချမှတ်သွားဖွယ်ရှိကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ပရီမီယာလိဂ် ပွဲစဉ် ၄ အဖြစ် စက်တင်ဘာ ၂ ရက်နေ့က ဘန်လေအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ထိုပွဲတွင် ဖယ်လိုင်နီသည် ပရီမီယာလိဂ် ပွဲ ၂၅၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။ အနိုင်ဂိုးနှစ်ဂိုးသွင်းယူခဲ့သော လူကာကူသည် ၂၀၁၇ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် မန်ယူအသင်းအတွက် ပထမဆုံးအကြိမ် နှစ်ဂိုးဆက်ပြန်လည်သွင်းယူနိုင်ခဲ့ကြောင်းလည်း သိရသည်။

အောင်ဇော်

❖ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်-** ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ-** ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**-ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-**ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ခင်သီတာအေး၊ **နောက်တန်း-**ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ငယ်ငယ်ထွေး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း-**ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ နန့်မေသဇင်၊ နုနု၊ ခင်မိုးဝေ၊ **ရှေ့တန်း**-ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်နှင့် နီလာဝင်းတို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

စာမျက်နှာ ၁၀ မှ

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁၆	တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ မြိတ်မြို့ ကန်ဖျားရပ်ကွက်၊ ရဲသိပ္ပံလမ်း ဦးရွှေသန်းရေခဲစက် လမ်းသွယ်နေ ကိုစိုးမင်းထိုက်သည် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားလျက်ရှိသဖြင့် လူငယ်တိုင်း၏ မိဘတိုင်းလိုလို စိတ်ဆင်းရဲကိုယ်ဆင်းရဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	၂၅-၈-၂၀၁၈ ရက်နေ့တွင် မြိတ်မြို့ ကန်ဖျားနယ်မြေ၊ အရှေ့ကန်ဖျားရပ်ကွက်၊ ဦးရွှေသန်း ရေခဲစက်လမ်း၊ အမှတ် (၅၆)နေ စိုးမင်းထိုက်(ခ)မျိုးမင်းထိုက် (ခ)မင်းထိုက် (၃၄)နှစ်၊ (ဘ)ဦးရွှေထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူမင်းမင်းခိုင်(၂၇)နှစ်၊ (ဘ)ဦးရီလွင်၊ အောင်ချမ်းသာရပ်ကွက်၊ ရာဇာမင်း(၂၃)နှစ်၊ (ဘ)ဦးလှစွမ်၊ ဝန်ထမ်းရပ်ကွက်၊ ပိုင်ဇေဦး(၃၀)နှစ်၊ (ဘ)ဦးပန်းစိန်၊ ကလွင်ရွာမ ရပ်ကွက်နှင့် သူရိန်စိုး (၂၂)နှစ်၊ (ဘ)ဦးထွန်းဝင်း၊ ခရူတော တောင်ပေါ်ရပ်ကွက်နေသူတို့(၅) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြိတ်) မယ(ပ) ၁၆၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀ (က) /၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၁၇	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ လက်ပံကုန်းကျေးရွာနေ ဦးလှမင်းသည် မူးယစ်ဆေးဝါးများ အကြီးအကျယ်ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၃၁-၈-၂၀၁၈ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ လက်ပံကုန်းကျေးရွာရှိ ဦးလှမင်း (၄၈)နှစ်၊ (ဘ)ဦးမောင်မိုး၏ နေအိမ် အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ယောက်ဖတော်စပ်သူ စန်းအောင် (၃၃)နှစ်၊(ဘ)ဦးပြည့်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(နောင်ချို) မယ(ပ) ၅၈/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၁၈	ကချင်ပြည်နယ်၊ ကာမိုင်းမြို့ မအူပင်စုရပ်ကွက်နေ ဦးဖိုးအေးနှင့်ဇနီး ဒေါ်ဝင်းမေ၏ သားဖြစ်သူ ဖိုးသားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၇-၈-၂၀၁၈ ရက်နေ့တွင် ကာမိုင်းမြို့ မအူပင်စုရပ်ကွက်နေ ဦးဖိုးအေးနှင့်ဇနီး ဒေါ်ဝင်းမေနှင့် သားဖြစ်သူ ဖိုးသား (ခ)စိုးသူရတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့အား မတွေ့ရှိဘဲ စိုးမင်းနိုင်(ခ)အနိုင် (၃၃) နှစ်၊ (ဘ)ဦးအောင်စိုးအား တွေ့ရှိရပြီး ဖိုးသား(ခ)စိုးသူရ (၃၄)နှစ် အိပ်သည့် အခန်းအတွင်းမှ အဆင့်နိမ့်ဘိန်း၊ ဘိန်းစိမ်း၊ တူမီးသေနတ် (၂)လက်၊ လေသေနတ်(၁)လက်၊ တူမီးသေနတ်သုံး ယမ်းမှုန့် (၃) ဗူး၊ ၅.၅၆ ကျည်(၂၀)တောင့်၊ လက်ပစ်ဗုံး (စနစ်တံမပါ) (၁)လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိပြီး စိစစ်ရာ မူးယစ်ဆေးဝါးများအား ဖိုးသား(ခ) စိုးသူရနှင့်အတူ ရောင်းဝယ်/သုံးစွဲကြောင်း သိရှိရသဖြင့် ၎င်းတို့(၂) ဦးအား နမစ (ကာမိုင်း) မယ(ပ)၂၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/ ၂၂(ခ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၁၉	စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ အောင်မင်္ဂလာရပ်၊ နတ်ကြီးစင်လမ်းနေ မဝါဝါမင်းနှင့်တူဖြစ်သူ စစ်ကောင်းဟန်တို့သည် မူးယစ်ဆေးဝါးများအကြီးအကျယ်ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၈-၈-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့ အောင်မင်္ဂလာရပ်ကွက်၊ နတ်ကြီးစင်လမ်းနေ ဒေါ်ဝါဝါမင်း(၄၅)နှစ်၊ (ဘ) ဦးမောင်လေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တူဖြစ်သူ စစ်ကောင်းဟန်(၃၀) နှစ်၊(ဘ)ဦးထွန်းထွန်းဟန်တို့အား နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ရေဦး) မယ(ပ) ၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁-၉-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၂၀၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၂၈၃)ဦး၊ မ(၅၂)ဦး၊ ပေါင်း(၃၃၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၉၆၄.၁၉)ဂရမ်၊ ICE(၂.၁၅)ဂရမ်၊ ဘိန်းမဲ(၃၂၇.၆၅)ဂရမ်၊ ဘိန်းစိမ်း(၁၁၄၄၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၀၀.၅၀) ဂရမ်၊ ဘိန်းချေးခဲ(၂၇.၅၀)ဂရမ်၊ ဘိန်းစာမှုန့်(၁၅၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၂၆၆)ဂရမ်၊ စိတ်ကြွဆေးပြား(၉၃၄၇၂)ပြား၊ ဆေးခြောက်(၂၈၆၆.၀၈)ဂရမ်၊ ဘိန်းရည်(၀.၁၀)လီတာ၊ ဘိန်းဆီခဲ(၂၁၃.၄၀)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁.၆၀) ဂရမ်၊ သေနတ်မျိုးစုံ(၆)လက်၊ ကျည်မျိုးစုံ(၁၇၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများဖြစ်သော ရှမ်းပြည်နယ်အတွင်း မူဆယ်မြို့ နမ့်ပေါ်တံတား၌ တရားခံအမျိုးသား(၁၁) ဦးထံမှ အီသိုင်း/အီသာ(၂၅၀၀၀)လီတာ၊ ကဖင်း(၂၀၀၀၀၀)ဂရမ်၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (၂၆၀၀၀)လီတာ၊ အက်စီတုန်း (၁၇၀၀၀) လီတာ၊ (၁၂)ဘီးမော်တော်ယာဉ်(၃)စီး၊ ကွတ်ခိုင်မြို့နယ်၊ လွယ်ခန်ကျေးရွာအရှေ့ဘက် (၁၂)မိုင်ခန့် အကွာ၌ နယ်မြေရှင်းလင်းရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆာလဖျူရစ်အက်စစ် (၆၀၀၀)လီတာ၊ လွိုင်ဇော(၄၀၀)လီတာတို့အား လည်းကောင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်အတွင်း တရားခံအမျိုးသား(၆)ဦးနှင့် အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၂၃)ပြား၊ ဆေးခြောက် (၃၀၀.၆)ဂရမ်အား လည်းကောင်း၊ လက်နက်နှင့် အတူဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၂) ပြား၊ တူမီးသေနတ် (၂)လက်တို့ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၆-၈-၂၀၁၈ ရက်နေ့မှ ၁-၉-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၃၄၁)မှုတွင် တရားခံကျား(၄၁၈)ဦး၊ မ(၅၃)ဦး၊ ပေါင်း(၄၇၁)ဦးကို ဘိန်းဖြူ(၁၈၄၃.၁၂)ဂရမ်၊ ICE(၂၅၀.၆၄)ဂရမ်၊ ဘိန်းစိမ်း(၃၄၀၉.၇၈)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃.၃၀)ဂရမ်၊ ဘိန်းစာမှုန့်(၅၄၇.၆၆)ဂရမ်၊ ဘိန်းစာရွက်(၃၀၀)ဂရမ်၊ စိတ်ကြွဆေးပြား (၂၀၀၆၃၄)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၀.၄)ဂရမ်၊ ဆေးခြောက်(၉၆၄၃.၇၀)ဂရမ်၊ ဘိန်းဆီခဲ (၁၂၂.၈၃) ဂရမ်၊ ဘိန်းရည်(၀.၆)လီတာ၊ ဗျူပရီနော်ဖင်းဆေးပြား(၁၀)ပြား၊ ထရာမဒေါလ်ဆေးတောင့် (၁၀)တောင့်၊ ကဖင်း(၂၀၀၀၀၀)ဂရမ်၊ ဆာလဖျူရစ်အက်စစ်(၆၀၀၀)လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (၂၆၀၀၀) လီတာ၊ အက်စီတုန်း(၁၇၀၀၀)လီတာ၊ အီသိုင်း/ အီသာ(၂၅၀၀၀) လီတာ၊ လွိုင်ဇော(၄၀၀)လီတာ၊ တူမီးသေနတ်(၂)လက်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀

ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃

အီးမေးလ်လိပ်စာ - **antinarcotics@presidentoffice.gov.mm**

စတိုးဆိုင်အတွင်း ခြိမ်းခြောက်ပိုက်ဆံတောင်းသူကို ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပါရမီကားဝင်းရှေ့ One Stop Mark ဆိုင်တွင် စက်တင်ဘာ ၃ ရက် ၀၀း၅၀ နာရီတွင် ညအရောင်းဝန်ထမ်း ဝေလင်းအောင် (၂၂ နှစ်) နှင့် နန်းဇင်ဝင်း (၂၃ နှစ်)တို့သည် အရောင်းကောင်တာ၌ ငွေရေတွက်နေစဉ် အမျိုးသား သုံးဦး ရောက်ရှိလာပြီး "အရက်သောက်ချင်တယ်။ ပိုက်ဆံပေး" ဟုပြောကာ ကောင်တာအတွင်းမှ ငွေကျပ် ၇၇၁၄၀၀ ကို ယူဆောင်ခဲ့ကြောင်း၊ ထို့နောက် တစ်ဦးက စတီးဓားပြကာ ဝေလင်းအောင်ကို "မင်းကိုလည်းသိတယ်၊ မင်းနေတဲ့နေရာကိုလည်းသိတယ်၊ အော်ရင် သတ်ပစ်မယ်"ဟု ပြောကာ အဆိုပါလူသုံးဦးမှာ ဆိုင်အတွင်းမှထွက်ပြေးသွားကြောင်း တိုင်တန်းချက်အရ တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ဆိုင်ရှိ CCTV မှတ်တမ်းအား ကြည့်ရှုပြီး လိုက်လံစုံစမ်းရှာဖွေနေစဉ် နံနက် ၃ နာရီ ၅၅ မိနစ်တွင် ပါရမီလမ်းနှင့် ဝေဇယန္တာ မီးပွိုင့်အနီး၌ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် တကောင်း(၄)လမ်း အမှတ်(၆၇)နေ ဖိုးလပြည့်(ခ)ချစ်ဦး (၂၀ နှစ်)ကို ဖမ်းဆီးရမိသဖြင့် စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် ၎င်းနှင့်အတူ ပါဝင်ခဲ့သူများမှာ မြောက်ဥက္ကလာပမြို့နယ်နေ ကျော်မင်းထွန်း(၂၅ နှစ်) နှင့် တောင်ဥက္ကလာပမြို့နယ်နေ သော်ဦးဇင်(ခ) တရုတ်လေး (၂၆ နှစ်)တို့ဖြစ်ကြောင်း သိရှိရပြီး ဖိုးလပြည့်(ခ) ချစ်ဦးထံမှ Sky Way KTV ဆိုင်၏ကျသင့်ငွေကျပ် စုစုပေါင်း ၅၃၀၂၅ ကျပ်ပါ ဘောက်ချာနှစ်ရွက်၊ ငွေစက္ကူရောရာ ၄၄၀၀၀ တို့ကို သိမ်းဆည်းရမိသောကြောင့် ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လင်းလင်းထွန်း

မြန်မာ့ရုပ်မြင်သံကြား

၄-၉- ၂၀၁၈(အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ရှေ့နေနှင့် စာရိတ္တမာန" ဦးဟန်ညွန့် (ဥပဒေ)၊ ဒိတ်ဒိတ်၊ ခင်ဖြူဖြူသန့်(ဒါရိုက်တာ-ဝေဠု (ဝသန်))
- ၉ း ၁၀ - "ပြည်တွင်းလက်မှုဂုဏ်ဆောင် ပခုက္ကူချည်စောင်"
- ၉ း ၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - "သမိုင်းပုံရိပ်တို့ ထင်ကျန်နေ တိုင်းရောရဲ့ ခနေ့ဖြူမြေ"
- ၁၁း၃၀ - လှမ်းလာခဲ့ပါ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ပြတိုက် တည်ရှိရာ
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ "(အပိုင်း - ၃၉)
- ၁၃း၃၀ - Yes or No Talk Show
- ၁၄း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၁၇)
- ၁၅း၂၀ - ရွှေရောင်နေ့သစ်များဆီသို့

ညပိုင်း

- ၁၆း၂၅ - YTN (Science) "သိပ္ပံနှင့် အနုပညာဆက်သွယ်မှု တံတားများ"
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - Football Magazine
- ၁၈း၃၅ - "ဖဲယျာရွှေမြေနှင့် ငွေထည်လုပ်ငန်း"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

တိုက်ကြီးမြို့ ပူးပေါင်းဂိတ်၌ တရားမဝင် ခိုးဝင်လာသူတစ်ဦး ဖမ်းဆီးရမိ

တိုက်ကြီး စက်တင်ဘာ ၃

တိုက်ကြီးမြို့ ပူးပေါင်းအဖွဲ့သည် တိုးဂိတ်အနီး ယာဉ်ဝင်/ယာဉ်ထွက် စစ်ဆေးရေးဂိတ်တွင် တာဝန်ယူဆောင်ရွက်နေစဉ် ပြည်မှ ရန်ကုန်ဘက်သို့ အငှားယာဉ်မောင်း ဦးဇော်မင်း (၄၀ နှစ်) တိုက်ကြီးမြို့နေသူ မောင်းနှင်သော ယာဉ်အမှတ် YGN 11 /----မီဇူဘီရှိကော့ အငှားယာဉ်ကို ပူးပေါင်းအဖွဲ့က စစ်ဆေးမေးမြန်းခဲ့ရာ ယာဉ်နောက်ခန်းတွင် လိုက်ပါစီးနင်းလာသော မောင်သိန်းရွှေ(ခ)မာမက်ရော်ဖီးအား ငွေကျပ် ၁၈ သိန်းဖြင့် မောင်ဇာနည်အောင်က ခေါ်ဆောင်လာပြီး ဖုန်းအမှတ် ၀၉-၄၄၂၇၈၅၅၆ ကိုင်ဆောင်သော ရန်ကုန်မြို့နေ နာနားဆိုသူထံ အောင်မင်္ဂလာအဝေးပြေးကားဝင်း ဘေးတွင် ပို့ဆောင်ရန် ချိန်းဆိုထားကြောင်း၊ ၎င်းတို့သည် စက်တင်ဘာ ၁ ရက် ည ၉ နာရီတွင် စစ်တွေမြို့မှ ဆိုင်ကယ်ဖြင့် ထွက်ခွာလာကြောင်း၊ ပဒါန်းမြို့တွင် တစ်ညအိပ်ကာ စက်တင်ဘာ ၂ ရက် နံနက် ၆ နာရီတွင် ရန်ကုန် - ပြည်ကားလမ်းအတိုင်း ဆိုင်ကယ်နှင့် ဆက်လက်ထွက်ခွာလာရာ တိုက်ကြီးမြို့သို့ ညနေ ၃ နာရီတွင် ရောက်ရှိလာပြီး မင်္ဂလာရပ်ကွက်ရှိ မစိုးရိမ်ကျောင်းဝင်း၌ ဆိုင်ကယ်ကိုထားရှိကာ ငွေကျပ် ၁၅၀၀၀ ဖြင့် ကားငှားရမ်း၍ ရန်ကုန်သို့ထွက်ခွာခဲ့ကြောင်း သိရသည်။

မစိုးရိမ်ကျောင်းမှ ဆိုင်ကယ်ကို သိမ်းဆည်းသိမ်းရမိခဲ့သဖြင့် တရားမဝင် ခိုးဝင်သူ မောင်သိန်းရွှေ(ခ) မာမက်ရော်ဖီး (၁၉ နှစ်) နှင့် ပို့ဆောင်ပေးသူ မောင်ဇာနည်အောင် (၂၇ နှစ်) အလယ်သံကျော်ကျေးရွာ မောင်တောမြို့နေသူတို့ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅၉ စီး၊ သွင်းကုန် ၆၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၄ စီး၊ သွင်းကုန် အစီး ၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၂၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅၁၁ သန်းခန့် စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၉၃၁ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် စက်တင်ဘာ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ CROWN ယာဉ်နှစ်စီးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကားအသုံးအဆောင်ဆက်စပ်ပစ္စည်း ၁၆ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၂၀သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြစ်ကြီးနား၌ မီးလောင်မှုဖြစ်

မြစ်ကြီးနား စက်တင်ဘာ ၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၌ စက်တင်ဘာ ၂ ရက် ညနေပိုင်းက ကလေးငယ်များ မီးခြစ်ဖြင့် ဖယောင်းတိုင်မီးထွန်းညှိဆော့ကစားရာမှ နေအိမ်မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးဝင်းထံမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ရာဒါကောင်း(B) နယ်မြေနေ ဒေါ်ရွှယ်နန်(၂၈ နှစ်)သည် ခင်ပွန်းဖြစ်သူ ခရီးထွက်ရန် ဘူတာသို့လိုက်လံပို့ဆောင်စဉ် နေအိမ်၌ ကလေးငယ်များ ကျန်ရှိခိုက် နေအိမ် အိပ်ခန်းခုတင်ပေါ်တွင် မီးခြစ်ဖြင့် ဖယောင်းတိုင်မီးထွန်းကစားရာမှ အိပ်ရာမှတစ်ဆင့် နေအိမ်သို့မီးကူးစက်လောင်ခဲ့သည်။

မီးလောင်ရာနေရာသို့ မြစ်ကြီးနားခရိုင်မီးသတ်ဦးစီးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်သူထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် အရန်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ပေ ၂၀ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ နံကပ်နှစ်ထပ် နေအိမ်အပေါ်ထပ်နှင့် ကြမ်းခင်းများ မီးလောင်ခဲ့ကာ သုံးနှစ်အရွယ်ကလေးငယ် မောင်ဒီဝမ်းရှယ်၏ ယာဘက်ဒူးခေါင်းတွင် အနည်းငယ် မီးလောင်ဒဏ်ရာ ရရှိခဲ့သဖြင့် ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ပြီး မီးလောင်မှုဖြစ်စဉ်ကြောင့် ဒေါ်ရွှယ်နန်ကို မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ဟားခါးမြို့၌ ကားဂိုဒေါင် မီးလောင်မှုဖြစ်

ဟားခါး စက်တင်ဘာ ၃

ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် ဟားခါး-မတူပီလမ်းမကြီးဘေး၌ စက်တင်ဘာ ၂ ရက် ည ၈ နာရီခွဲခန့်က ဦးငွေဝင်း၏ ကားဂိုဒေါင်နှင့်ကပ်လျက်ရှိ ပစ္စည်းများသိုလှောင်ထားရှိသော ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး ဂိုဒေါင်များ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဂိုဒေါင်အတွင်းထားရှိသော ဓာတ်ဆီသုံးမီးစက် (TORSORC) ဝပ် ၃၀၀၀ အမျိုးအစားအား အိမ်သုံး လျှပ်စစ်ဝိုင်ယာကြိုးနှင့် ဆက်သွယ်ထားပြီး မီးသုံးစွဲမှုကြောင့် ဦးငွေဝင်း၏ ကားဂိုဒေါင် အပါအဝင် ၎င်းနှင့်ကပ်လျက်ရှိ ပစ္စည်းများသိုလှောင်ထားရှိသော ဂိုဒေါင်များ မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်ရာနေရာသို့ ဟားခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မီးသတ်ယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးငွေဝင်းကို သက်ဆိုင်ရာက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက်နှစ်ဦးကို မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေဖြင့် ထောင်ဒဏ် ခုနစ်နှစ်ချမှတ်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက်နှစ်ဦးဖြစ်သော ကိုသက်ဦးမောင်(ခ) ဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို ယနေ့ နံနက် ၁၀ နာရီ က မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၃၈ ကြိမ်မြောက်ရုံးထုတ်ခဲ့ရာ ပြည်တွင်းပြည်ပ သတင်းမီဒီယာဦးရေ ၁၀၀ ကျော်ခန့် ရောက်ရှိလာကြသည်။ ရုံးထိုင်ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က စွဲချက်တင်ထားသော ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စစ်ဆေးပေါ်ပေါက်ချက်များကို ရှင်းလင်းပြောကြားကာ စွဲဆိုထားသည့်အတိုင်း နှစ်ဦးကို ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၁ ဒေါ်စုစန္ဒာဝင်းက မီဒီယာများ၏မေးမြန်းချက်ကို ဖြေကြားခဲ့ရာမှာ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က အပြီးသတ်အမိန့်ချမှတ်ခဲ့မှုနှင့် ပတ်သက်၍ စာမျက်နှာ ၂၂ မျက်နှာပါရှိသည့် အမှုအကြောင်းအရာအကျဉ်းချုပ်၊ တရားလိုနှင့် တရားလိုပြသက်သေထွက်ချက်များ၊ တရားခံများအပေါ် စွဲချက်တင်ပြီးနောက် တရားခံများ၏ ထွက်ဆိုချက်များ၊ တရားခံပြသက်သေများမှ ထွက်ဆိုချက်များ၊ သက်သေအသီးသီးက ထွက်ဆိုချက်များအပေါ် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သုံးသပ်ပြီး တရားခံနှစ်ဦးအပေါ် စွဲချက်တင်ထားသည့်အတိုင်း မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ ၎င်းတို့နှစ်ဦး ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိသည့်အတွက် ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံစေရန်နှင့် (၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်)ဒီကနေ့ထိ အချုပ်ကာလ အသီးသီး ထုတ်နုတ်ခံစားပြီး ကျခံစေခြင်းဖြစ်သည်ဟု ဖော်ပြပါရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

တရားခံ၏ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်က "သတင်းထောက် နှစ်ယောက် လွတ်မြောက်ဖို့ကတော့ အယူခံအပါအဝင် လုပ်နိုင်တဲ့ဟာအားလုံး လုပ်သွားဖို့ရှိပါတယ်" ဟု မီဒီယာများကို ပြောကြားသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

တရုတ်-အာဖရိက ထိပ်သီးအစည်းအဝေး တနင်္လာနေ့တွင် ပေကျင်းမြို့၌ကျင်းပ



ပေကျင်း စက်တင်ဘာ ၃

တရုတ်နိုင်ငံမှ ခေါင်းဆောင်များသည် အာဖရိက ၅၃ နိုင်ငံမှ ခေါင်းဆောင်များနှင့်အတူ တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို တနင်္လာနေ့က တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြုလုပ်ခဲ့သည်။ နှစ်ရက်ကြာ ကျင်းပမည့် အစည်းအဝေးသည် တရုတ်နိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အကြီးဆုံး ညီလာခံများထဲမှ တစ်ခုပင်ဖြစ်သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်က အဖွင့်အမှာစကားပြောကြားမည် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ဖိုရမ်တွင် တရုတ်နိုင်ငံမှ အာဖရိကတိုက်အတွင်းအသုံးပြုရန် ၆၀ဘီလီယံဒေါ်လာ အကူအညီပေးမည်ဟု ကြေညာခဲ့သည်။ ယခုနှစ်တွင်လည်း အလားတူ ကြေညာချက်မျိုး ထုတ်ပြန်မည်ဟု ယူဆရသည်။ အာဖရိက၏ စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့် လူဦးရေ မြင့်မားမှုသည် တစ်ကမ္ဘာလုံးမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် အာဖရိကဒေသတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးစီမံကိန်းများကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်။

သို့သော်အချို့သောနိုင်ငံများသည် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုကြောင့် ဒေသတွင်း စက်မှုလုပ်ငန်းများ ထိခိုက်မည်ကို စိုးရိမ်နေကြသည်။ အကြွေးများ ပိုမိုများပြားလာမည်ကိုလည်း စိုးရိမ်ကြသည်။

တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်မစတင်မီ တရုတ်သမ္မတ ရှီကျင့်ဖျင်က အာဖရိကနိုင်ငံအတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံရေးအရတွယ်ငြိမှုများ မပါဝင်ကြောင်း အာဖရိကအဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ အာဖရိက၏ ပြည်တွင်းရေးကိစ္စရပ်များတွင် တရုတ်နိုင်ငံသည် ဝင်ရောက်စွက်ဖက်လိမ့်မည် မဟုတ်ဟုလည်း သမ္မတ ရှီကျင့်ဖျင်က ပြောသည်။

တရုတ်နိုင်ငံ၏ဦးဆောင်မှုဖြင့် တရုတ်-အာဖရိက အစည်းအဝေးကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့သည်။ ပါဝင်သောနိုင်ငံများသည် တရုတ်နိုင်ငံနှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံများပင် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ၊ အေအက်ဖ်ပီ**

ဖိလစ်ပိုင်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိ

မနီလာ စက်တင်ဘာ ၃

ဖိလစ်ပိုင်တောင်ပိုင်း အင်တာနက်ကဖေး ဆိုင်တစ်ဆိုင်တွင် ဗုံးတစ်လုံး မကြာသေးမီက ပေါက်ကွဲခဲ့ရာ တစ်ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါဗုံးပေါက်ကွဲမှုသည် ယင်းမြို့တွင် ဒုတိယအကြိမ်ဖြစ်ပွားခဲ့သည့် အဆိုးရွားဆုံး ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

အစ်ဆူလန် ဗုံးပေါက်ကွဲမှုသည် ဩဂုတ် ၂၈ ရက်က ဆိုင်ကယ်ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာနှင့် သိပ်မဝေးသော နေရာတစ်ခုဖြစ်ကြောင်းသိရသည်။ ဩဂုတ် ၂၈ ရက် ဆိုင်ကယ်ဗုံးပေါက်ကွဲမှုတွင် သုံးဦးသေဆုံးခဲ့ပြီး ဒါဇင်အတော်များများ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုများသည် ဖိလစ်ပိုင်တောင်ပိုင်း ဘရင်ဂျီဂိုဏ်းဝင်များကြီးစိုးရာ ကျွန်းတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများဖြစ်ပြီး ဟိုးယခင်ကတည်းက ယင်းဒေသတွင် အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွများ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှု၌ မည်သူ့တွင် တာဝန်ရှိသနည်း၊ မည်သူ၏ လက်ချက်ဖြစ်သနည်းဆိုသည်မှာ ယခုအချိန်အထိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ သို့သော်လည်း သက်ဆိုင်ရာ အာဏာပိုင်များက အဆိုပါဗုံးခွဲတိုက်ခိုက်မှုသည် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွအဖွဲ့များနှင့် ဆက်သွယ်မှုရှိသည့် ဘန်ဆာမိုရို အစ္စလာမ္မစ် လွတ်မြောက်ရေး တိုက်ခိုက်ရေးသမားများအဖွဲ့ (BIEF) အပေါ် သံသယမကင်း ဖြစ်လျက်ရှိကြောင်း သိရသည်။

(BIEF) အဖွဲ့၏ လက်ချက်ပဲဖြစ်ရမည်ဟု ဗိုလ်ချုပ် စီရီလီသိုဆို ဘီဂျန်နာက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

အစ်ဆူလန် မြို့တော်ဝန်ရုံးနှင့် စစ်ဘက်ဆိုင်ရာက တနင်္ဂနွေနေ့က ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုတွင် တစ်ဦးသေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများထဲမှ လေးဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်းပြောခဲ့သည်။

ဖိလစ်ပိုင် သမ္မတ ရိုဒရီဂို ဒူတာတေးက နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများကို အဆုံးသတ်ရေး ဥပဒေတစ်ခု ပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် ယခုကဲ့သို့ ဗုံးဖောက်ခွဲသည့် အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်က ဖိလစ်ပိုင် တောင်ပိုင်းမြို့တော် မာရဝီကို အိုင်အက်စ်ထောက်ခံ အကြမ်းဖက်အဖွဲ့က သိမ်းပိုက်ပြီးနောက် အဆိုပါဒေသကို ယခုနှစ်ကုန်အထိ စစ်ဥပဒေပြဋ္ဌာန်းထားကြောင်း သိရသည်။

အေအက်ဖ်ပီ

အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် ရဟတ်ယာဉ်ပျက်ကျရာ သုံးဦးသေဆုံး

ဇော့ခ် စက်တင်ဘာ ၃

အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူသုံးဦး ထက်မနည်း သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် နိုင်ငံခြားသား ရဟတ်ယာဉ်မှူးတစ်ဦးလည်း ပါဝင်ခဲ့ကြောင်း အာဖဂန်အာဏာပိုင်များက ပြောသည်။

နည်းပညာ ချွတ်ယွင်းချက်ကြောင့် ရဟတ်ယာဉ်ပျက်ကျခြင်းဖြစ်ကြောင်း၊ အဆိုပါ ရဟတ်ယာဉ်သည် ဇော့ခ်ပြည်နယ် ဒါ့ဒါဒီဒေသတွင် ပျံတက်ပြီး မကြာမီ ပျက်ကျခဲ့ ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်မြောက်ပိုင်း အာဖဂန် တပ်ဖွဲ့များ၏ ဒုတိယတပ်မှူးဖြစ်သူ နာဇာ ခူဒါ ပါမီရီက ပြောခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျသည့်အချိန်တွင် ရဟတ်ယာဉ်ပေါ်တွင် လူ ၁၀ ဦးခန့် လိုက်ပါ လာခဲ့ကြောင်း သိရသည်။ ရဟတ်ယာဉ်သည် ဒါ့ဒါဒီစစ်အခြေစိုက်စခန်းမှ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆူပူအုံကြွမှုများဖြစ်ပွားရာ အာဖဂန် အနောက်မြောက်ပိုင်းဒေသ ဖာရက်ဘ်သို့ပို့ဆောင်စဉ် ယခုလို ရဟတ်ယာဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သုံးဦးသေဆုံးခဲ့ပြီး တခြား ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါမီရီက ပြောသည်။ သေဆုံးသူများထဲတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ရုရှားနိုင်ငံသားဟု ယူဆရသူ နိုင်ငံခြားသား လေယာဉ်မှူး တစ်ဦးပါဝင်ကြောင်း သိရသည်။

ရဟတ်ယာဉ်သည် မြေပြင်သို့ရောက်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပါမီရီက ပြောခဲ့သည်။ ပျက်ကျမှုဖြစ်ပွားခဲ့သည့် ရဟတ်ယာဉ်သည် ပုဂ္ဂလိကပိုင် ရဟတ်ယာဉ်တစ်စင်းဖြစ်ပြီး စစ်ဘက်က ငှားရမ်းသုံးစွဲခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ

ရီယိုဒီဂျနေးရိုးမြို့ရှိ ဘရာဇီးအမျိုးသားပြတိုက်မီးလောင်

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၃

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ သက်တမ်းအရှည်ဆုံးသော ပြတိုက်တွင် တနင်္ဂနွေနေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ အကြီးမားဆုံးသော ဇဟုသုတနှင့် အမွေအနှစ်ဆုံးရှုံးမှုတစ်ရပ်ဟု ဘရာဇီးသမ္မတက ပြောသည်။

ခမ်းနားထည်ဝါလှသော ပြတိုက်ကြီးကို မီးများက ဝါးမျိုခဲ့ပြီး ညကောင်းကင်ယံတွင် မီးခိုးများဖြင့် ပြည့်နှက်သွားခဲ့သည်။ မီးသတ်သမား ၂၀ ခန့်သည် မီးငြိမ်းသတ်နိုင်ရေး အစွမ်းကုန်ကြိုးစားခဲ့ကြသည်။ မီးငြိမ်းသတ်နိုင်ရေး ငါးနာရီကျော်ကြာ ကြိုးပမ်းခဲ့ပြီး အခန်းပေါင်း ၁၀၀ ကျော်မှာ မီးလောင်ပျက်စီးခဲ့ရသည်။

ပြတိုက်သည် မာရာကာနာ ဘောလုံးကွင်းအနီးတွင် တည်ရှိပြီး လူနေအိမ်များရှိရာနှင့်လည်း နီးကပ်သည်။ မီးလောင်မှုမှာ အလွန်ပင်မြန်ဆန်လှကြောင်း မီးသတ်တပ်ဖွဲ့က အေအက်ဖ်ပီသို့ ပြောသည်။

ပျက်စီးဆုံးရှုံးမှု ထိခိုက်ခံစားရသူစာရင်း အတိအကျကိုမူ မသိရသေးပေ။ အမျိုးသားသမိုင်းနှင့် မနုဿဗေဒပြတိုက်ကို ၁၈၁၈ ခုနှစ်တွင် ဘုရင် Joao VI က တည်ထောင်ခဲ့ပြီး ဘရာဇီးလူမျိုးများ၏ အဖိုးမဖြတ်နိုင်သည့် ရတနာဟု သတ်မှတ်ထားကြသည်။ ဘရာဇီးနိုင်ငံအတွက် ဝမ်းနည်းကြေကွဲစရာကောင်းသောနေ့တစ်နေ့ဖြစ်ကြောင်း ဘရာဇီးသမ္မတ မိုက်ကယ်တင်မာက ပြောသည်။

နှစ်ပေါင်း ၂၀၀ ကျော်ခန့်က လက်ရာများ၊ သုတေသနပြုချက်များ၊ ဇဟုသုတများဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ အဆိုပါပြတိုက်တွင် ဘရာဇီးနိုင်ငံ၌ တွေ့ရှိခဲ့သော အကြီးဆုံးဥက္ကာခဲ၊ မီးနပ်စ်ဂျီရော်ရိုက်စ် ပြည်နယ်မှ ဒိုင်နိုဆောရပ်ကြွင်းများ အစရှိသည်တို့ ထားရှိထားသည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

လစ်ဗျားနိုင်ငံထရီပိုလီမြို့တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်

ထရီပိုလီ စက်တင်ဘာ ၃

လစ်ဗျားကြားဖြတ်အစိုးရသည် ထရီပိုလီမြို့နှင့် ဆင်ခြေဖုံးဒေသတို့တွင် လက်နက်ကိုင် အုပ်စုများအကြား အချင်းချင်း အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုခဲ့ပြီး အရေးပေါ်ကြေညာချက်ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်အတွင်း စစ်သွေးကြွလက်နက်ကိုင်အုပ်စုများကြား တိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။ ဒုံးကျည်များဖြင့် ဟိုတယ်များ၊ လူနေအိမ်များနှင့် အခြားသော အဆောက်အအုံများသို့ ပစ်ခတ်ခြင်းများပြုလုပ်ခဲ့ပြီး အရပ်သားများစွာ သေကျေပျက်စီးခဲ့သည်။

နေရာ အတော်များများတွင် တိုက်ပွဲဆက်လက် ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံမီဒီယာများက ဖော်ပြကြသည်။ လက်နက်ကိုင်အုပ်စုများသည် အစောပိုင်းက အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူခဲ့ပြီး နာရီအနည်းငယ်အကြာတွင် တိုက်ပွဲများ ဆက်လက်ပေါ်ပေါက်လာသည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က မွမ်မာကဒါဖီ ပြုတ်ကျသွားပြီးနောက် နိုင်ငံအတွင်း မငြိမ်မသက်ဖြစ်မှုများ ပေါ်ပေါက်ခဲ့သည်။

အင်န်အိတ်ချ်ကေ

၂၀၃၂ အိုလံပစ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် လျှောက်ထား

ဂျကာတာ စက်တင်ဘာ ၃

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ၂၀၃၂ ခုနှစ်ရာသီ အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် အဆိုပြုလျှောက်ထားခဲ့ကြောင်း ပြောသည်။ စနေနေ့က အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ရ်နှင့် တွေ့ဆုံဆွေးနွေးမှုအပြီး၌ ထိုသို့ ကြေညာမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျကာတာမြို့၌ ပြုလုပ်နေသည့် အာရှအားကစားပွဲ ပိတ်ပွဲနေ့မတိုင်မီ တစ်ရက်အလိုတွင် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ အာရှအားကစားပွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အတွေ့အကြုံများနှင့်အတူ အင်ဒိုနီးရှားနိုင်ငံသည် ပိုမိုကြီးမားသည့် အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်ရှိသည်ဟု ဂျိုကိုဝီဒိုဒိုက ပြောသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌက အင်ဒိုနီးရှားနိုင်ငံသည် အာရှအားကစားပွဲကို အောင်မြင်စွာလက်ခံကျင်းပနိုင်ပြီး အိုလံပစ်ပြိုင်ပွဲကိုလည်း အောင်အောင်မြင်မြင်လက်ခံကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီသည် ၂၀၂၄ နှင့် ၂၀၂၈ တို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြို့ကြီးများကို ကြေညာခဲ့သည်။ ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲ စရိတ်စကကြီးမြင့်မှုအတွက် မြို့ပေါင်းများစွာသည် အိမ်ရှင်ဖြစ်မည့် အခွင့်အရေးမှ နောက်ဆုတ်ခဲ့ပြီးနောက် ယခုကဲ့သို့ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

မိသားစုပြန်လည်ဆုံစည်းခွင့်ရဖို့ မျှော်လင့်တကြီးစောင့်ဆိုင်းနေရသော မိဘများ

ခြူးစန္ဒီနွေး

ပက်ဘလိုဒိုမင်ဂို တစ်ယောက် ဒီရက်တွေမှာ ကောင်းကောင်းအိပ်မပျော်သလို စားလို့လည်းမဝင်ပါဘူး။ အလုပ်မှာလည်း အာရုံစူးစိုက်လို့မရဖြစ်နေပါတယ်။ နေ့နေ့ညည အသက်ရှစ်နှစ်အရွယ် သားဖြစ်သူ ဘိုင်ရွန်အကြောင်းကိုပဲ တွေးနေမိတယ်။ သူတို့မိသားစုကွဲသွားခဲ့တာ ပြီးခဲ့တဲ့မေလကတည်းကပါ။ မစ္စတာဒိုမင်ဂိုဟာ သားဖြစ်သူ ဘိုင်ရွန်ကိုခေါ်ပြီး မက္ကဆီကိုနယ်စပ်ကနေတစ်ဆင့် အမေရိကန်နိုင်ငံထဲကို တရားမဝင် ဝင်ရောက်နေထိုင်ဖို့ ကြိုးစားခဲ့ပါတယ်။

မိသားစုနဲ့ကွဲကွာသွား

အဲဒီအခါမှာတော့ လူဝင်မှုကြီးကြပ်ရေးအရာရှိတွေဟာ သားအဖ နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းပြီး တစ်ယောက်တစ်နေရာဆီခွဲပစ်လိုက်ပါတယ်။ ဖခင်ဖြစ်သူကို မူရင်းနေရပ်ဇာတိ ဂွါတီမာလာနိုင်ငံကို ပြန်ပို့ခဲ့ပြီး သားဖြစ်သူကိုတော့ တက္ကဆက်မှာရှိတဲ့ ထိန်းသိမ်းရေးစခန်းကို ပို့လိုက်ပါတယ်။ ဒီလိုနဲ့ သူတို့မိသားစု ကွဲပြားသွားခဲ့ပါတယ်။ အခုဆိုရင် ဘိုင်ရွန် ဟာ မိသားစုနဲ့ အဝေးမှာ နေထိုင်လာတာ လေးလကျော်သွားပါပြီ။ မစ္စတာ ဒိုမင်ဂိုကတော့ "ကျွန်တော့်သားဟာ အလွန်ငယ်ပါသေးတယ်။ ကျွန်တော်တို့ မိသားစုတစ်ခုလုံး ဂွါတီမာလာမှာ အတူရှိနေကြပေမယ့် သူကတော့ တက္ကဆက်မှာ တစ်ယောက်တည်းဖြစ်နေတယ်။ သူ့ကို ဘယ်သူဂရုစိုက်ပေးမှာလဲ။ သူ အဆင်ပြေပါ့မလား"လို့ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

ပြန်လည်ပေါင်းစည်းခွင့်ရဖို့ မျှော်လင့်နေသောမိသားစုများ

မစ္စတာဒိုမင်ဂိုတို့ မိသားစုလိုပါပဲ။ မိသားစုပေါင်း ၃၀၀၀ ကျော်ဟာ သမ္မတထရန့် အစိုးရအဖွဲ့ရဲ့ zero tolerance မူဝါဒအောက်မှာ မိသားစုဝင်ချင်း အခွဲခံထားရပါတယ်။ အမေရိကန်နိုင်ငံအတွင်း တရားမဝင်နေထိုင်ခြင်းကို တားဆီးကာကွယ်ဖို့အတွက် အဲဒီမူဝါဒကို အကောင်အထည်ဖော်ခဲ့တာဖြစ်တယ်။ မိဘနဲ့ကလေး တစ်ယောက်တစ်နေရာစီ ခွဲခြားထားတဲ့ အမှုပေါင်း ဟာဆိုရင်လည်း ၅၀၀ ကျော်ရှိပါတယ်။အဲဒီထဲမှာ အသက် ငါးနှစ်အောက် ကလေးငယ်ကတော့ ၂၂ ဦး ရှိပါတယ်။ ဘိုင်ရွန်တို့မိသားစုလိုပဲ ကလေးကိုထားခဲ့ရပြီး မိဘကိုပဲ နေရပ်ပြန်ပို့တဲ့ အမှုကတော့ ၃၀၀ ကျော်ရှိပါတယ်။ အဲဒီလိုမိသားစုတွေထဲမှာ အများစုကတော့ ဂွါတီမာလာကဖြစ်ပြီး ဟွန်ဒူးရပ်စ်ကတော့ ဒုတိယအများဆုံးနေရာက လိုက်ပါတယ်။ အယ်ဆာဗေဒို အခြားသော နိုင်ငံငယ်တွေကလည်း ပါဝင်ပါတယ်။ တရားရုံးမှာလည်း အာဏာပိုင်တွေဟာ အမေရိကန်နိုင်ငံအတွင်း ခိုးဝင်နေထိုင်ဖို့ ကြိုးစားသူတွေကို သားသမီးတွေနဲ့ အမြန်ဆုံး တွေ့ဆုံချင်တယ်ဆိုရင် အမေရိကန်နိုင်ငံအတွင်းမှာ ခိုလှုံသူအဖြစ် နေထိုင်ဖို့ ကြိုးစားနေတဲ့ အိပ်မက်ကို စွန့်လွှတ်ရမယ်။ နယ်နှင်ဒဏ်ပေးတာကို လက်ခံရမယ်။ ဒါမှသာ မိသားစုနဲ့ အမြန်ပြန်တွေ့နိုင်မယ် အစရှိတဲ့ ဖိအားတွေပေးနေတယ်လို့ ရှေ့နေတွေက ပြောပါတယ်။ ကိုယ့်ရဲ့သားသမီးကို ပြန်လည်ခေါ်ဆောင်ခွင့် မရှိဘဲ နယ်နှင်ဒဏ်အပေးခံလိုက်ရတဲ့ မိသားစုဝင်တွေအတွက်တော့ ပြန်လည်ပေါင်းစည်းရေးဟာ အခုထိဖြစ်မလာသေးပါဘူး။

ခရီးသွားလာခွင့် အထောက်အထား ပြည့်စုံဖို့လို

ကလေးတွေနဲ့ မိဘတွေကို ခွဲထားတဲ့ဖြစ်စဉ်ဟာ ဘာကြောင့် ဒီလိုကြာနေရတာလဲ။ ဒီဝေဒနာဟာ တော်တော်လေးကို ခံရခက်တဲ့ဝေဒနာပါ။ အမေရိကန်အစိုးရဟာ ဒီဝေဒနာကို ဘယ်လောက်ကြာကြာ ကျွန်တော်တို့ကို ခံစားစေမှာလဲလို့ မစ္စတာ ဒိုမင်ဂိုက ပြောပါတယ်။ အမေရိကန်အာဏာပိုင်တွေကတော့ ကိစ္စတိုင်းကို ပြန်လည်ဖြေရှင်းပြောကြားတာမျိုးတွေ မလုပ်ပါဘူး။ လွန်ခဲ့တဲ့လကတော့ ကယ်လီဖိုးနီးယားပြည်နယ် ခရိုင်တရားရုံးက တရားသူကြီး ဒါနာအန်ဆာဘရောရဲ့ အမိန့်အောက်မှာ နေရပ်ပြန်ပို့ခံရတဲ့ မိဘတွေနဲ့ သားသမီးတွေကို ပြန်လည်ပေါင်းစည်းခွင့်ပေးဖို့ မူဝါဒတစ်ရပ်ကို အာဏာပိုင်တွေက တင်ပြခဲ့ပါတယ်။ အဲဒီအစီအစဉ်အောက်မှာဆိုရင် အစိုးရဌာနအသီးသီးမှာရှိတဲ့ ဝန်ထမ်းတွေဟာ ကလေးတွေ ခရီးသွားအထောက်အထား အပြည့်အစုံရရှိဖို့အတွက် ပူးပေါင်းဆောင်ရွက်ပေးရမှာပဲဖြစ်တယ်။

> **"ကလေးတွေနဲ့ မိဘတွေကို ခွဲထားတဲ့ဖြစ်စဉ်ဟာ ဘာကြောင့် ဒီလိုကြာနေရတာလဲ။ ဒီဝေဒနာဟာ တော်တော်လေးကို ခံရခက်တဲ့ဝေဒနာပါ။ အမေရိကန်အစိုးရဟာ ဒီဝေဒနာကို ဘယ်လောက်ကြာကြာ ကျွန်တော်တို့ကို ခံစားစေမှာလဲလို့ မစ္စတာ ဒိုမင်ဂိုက ပြော"**

အစိုးရ၏အခက်အခဲ

ကလေးငယ်တွေကိုနေရပ်ကိုပြန်ပို့တဲ့ အခါမှာလည်း ကုန်ကျစရိတ်အဝဝကို အစိုးရက ကျခံပေးရမှာ ဖြစ်တယ်။ ဒါပေမယ့် လူဝင်မှုကြီးကြပ်ရေး ဗျူရိုကရေစီဘောင်အတွင်းမှာ ကလေးငယ်တွေရဲ့မိဘ နေရပ်ကိုပြန်ရှာတာ။ ပြီးတော့ မည်သူမည်ဝါရဲ့ သားသမီးဆိုတာကို အတိအကျခွဲခြားဖို့အတွက်တော့ အခက်အခဲရှိပါတယ်။ ဒီအခက်အခဲတွေကို ကူညီပေးဖို့အတွက် အစိုးရအဖွဲ့အစည်း မဟုတ်တဲ့အမေရိကန် ရှေ့နေအုပ်စုလည်းရှိပါတယ်။ အဲဒီရှေ့နေအုပ်စုဟာ မိဘတွေနဲ့ ဆက်သွယ်ပြီး နားလည်ဖို့ခက်ခဲတဲ့ တရားဝင် လုပ်ထုံးလုပ်နည်းတွေကို ရှင်းလင်းပေးဖို့ ကြိုးစားနေကြတယ်။ ပြီးတော့ အမေရိကန်က ရှေ့နေတွေနဲ့ ချိတ်ဆက်ပေးတယ်။ ဒါပေမယ့်လည်း မိဘတွေထဲက အများစုဟာ တိုင်းရင်းသားမျိုးနွယ်စုတွေဖြစ်ပြီး ဆင်းရဲပြီးဗဟိုအမေရိက ကျေးလက်ဒေသတွေကဖြစ်ကာ တယ်လီဖုန်းလိုင်းကလည်း အဆင်မပြေတဲ့အပြင် ဘာသာစကားလည်းအခက်အခဲရှိပါတယ်။ ဆက်သွယ်ဖို့ ပေးထားတဲ့ မိဘ ၅၆ ဦးရဲ့တယ်လီဖုန်းနံပါတ်တွေဟာ တကယ်တမ်းဆက်သွယ်တဲ့အခါ ဆက်သွယ်လို့မရပါဘူး။ သူတို့ကို ရှာဖွေဖို့ဆိုရင် NGO ရှေ့နေအုပ်စုဟာ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်နဲ့ အခြားနေရာတွေဆီ အဖွဲ့ခွဲကာရှာဖွေမှုတွေ ပြုလုပ်ရတယ်။ တစ်ခါတစ်ရံ ဝေးလံခေါင်ဖျားကျေးလက်ဒေသတွေအထိ သွားရောက်ပြီး သဲလွန်စရှာဖွေကြရတယ်။ မိဘတွေကို နေရပ်မှာ ပြန်ရှာလို့မရတော့ရင် မိဘမဲ့ကလေးတွေဖြစ်ကုန်ပြီး အစိုးရမှာ ၁၀၀ ရာခိုင်နှုန်း တာဝန်ရှိတယ်လို့ လွန်ခဲ့တဲ့လကပဲ တရားသူကြီး ဆာဘရောက ပြောခဲ့ပါတယ်။

ခိုလှုံသူဖြစ်ခွင့်ရဖို့ ဆက်လက်ကြိုးပမ်း

ရှေ့နေအုပ်စုနဲ့ ဆွေးနွေးတိုင်ပင်မှုအရ ပေါ်ထွက်လာတဲ့ အချက်တွေကတော့ အချို့သောမိဘတွေဟာ သူတို့ရဲ့ သားသမီးတွေနဲ့ အမြန်ပေါင်းစည်းလိုပြီး အချို့သောမိဘတွေကတော့ သူတို့ရဲ့ သားသမီးတွေကို အမေရိကန်မှာ ဆက်လက်ကျန်ရှိနေဖို့ နည်းလမ်းတွေ ရှာဖွေနေကြတယ်။ ဒါမှသာ သူတို့ဟာ ခိုလှုံသူအဖြစ် နောက်တစ်ကြိမ်အမေရိကန်ကို ဝင်ရောက်ဖို့ ကြိုးစားနိုင်မှာဖြစ်တယ်။

ကြန့်ကြာမှုတွေရှိနေ

ဂွါတီမာလာနိုင်ငံက မိခင်တစ်ဦးဖြစ်သူ လိုပက်ဇ်မန်ဒက်ဇ်ကတော့ သူ့ရဲ့ ခြောက်နှစ်အရွယ်သားဟာ မေလအတွင်းကပဲ ဖခင်ဖြစ်သူနဲ့ နယ်စပ်မှာ အခွဲခံလိုက်ရပါတယ်။ အဲဒီနောက်မှာ သားဖြစ်သူကို အရီဇိုးနားပြည်နယ်က ကလေးသူငယ် စောင့်ရှောက်ရေးဂေဟာကို ပို့လိုက်တယ်။ တရားသူကြီးက သူ့ကို ပြီးခဲ့တဲ့ ဇူလိုင်လကတည်းက နေရပ်ကို ပြန်ပို့ဖို့ အမိန့်ချခဲ့ပါတယ်။ ဒါပေမယ့်လည်း ကလေးငယ်ဟာ အခုထိအိမ်ပြန်ရောက်မလာသေးပါဘူး။ ဂေဟာမှာပဲ ဆက်လက်ရှိနေတုန်းပါ။ "အမေရိကန်အာဏာပိုင်တွေမှာ ကလေးမရှိတာဖြစ်ရမယ်။ ကလေးမရှိလို့သာ မိဘနဲ့ ကလေးအခွဲခံရတဲ့ဝေဒနာကို သူတို့ မခံစားတတ်တာ"လို့ သူ့ရဲ့ခံစားချက်ကို ပြောပြပါတယ်။ ခရီးသွားလာမှုဆိုင်ရာ အထောက်အထားတွေ ကြန့်ကြာနေတဲ့အတွက် ကလေးတွေကို နေရပ်ပြန်ပို့ဖို့ဆိုတာ နောက်ထပ်တစ်လကျော်လောက် ကြာမြင့်ဦးမယ်။ စောင့်ရှောက်ရေးဂေဟာမှာရှိတဲ့ ဝန်ထမ်းတွေဟာ လိုအပ်တဲ့ စာရွက်စာတမ်း အထောက်အထားတွေကို စုစည်းရာမှာ အချိန်မီပြီးအောင် မလုပ်နိုင်ကြဘူး။

ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ရွှေ့ပြောင်းနေထိုင်သူများ

အမေရိကန်ကို တရားမဝင် ဝင်ရောက်နေထိုင်ဖို့ ကြိုးစားကြသူတွေဟာ သူတို့နေရပ်မှာ တိုက်ပွဲတွေဖြစ်နေကြလို့၊ ဒါမှမဟုတ် စီးပွားရေးအဆင်မပြေကြလို့ ပြောင်းရွှေ့ဖို့ ကြိုးစားကြသူတွေလည်း ဖြစ်တယ်။ မစ္စတာ ဒိုမင်ဂိုကတော့ စီးပွားရေးအဆင်မပြေလို့ ပြောင်းရွှေ့ဖို့ ကြိုးစားသူထဲက တစ်ယောက်ပါ။ သူ့ကလေးတွေအတွက် ကောင်းမွန်တဲ့ အနာဂတ်တစ်ခုပေးချင်လို့ လူမှောင်ခိုသမားကတစ်ဆင့် အမေရိကန်ထဲကို ခိုးဝင်ဖို့ ကြိုးစားတာပါလို့ ပြောပါတယ်။

ကောင်းမွန်တဲ့ အနာဂတ်တစ်ခုရရှိဖို့အတွက် အမေရိကန်ထဲကို ခိုးဝင်ဖို့ ကြိုးစားကြသူတွေဟာ တစ်နှစ်နဲ့တစ်နှစ် မနည်းပါဘူး။ မစ္စတာ ဒိုမင်ဂိုလိုမျိုး သားဖြစ်သူ အိမ်ပြန်လာပြီး မိသားစုပေါင်းစည်းခွင့်ရဖို့ မျှော်လင့်နေတဲ့မိဘတွေ အများကြီးရှိနေမှာကတော့ အမှန်ပါပဲ။ ။

ကိုးကား -နယူးယောက်တိုင်းမ်

မိုးရာသီ၌ ဖြစ်ပွားလေ့ရှိသည့် ဓာတ်လိုက်မှုများ

မောင်မောင်(လျှပ်စစ်)

မိုးရာသီနှင့် လျှပ်စစ်အန္တရာယ်

လျှပ်စစ်ဓာတ်အားသည် လူတို့အတွက် အသုံးဝင်လှသော်လည်း လျှပ်စစ်ကြောင့် ရာသီအလိုက် အန္တရာယ်ဖြစ်ရသည့် ဒုက္ခတွေကိုလည်း မကြာခဏတွေ့မြင်ကြားသိနေရပေသည်။

လျှပ်စစ်ဓာတ်အားကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ်ဖြစ်ကြရသလို မိုးရာသီ၌ ဓာတ်လိုက်မှုအန္တရာယ် ဖြစ်လေ့ရှိသည်။ ထို့အတူ ဆောင်းရာသီ၌ ကျီးငှက်တို့အကောင်ပေါက်ချိန်ဖြစ်၍ ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများ၏ တစ်ဖက်တစ်ချက်စီတွင် ကျီးငှက်တို့ တစ်ကောင်နှင့်တစ်ကောင် အစာခွံ့ရာမှ လျှပ်စစ်ဓာတ်ကူးကာရှော့ခ်ဖြစ်၍ ဓာတ်အားပြတ်တောက်လေ့ရှိသည်။ ထရန်စဖော်မာများ၊ လျှပ်စစ်ခလုတ်များပေါ်သို့ မြွေများ၊ ကြွက်များဖြတ်သန်းခြင်း၊ ဓာတ်ကြိုးများကို ကိုက်ဖြတ်ခြင်းတို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်ရပြန်ပါသည်။

လေပြင်းတိုက်ခတ်မှု၊ မိုးကြိုးပစ်မှုတို့ကြောင့် စက်ပစ္စည်းများချွတ်ယွင်းခြင်း၊ ဓာတ်တိုင်များလဲခြင်း၊ ဓာတ်ကြိုးများပြတ်ကျခြင်းတို့လည်း ဖြစ်ရပြန်ပါသည်။ သို့ဖြစ်၍လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများအဖို့ ရာသီတိုင်း မနားမနေ ပြေးလွှားလုပ်ကိုင်နေကြရပေသည်။

ယခုအချိန်ကာလမှာ မိုးရာသီဖြစ်၍ ဓာတ်လိုက်မှုအန္တရာယ်များကို သတိထားရန်လိုအပ်သဖြင့် မြန်မာ့အလင်းသတင်းစာပါ ဓာတ်လိုက်မှုသတင်းများကို စုစည်းဖော်ပြလိုပါသည်။

ဓာတ်လိုက်မှုဖြစ်စဉ်

ပြည်သူများအကြား ပြောစမှတ်ဖြစ်ခဲ့ရသော၊ လူသိများသော ဓာတ်လိုက်မှုနှင့်ပတ်သက်၍ ရေးသားတင်ပြရပါက ဇူလိုင် ၁၃ ရက် ညနေ ၅ နာရီခန့်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသားတစ်ဦးသည် တောင်ဥက္ကလာမြို့နယ် အမှတ်(၁၃/၃)ရပ်ကွက် သေနတ်ပစ်ကွင်းလမ်းဘက်မှ သံသုမာလမ်းအတိုင်းလျှောက်လာစဉ် ရေဝပ်နေသောလမ်းပေါ်၌ ပြတ်ကျနေသည့်ဓာတ်ကြိုးကို နင်းမိ၍ ဓာတ်လိုက်သေဆုံးကြောင်း ဖတ်ရှုခဲ့ရပါသည်။

အလားတူ ၂၀၁၆ ခုနှစ် မိုးရာသီတွင် ဖြစ်ပွားခဲ့သော ဓာတ်လိုက်မှုသတင်းများကို ပြန်လည်ဖော်ပြရပါလျှင် ၂၀၁၆ ခုနှစ် မေ ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော သတင်းမှာ စဉ့်ကူးမြို့နယ် (၁)ရပ်ကွက်ရှိ ဦးမောင်တိုး၏ နေအိမ်တွင် ဓာတ်တိုင်မှ လျှပ်စစ်မီးသွယ်ယူထားသော အိမ်သွယ် ဆားဗစ်ဝိုင်ယာကြိုးမှာ ဦးတင့်၏ခြံဝင်းကို ကာရံထားသည့် သံဆန်ခါပေါ်သို့ ကျရောက်နေပြီး ယင်းသံဆန်ခါတွင် လျှပ်စစ်ဓာတ်အားစီးဝင်နေသည်ကိုမသိဘဲ ဦးကျော်လင်းထွန်း၏ အသက်ရှစ်နှစ်အရွယ်သမီးနှင့် လေးနှစ်အရွယ် သားတစ်ဦး၊ ဦးသီဟအောင်၏ အသက် ခုနစ်နှစ်နှင့် ခြောက်နှစ်အရွယ် သမီးနှစ်ဦး၊ စုစုပေါင်း ကလေးငယ် လေးဦးတို့မှာ သံဆန်ခါကို ကိုင်မိရာမှ ဓာတ်လိုက်ခံရပြီး ဒဏ်ရာရရှိကြောင်း၊ ဓာတ်လိုက်ခံရသူလေးများအား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသနေစဉ် ဆေးရုံ၌သေဆုံးသွားကြောင်း ဖော်ပြထားသည်။ ကလေးများဓာတ်လိုက်ချိန်က မိုးရွာနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို လေ့လာကြည့်ရာတွင် ပြတ်ကျသည့် ဝိုင်ယာကြိုးမှာ လျှပ်စစ်ဓာတ်ရှိနေပြီး သံဆန်ခါပေါ်ကျနေခြင်း၊ မိုးရွာထား၍ မြေပြင်နှင့် သံဆန်ခါအပါအဝင် ပတ်ဝန်းကျင်တစ်ခုလုံး စိုစွတ်နေခြင်း၊ ဓာတ်လိုက်ခံရသည့်ကလေးများသည်လည်း အထိုက်အလျောက် ရေစိုနေမည်ဖြစ်ခြင်းတို့ကြောင့် ဓာတ်လိုက်မှုကို အဘက်ဘက်မှ တွန်းအားပေးရာရောက်နေပေသည်။ လျှပ်စစ်ဓာတ်သည် ရေ၊ သွပ်၊ သံပိုက်လုံး၊ သံချောင်း၊ ကြေးနှင့် စိုစွတ်နေသောသစ်သား၊ ရေစိုအိနေသောဝါးလုံးတို့တွင် လျှပ်စစ်ဓာတ်စီးဝင်နိုင်မှု အားကောင်းပြီး ခြောက်သွေ့သောဝါးလုံး၊ ခြောက်သွေ့သောသစ်သား၊ ပလတ်စတစ်၊ ရော်ဘာ၊ ဖိုက်ဘာ၊ ဖယောင်း၊ ဖန်၊ သားရေတို့တွင် လျှပ်စစ်စီးဝင်နိုင်မှု အလွန်အားနည်းပေသည်။ သို့ရာတွင် အဆိုပါလျှပ်စစ်ဓာတ်အားဖြတ်သန်းစီးဆင်းမှုနှေးကွေးသော (ဝါ) လျှပ်စစ်ဓာတ်အားစီးဝင်နိုင်မှုနည်းပါးသော အရာဝတ္ထုများတွင် ရေစိုနေပါက လျှပ်စစ်ဓာတ်အားစီးဝင်မှု အားကောင်းနိုင်သည်ကို သတိပြုကြစေလိုပါသည်။ ရေသည် လျှပ်စစ်ဓာတ်အားစီးဝင်မှုကို အားပေးပါသည်။

မိုးရွာပြီး ဓာတ်ကြိုးများပြတ်ကျနေချိန်တွင် လျှပ်စစ်အန္တရာယ်ကို အထူးသတိပြုရန်လိုအပ်သည်

“ကလေးလေးဦး ဓာတ်လိုက်သေဆုံးမှုသတင်းကို လေ့လာကြည့်ရာ ကလေးတစ်ဦးမှာ ဓာတ်အားရှိနေသည့် ဆားဗစ်ဝိုင်ယာကြိုးပြုတ်ကျပြီး တင်နေသည့်သံဆန်ခါကိုကိုင်မိ၍ ဓာတ်လိုက်နေချိန်ဝယ် ကျန်ကလေးသုံးဦးက ဝိုင်းဆွဲရာမှ ကလေးလေးဦးစလုံး ဓာတ်လိုက်ခံရခြင်းဖြစ်သည်။ ဓာတ်လိုက်ခံရချိန်မှာ မိုးရွာပြီးစဖြစ်၍ ဓာတ်ကြိုးနှင့်မြေပြင်တို့သည် ရေစိုနေမည်ဖြစ်သလို ကလေးငယ်တို့မှာလည်း မိုးရေစိုစွတ်နေပြီဖြစ်၍ ဓာတ်လိုက်မှုကို ပိုမိုအားပေးသလိုဖြစ်ပေသည်။ အကယ်၍ ဓာတ်လိုက်ခံနေကြရသည့်ကလေးကို အကာအကွယ်မဲ့ ဝင်ဆွဲပါက ဝင်ဆွဲသမျှအားလုံး ဓာတ်လိုက်ခံရမည်ဖြစ်သည်။ ယင်းဓာတ်လိုက်မှု၌ ကလေး၏ဖခင်က သိလျှင်သိချင်း သတိရှိစွာ ဝါးလုံးဖြင့် ဓာတ်ကြိုးကိုဖယ်ရှားခဲ့ကြောင်း သိရှိရသည်”

ကလေးလေးဦး ဓာတ်လိုက်သေဆုံးမှုသတင်းကို လေ့လာကြည့်ရာ ကလေးတစ်ဦးမှာ ဓာတ်အားရှိနေသည့် ဆားဗစ်ဝိုင်ယာကြိုးပြုတ်ကျပြီး တင်နေသည့်သံဆန်ခါကို ကိုင်မိ၍ ဓာတ်လိုက်နေချိန်၌ ကျန်ကလေးသုံးဦးက ဝိုင်းဆွဲရာမှ ကလေးလေးဦးစလုံး ဓာတ်လိုက်ခံရခြင်းဖြစ်သည်။ ဓာတ်လိုက်ခံရချိန်မှာ မိုးရွာပြီးစဖြစ်၍ ဓာတ်ကြိုးနှင့် မြေပြင်တို့သည် ရေစိုနေမည်ဖြစ်သလို ကလေးငယ်တို့မှာလည်း မိုးရေစိုစွတ်နေပြီဖြစ်၍ ဓာတ်လိုက်မှုကို ပိုမိုအားပေးသလိုဖြစ်ပေသည်။ အကယ်၍ ဓာတ်လိုက်ခံနေကြရသည့်ကလေးကို အကာအကွယ်မဲ့ ဝင်ဆွဲပါက ဝင်ဆွဲသမျှအားလုံး ဓာတ်လိုက်ခံရမည်ဖြစ်သည်။ ယင်းဓာတ်လိုက်မှု၌ ကလေး၏ဖခင်က သိလျှင်သိချင်း သတိရှိစွာ ဝါးလုံးဖြင့် ဓာတ်ကြိုးကိုဖယ်ရှားခဲ့ကြောင်း သိရှိရသည်။

ဓာတ်လိုက်မှုနှင့်ကြုံတွေ့လျှင်

အဆိုပါ ဓာတ်လိုက်မှုနှင့်ဆက်စပ်၍ သတိပေးလိုသည်မှာ မိမိတို့၏ပတ်ဝန်းကျင်၌ ဓာတ်လိုက်မှုအန္တရာယ်နှင့် တွေ့ကြုံလျှင် ဦးစွာပထမ နီးစပ်ရာလျှပ်စစ်ရုံးကို အကြောင်းကြား၍ ဓာတ်လိုက်ခံရသူကိုင်တွယ်သော(ဝါ) ငြိနေသောဓာတ်ကြိုးကို ဖယ်ရှားရန်၊ လျှပ်စစ်ဓာတ်မရှိအောင် ဓာတ်အားပိတ်ရန် ဦးစွာပထမ ကြိုးစားကြပါ။ သက်ဆိုင်ရာလျှပ်စစ်ရုံးမှ ချက်ချင်းမရောက်ရှိသဖြင့် ဓာတ်အားပိတ်ရန်မဖြစ်နိုင်(ဝါ)မလုပ်နိုင်ပါက စိတ်ကိုတည်ငြိမ်အောင်ထားပြီး ဓာတ်လိုက်ခံနေရသူထံရှိ ဓာတ်ကြိုးကို ခြောက်သွေ့သော သစ်သား၊ ဝါးတို့သုံး၍ ဖယ်ရှားရန် လိုအပ်ပါသည်။ အထူးသဖြင့်ကလေးများကို လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများနှင့်ဝေးအောင် ဂရုစိုက်သင့်ပါသည်။

ဆက်လက်ရေးသားဖော်ပြရပါလျှင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နေ့က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာ အမှတ်(၃)ရပ်ကွက်နေ အသက် လေးနှစ်အရွယ်ရှိ မောင်သန်းတိုးအောင်သည် ၎င်း၏နေအိမ်၌ လျှပ်စစ်ဖြင့် ဘက်ထရီအားသွင်းထားသည့် ကလေးစီးလျှပ်စစ်မော်တော်ကားကို စီးရန် ဖြုတ်ယူစဉ် ဓာတ်လိုက်ပြီး လက်မောင်းနှစ်ဖက်စလုံး ညိုမည်းဒဏ်ရာရရှိ သေဆုံးသွားခဲ့သည်။

အလားတူ ၂၀၁၆ ခုနှစ် မတ်လ ၇ ရက်နေ့ကလည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၈)ရပ်ကွက် ပြည်ထောင်စုလမ်းနေ အသက် ခြောက်နှစ်ခွဲအရွယ် မောင်အောင်ထင်ငြိမ်း(ကျောင်းသား)မှာ ညီဝမ်းကွဲတော်စပ်သူ မောင်ထင်လင်းကျော် ငါးနှစ်နှင့်အတူ နေအိမ်အပေါ်ထပ် နောက်ဖေးဝရန်တာတွင် ဆော့ကစားရင်း နေအိမ်အောက်ထပ်ရှိ ရေမော်တာသို့ဆက်သွယ်ထားသည့် လျှပ်စစ်မီးကြိုးမှ တစ်ဆင့် လျှပ်စစ်စီးဝင်နေသောသွပ်ပြားကို သွားရောက်ကိုင်မိရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်။

သတိပြုရမည့် ဓာတ်လိုက်မှုအန္တရာယ်

သို့ဖြစ်၍ ယခုလိုမိုးရာသီ၌ ရာသီဥတုဒဏ်ကြောင့် အပြင်ကာဗာ(Insulator-Cover)များ အက်ကွဲနေသော အိမ်သွယ်ဆားဗစ်ကြိုး(Service Wire)များ၊ အကြောင်းအမျိုးမျိုးကြောင့် ပြုတ်ကျ၊ ပြတ်ကျနေသော ကောင်းကင်ဓာတ်အားလိုင်းကြိုးများသည် ဓာတ်လိုက်မှုအန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သဖြင့် လူကြီးလူငယ်အားလုံး သွားသတိ၊ လာသတိဖြင့် ပတ်ဝန်းကျင်ကိုကြည့်ကြရန် လိုအပ်ပါကြောင်း ရေးသားသတိပေးလိုက်ရပါသည်။ ။

ကသာမြို့ လျှပ်စစ်သွယ်တန်းတပ်ဆင်မှု လက်တွေ့သရုပ်ပြပြီး ပညာပေးဟောပြော

ကသာ စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကကြီးမှူး၍ ကသာမြို့၌ လျှပ်စစ်သွယ်တန်းတပ်ဆင်မှုနှင့်စပ်လျဉ်းသည့် လက်တွေ့သရုပ်ပြခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲကို ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ဓာတ်အားသုံးစွဲရာတွင် သိကောင်းစရာများဖြစ်သည့် ဓာတ်လိုက်မှုအများဆုံးဖြစ်ပွားရသော အကြောင်းရင်းများ၊ လျှပ်စစ်အန္တရာယ်ဖြစ်ပွားလာပါက လိုက်နာဆောင်ရွက်ရန်အချက်များ၊ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိပြုရန်အချက်များ၊ လျှပ်စစ်အန္တရာယ်ဖြစ်နိုင်သော အချက်များတွေ့ရှိပါက နီးစပ်ရာလျှပ်စစ်ရုံးသို့ အမြန်ဆက်သွယ်အကြောင်းကြားရန်နှင့် လျှပ်စစ်အန္တရာယ် သတိပေးဆောင်ပုဒ်များအကြောင်းကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးဆန်းထွဋ်ကိုနှင့် စက်မှုသင်တန်းကျောင်းမှ သင်တန်းမှူး ဦးကျော်မင်း(မန္တလေး)တို့က Mobile Vocational Training Truck ကားပေါ်တွင်ပါရှိသော လျှပ်စစ်လိုင်းခွဲသွယ်တန်းခြင်း၊ Switch များအသုံးပြု၍ မီးလုံး၊ မီးချောင်းများ သွယ်တန်းခြင်းများကို စိတ်ဝင်စားသူ ဒေသခံလူငယ်များအား ပြသရှင်းပြခဲ့ကြသည်။

တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းမှ ၁၀ တန်းမအောင်သော လူငယ်များနှင့် ၁၀ တန်းအောင်ပြီး လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်လျက် လျှပ်စစ်သွယ်တန်းခြင်းနည်းပညာ နှစ်ပတ်သင်တန်းနှင့် တစ်နှစ်သင်တန်းကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကာ သင်တန်းတက်ရောက်လိုသူ ၃၀ ရှိသော မြို့နယ်များအနေဖြင့် သင်တန်းဖွင့်လှစ်ပေးစေလိုလျှင် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းလည်း တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

ငွေအိုး(ကသာ)

အဖျောက်မြို့ အေးရွာကျေးရွာတွင် ရေတိုက်စားကမ်းပြို၍ ရွာလုံးကျွတ်ပြောင်းရွှေ့ရ

တိုက်ကြီး စက်တင်ဘာ ၃
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု ရောဝတီမြစ်ကမ်းပါးဘေးရှိအေးရွာကျေးရွာတွင် စက်တင်ဘာ ၁ ရက်မှစ၍ မြစ်ကမ်းပါးများ ဆက်တိုက်ပြိုကျနေသဖြင့် ရွာလုံးကျွတ်ပြောင်းရွှေ့နေရကြောင်း သိရသည်။

အေးရွာကျေးရွာ၌ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ရောဝတီမြစ်ကမ်းပါးများ ပြိုကျခဲ့သော်လည်း ထိုစဉ်က နေအိမ်အနည်းငယ်ကိုသာ ပြောင်းရွှေ့ခဲ့ရကြောင်း၊ ယခုနှစ်တွင်မူ စက်တင်ဘာလဆန်းပိုင်းမှစ၍ ကမ်းပါးများမှာ ဆက်တိုက်ပြိုကျသဖြင့် ရွာလုံးကျွတ်ပြောင်းရွှေ့ရခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အေးရွာကျေးရွာတွင် အိမ်ထောင်စု ၃၀၀ ကျော်၌ လူဦးရေ ၁၀၀၀ ကျော် နေထိုင်ကြပြီး အဆိုပါ အိမ် ၃၀၀ ကျော်နှင့်အတူ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် မူလတန်းစာသင်ကျောင်းတစ်ကျောင်းတို့ကိုပါ ပြောင်းရွှေ့ထားရကြောင်းဒေသခံများက ပြောသည်။

"ကမ်းပြိုတိုင်းပြောင်းရတာ ငါးကြိမ်လောက်ရှိပြီ ပြောင်းစရာမြေလည်းကုန်ပြီ၊ အခုတော့ သချိုင်းကုန်းမြေမှာ နေကြရတယ်၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလက ရန်ကုန်မြို့တော်ဝန်နဲ့ ဆည်မြောင်း၊ တိုင်းဒေသကြီး ခရိုင် တာဝန်ရှိသူတွေ လာကြည့်တယ်၊ သဲဖြားကျေးရွာက လဟာဇောင်းစားကျက်မြေကို လာကြည့်တယ်၊ နေရာရှာပေးမယ်ပြောပြီး ပြန်သွားတယ်၊ အေးရွာကမ်းပြိုတာလည်း လာကြည့်သေးတယ်၊ မြေနေရာပေးမယ်ပြောလို့ စောင့်နေတာ တစ်နှစ်သာကုန်သွားတယ်၊ ဘာမှလည်းထူးခြားမှုမရှိသေးဘူး၊ ကမ်းပြိုလို့ ကုန်သွားတယ်၊ ဘာမှဖြစ်မလာသေးဘူး"ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။

ကမ်းပြိုကျ၍ ဘေးသင့်နေသော ဒေသခံကျေးရွာနေပြည်သူများသည် လက်လုပ်လက်စားများဖြစ်ပြီး ငွေကြေးမတတ်နိုင်၍ ယခုလို ရွှေ့ပြောင်းရသည့်အခါ ဆွေမျိုးများအိမ်တွင် ကပ်နေရခြင်း၊ ယာယီတဲများဖြင့်နေထိုင်ရခြင်း၊ လမ်းများပေါ်တွင် တဲထိုးနေရခြင်းများရှိနေပြီး ရေရှည်နေရာအတွက်လည်းကောင်း၊ ငွေကြေးမပြည့်စုံသူများမှာ လတ်တလောနေရေးစားရေးအတွက် လည်းကောင်း အခက်အခဲတွေ့နေကြရကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ကမ်းပြိုကျမှုတွင်ပါ၍ ပျက်စီးနေသော ကျေးရွာတွင်းလမ်းတစ်နေရာ

ကျောက်ကြီးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရက ဆန်များထောက်ပံ့

ကျောက်ကြီး စက်တင်ဘာ ၃
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့သော ဆန်အိတ်များကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ရေဘေးသင့်ပြည်သူများထံသို့ စက်တင်ဘာ ၃ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ဒုတိယအကြိမ် ရေပြန်လည်မြင့်တက်လာ၍ ဩဂုတ် ၂၀ ရက်မှစတင်ကာ ယာယီကယ်ဆယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရပြီး စက်တင်ဘာ ၂ ရက်အထိ စာရင်းအရ ရေကြီးနစ်မြုပ်မှုကြောင့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခိုလှုံနေသည့် လူဦးရေ ၃၉၈၇ ဦးရှိကြောင်း သိရသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၈၅ အိတ်ကို တိုင်းဒေသကြီးအစိုးရမှ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ထံသို့ ထောက်ပံ့ပေးအပ်ခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ရေဘေးသင့်ပြည်သူများထံသို့ ကွင်းဆင်း၍ ဆန်အိတ်များကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား ဆန်များထောက်ပံ့ခြင်းအပြင် စစ်တောင်းမြစ်ကမ်းဘေးရှိ ညောင်ပင်ဆိပ်ကျေးရွာ၊ ထုံးဝါးစိုက်ကျေးရွာ၊ ဝက်တူးကျေးရွာနှင့် ပဲသောင်ကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်း၊ နယ်လှည့်ဆေးတပ်စု (ကျောက်ကြီး)အဖွဲ့၊ မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုသားကြီး (ပြန်/ဆက်)

ဆွာဆည် ရေလွှဲလက်တံကျိုးပေါက်သည့်ဒေသသို့ ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့ သွားရောက်လှူဒါန်း

တောင်ငူ စက်တင်ဘာ
တောင်ငူခရိုင် ဆွာမြို့နယ်အတွင်း ဆွာဆည် ရေလွှဲလက်တံကျိုးပေါက်သည့် ဒေသရှိ ဥယျာဉ်မှူးကျေးရွာနှင့် ကျွန်းတောစုကျေးရွာတို့ အပါအဝင် ကျေးရွာ လေးရွာမှ အိမ်ထောင်စု ၄၀၀ ခန့်တို့အတွက် ထောက်ပံ့ပစ္စည်းများကို ဇေယျဝတီဒေသမှ ဦးစီဝါး ဦးဆောင်သော ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ အဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဟိန္ဒူလူငယ်လူမှုကူညီရေးအဖွဲ့မှ အဖွဲ့ဝင် ၂၀ ကျော်က ကားသုံးစီးဖြင့် ဆွာဆည် ရေလွှဲလက်တံကျိုးပေါက်သည့်ဒေသသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား တစ်တင်းခွဲဆန်အိတ် ၃၀၊ ဆီ ၅ ပုံး၊ ခေါက်ဆွဲဖာ ၂၀၊ ဆား ၂ အိတ်၊ ငါးခြောက် ၁၀ ပိဿာ၊ နို့ဆီ၊ ကွေကာအုတ်၊ ဆပ်ပြာမှုန့် အထုပ် ၁၀၀ စီနှင့် အဝတ်အထည် ပီနံအိတ် ခြောက်အိတ် စုစုပေါင်း တန်ဖိုး ကျပ် ၁၅ သိန်းခန့်ကို သွားရောက်လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

၀၄၈

ပေါက်မြို့နယ်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးပညာပေးမှုဆောင်ရွက်

ပေါက် စက်တင်ဘာ ၃
ပြည်သူများအနေဖြင့် သန့်ရှင်းရေးဆိုင်ရာအသိပညာများရရှိကာ သန့်ရှင်းကျန်းမာပြီး အမှိုက်ကင်းစင်သောပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် ပေါက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများက ပြည်သူများနှင့်ပူးပေါင်းပြီး အမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေး အသိပညာပေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၂ ရက် ညနေပိုင်းက မြောက်ဘက်ကျေးရွာ၌ ပြုလုပ်ခဲ့ကြသည်။

စုပေါင်းအမှိုက်ကောက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးအေးသန့်နှင့်ဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့များ၊ စည်းရုံးရေးမှူးများ၊ မြောက်ဘက်ကျေးရွာမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ကျေးရွာနေပြည်သူများ စုပေါင်းပါဝင်၍ ကျေးရွာအတွင်း လမ်းတိုင်းရှိ အမှိုက်သရိုက်များကို ကောက်ယူခဲ့ကြပြီး အဆိုပါအမှိုက်များကို ကျေးရွာအပြင်ဘက် အမှိုက်များစွန့်ပစ်ရန် သတ်မှတ်ထားသည့်နေရာများသို့ သွားရောက်စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်တိုး (ပေါက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၉-၂၀၁၈

ရွှေ			
ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၀၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၂၂၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၀၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၂၂၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၈၅/၁၀၁၀ ကျပ်	၁၀၃၀/၁၀၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၉၅/၁၀၂၀ ကျပ်	၁၀၄၀/၁၀၇၅ ကျပ်
အောက်တိန်း ၉၂	၉၅၅/၉၈၀ ကျပ်	၁၀၃၀/၁၀၆၀ ကျပ်
အောက်တိန်း ၉၅	၁၀၀၅/၁၀၃၀ကျပ်	၁၀၈၀/၁၁၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ		
အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၂ · ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၇၅၃ · ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၀၁ · ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၅၃ · ၆
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၆၂ · ၀
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၈၆ · ၂
တရုတ်	တစ်ယွမ်	ကျပ် ၂၂၁ · ၃၃
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၂၉၄
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၅ · ၃၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၆ · ၉၅
ထိုင်း	တစ်ဘတ်	ကျပ် ၄၆ · ၀၉၁

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး(တာဝန်)	-	ဝင်းကျော်
စာတည်းမှူး	-	မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

သီပေါမြို့နှင့် ဘော်ကြိုဘုရား

မောင်သာ (ရှေးဟောင်းသုတေသန)

သီပေါမြို့နယ် ဘော်ကြိုဘုရား ဂေါပကအဖွဲ့၏ ဖိတ်ကြားချက်အရ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသား သုတေသီများဖြစ်ကြသည့် ဦးကျော်တင့်(မြန်မာစာ)၊ ဦးကံဝင်း(သမိုင်း)၊ ဦးဇီဝ (မနုဿဗေဒ)၊ ကိုဇေယျာထွန်း(နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံ) တို့နှင့်အတူ သီပေါမြို့သို့ ရောက်ရှိခဲ့ကာ ဘော်ကြိုဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့် ဦးဆောင်သည့် ဘော်ကြိုဘုရား သမိုင်းပြုစုရေးအဖွဲ့နှင့် တွေ့ဆုံခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အေးချမ်းလှပသော သီပေါမြို့သည် တစ်ချိန်က ရှမ်းစော်ဘွားများ ဟော်နန်းစိုက်ခဲ့သည့် မြို့တစ်မြို့ အဖြစ်ထင်ရှားကာ သီပေါမြို့သို့ ရောက်ရှိလာကြသည့် ပြည်တွင်းပြည်ပခရီးသွားများသည် သီပေါမြို့၌ ၁၉၂၄ ခုနှစ်က တည်ဆောက်ခဲ့ပြီး ဇာတ်စုံရုပ်ကွက်တွင် တည်ရှိနေသည့် စဝ်အုံကြာဟော်နှင့် သီပေါမြို့ပြင်ရှိ ဘော်ကြိုဘုရားသို့သွားရောက်ကြမြဲဖြစ်သည်။

ဆိုင်ပေါ် ဆီပေါ သီပေါ

တစ်ချိန်က သီပေါနယ်ရှင် စော်ဘွားကြီး ရုံးစိုက်ခဲ့သည့် သီပေါမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်တွင် တည်ရှိသည်။ မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားချက်များအရ မြန်မာမင်းများလက်ထက်တွင် အုန်းပေါင်စော်ဘွားသည် အုန်းပေါင်မြို့တွင် နန်းစိုက်ခဲ့ပြီး အရပ်အနေမသင့်သဖြင့် သီပေါမြို့သို့ ပြောင်းရွှေ့ခဲ့ကာ ဟော်နန်းတည်မည့်နေရာတွင် မြေတူးရာမှ ပတ္တမြားတစ်လုံးကို ရရှိခဲ့သည်ဟုဆိုသည်။ ပတ္တမြားပေါ်ထွက်လာခြင်းကို ရှမ်းဘာသာစကားဖြင့် ဆိုင်ပေါ်ဟုခေါ်ဆိုပြီး ကာလကြာမြင့်လာချိန်တွင် ဆိုင်ပေါ်မှ ဆီပေါ၊ ဆီပေါမှ သီပေါဟု ရွေ့လျားလာဟန်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းတွင် သီပေါမြို့ကို ခရစ်နှစ် ၁၈၈၈ ခုနှစ် မတ်လတွင် သီပေါစော်ဘွား စဝ်ကြာထွန်း၏ သားတော် စဝ်ကြာခိုင် ခေါ် စဝ်ခွန်ဆိုင်က မန္တလေးမြို့ပုံစံအတိုင်း တည်ခဲ့သည်ဟု ဖော်ပြထားပေသည်။ သီပေါမြို့ကို နမ့်ပေါ့ချောင်း၏ ပါးစပ်ဝတွင် တည်ထားခဲ့သဖြင့် ရှမ်းဘာသာစကားဖြင့် ဆွတ်ပေါ့ (ပါးစပ်ဝ၌ တည်ထားသောမြို့) ဟုခေါ်ဆိုခဲ့ပြီး ဆွတ်ပေါ့မှ ဆီပေါ၊ သီပေါဟု အဆင့်ဆင့်ရွေ့လျားခေါ်တွင်ခဲ့သည်ဟုလည်း ဆိုသည်။

သီပေါမြို့ကို တော်လှန်ရေးကောင်စီအစိုးရ (၁၉၆၂ ခုနှစ်) မတိုင်မီက မြို့ပိုင်တစ်ဦးက အုပ်ချုပ်ခဲ့ပြီး တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက သီပေါမြို့နယ်ကို ရပ်ကွက် ၁၁ ခု၊ ကျေးရွာ အုပ်စု ၆၇ အုပ်စု၊ ကျေးရွာ ၄၇၆ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။

သီပေါ မြို့နယ်သည် ၂၀၄၅ စတုရန်းမိုင် ကျယ်ဝန်းလျက် ကျောက်မဲမြို့နယ်၏ အရှေ့ဘက်၊ လားရှိုးနှင့် မိုင်းရယ်မြို့နယ်တို့၏ အနောက်ဘက်၊ နမ့်ဆန်နှင့် နမ္မတူမြို့နယ်တို့၏ တောင်ဘက်နှင့် ရပ်စောက်၊ မိုင်းကိုင်၊ ကျေးသီးမြို့နယ်တို့၏ မြောက်ဘက်တွင် တည်ရှိသည်။

တောင်ကုန်းတောင်တန်းများ ထူထပ်၍ မြေပြန့်လွင်ပြင် နည်းပါးသည့် သီပေါမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၃၉၈ ပေမြင့်ကာ မြို့နယ်၏ ၈၆ ဒသမ ၃၄ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းထားသည်။ ဒုဋ္ဌဝတီမြစ်သည် သီပေါမြို့၏ အရှေ့ဘက်မှ ဖြတ်သန်းလျက် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေကာ အနောက်မှအရှေ့သို့ စီးဆင်းနေသည့် နမ့်ပေါ့ချောင်းနှင့် ကျင်သီချောင်းတို့သည် ဒုဋ္ဌဝတီမြစ်အတွင်းသို့ စီးဝင်သွားကြသည်။ နမ့်ပေါ့ချောင်းသည် သီပေါမြို့လယ်မှ ဖြတ်သန်းစီးဆင်းနေသည်။

စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာရှိသည့် ဒုဋ္ဌဝတီမြစ်သည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် ၉၃၁ စင်တီမီတာ အမြင့်အထိ ရေမှတ်မြင့်တက်ခဲ့ကာ ဖာဖိတ်ဆည်ကျိုးပေါက်ခဲ့သည်။ ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းတို့ ရေတက်လာမှုကြောင့် သီပေါမြို့အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇ ခုနှစ် မတ်လတွင် လူဦးရေ ၁၆၂၆၇၇ ဦး ရှိသည့် သီပေါမြို့နယ်တွင် ရှမ်းနှင့် ဗမာလူမျိုးများ အများဆုံး နေထိုင်ကြပြီး ပလောင်၊ လီဆူ၊ ကိုးကန့် အစရှိသည့် အခြားတိုင်းရင်းသား ၁၈ မျိုးလည်း နေထိုင်လျက်ရှိသည်။ မန္တလေး-မူဆယ်မော်တော်ကားလမ်းနှင့် မန္တလေး -လားရှိုးမီးရထားလမ်းပေါ်တွင် တည်ရှိသည့် သီပေါမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ဒေသထွက် လိမ္မော်၊ နာနတ်၊ ရှောက်ချိုသီးတို့ကို ပြည်တွင်းပြည်ပသို့ အများဆုံးတင်ပို့ရောင်းချသည်။ ထို့အတူ သီပေါမြို့နယ်အတွင်း ဂေါ်ဒန်ကျောက်နှင့် ကျောက်မီးသွေးကို ထုတ်လုပ်သည်။

သီပေါမြို့နယ်တွင် ဘုရားစေတီ ပုထိုး ၂၈ ဆူ၊ ဘုန်းကြီးကျောင်း ၁၉၇ ကျောင်း၊ သီလရှင်ကျောင်း နှစ်ကျောင်းရှိကာ ရဟန်း၊ သာမဏေ ၃၄၃၈ ပါးနှင့် သီလရှင် ၄၁၄ ပါး သီတင်းသုံးနေထိုင်လျက်ရှိသည်။ မြို့နယ်အတွင်း ထင်ရှားသည့် စေတီပုထိုးများအနက် သီပေါမြို့မှ ခုနစ်မိုင်ကွာဝေးသည့် ဘော်ကြိုဘုရားသည် တစ်ဆူအပါအဝင်ဖြစ်ပေသည်။

> **“သီပေါမြို့နယ်တွင် ဘုရားစေတီ ပုထိုး ၂၈ ဆူ၊ ဘုန်းကြီးကျောင်း ၁၉၇ ကျောင်း၊ သီလရှင်ကျောင်း နှစ်ကျောင်းရှိကာ ရဟန်း၊ သာမဏေ ၃၄၃၈ ပါးနှင့် သီလရှင် ၄၁၄ ပါး သီတင်းသုံးနေထိုင်လျက်ရှိသည်။ မြို့နယ်အတွင်း ထင်ရှားသည့် စေတီပုထိုးများအနက် သီပေါမြို့မှ ခုနစ်မိုင်ကွာဝေးသည့် ဘော်ကြိုဘုရားသည် တစ်ဆူအပါအဝင် ဖြစ်ပေသည်”**

သမိုင်းဝင် ဘော်ကြို

သီပေါမြို့သို့ မော်တော်ကားဖြင့် သွားလာကြသူများသည် မန္တလေးဘက်မှလာလျှင် သီပေါမြို့သို့မရောက်မီ ခုနစ်မိုင်အလိုတွင်တည်ရှိသည့် ဘော်ကြိုဘုရားသို့ ဝင်ရောက်ဖူးမြော်လေ့ရှိကြသည်။

သမိုင်းဝင် ဘော်ကြို မုဋ္ဌောဘုရားသည် သီပေါမြို့နယ် ဘော်ကြိုကျေးရွာ ရွာဟောင်းနှင့် ရွာသစ်အကြား၊ မန္တလေး လားရှိုးမော်တော်ကားလမ်း၏ လက်ဝဲဘက်တွင် တည်ရှိသည်။ ဘော်ကြိုဘုရား၏ တောင်ဘက်တွင် ဒုဋ္ဌဝတီမြစ်စီးဆင်းနေသည်။ စေတီတော်မုခ်လေးဘက်တွင် စံပယ်လျက်ရှိသည့် ဗုဒ္ဓဆင်းတုရုပ်ပွားတော်လေးဆူသည် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်သက်ဝင်မှုအရ တောင်းဆုပြည့်သည်ဟု ထင်ရှားသည်။ သို့သော် စေတီတော်တည်ထားသည့် အလှူရှင်နှင့် ရုပ်ပွားတော်များ ထုလုပ်ပူဇော်သည့် အလှူရှင်များသည် သီးခြားစီဖြစ်ကြကာ တည်ထား၊ ထုလုပ်သည့် ခုနှစ်သက္ကရာဇ်များ မတူညီကြချေ။

ဘော်ကြိုဘုရားကို ရှေးအခါက မွေတော်ဟုလည်းကောင်း၊ မုဋ္ဌောဟု လည်းကောင်း ခေါ်ဆိုခဲ့သည်။ ဘော်ကြိုဟူသည့် ရှမ်းဘာသာစကား ဝေါဟာရသည် ပေါ့ကြိုဟူသည့် စကားမှ ဆင်းသက်လာကာ အဘကိုကြိုဆိုသောနေရာဟု အဓိပ္ပာယ်ရသည်။ ကောဇာသက္ကရာဇ် ၄၀၀ ပြည့်နှစ်တွင် ပုဂံဘုရင် အနော်ရထာ၏ မိဖုရားတစ်ပါးဖြစ်သည့် မိုင်းမောမင်းသမီးစောမွန်လှသည် ပုဂံနန်းတော်မှ မိမိဇာတိမြေ မိုင်းမောသို့ ပြန်လာခဲ့ရာ စောမွန်လှ၏ ခမည်းတော်က သမီးဖြစ်သူကို မုဋ္ဌောစေတီအနီး ဆားတွင်းတွင် လာရောက်ကြိုဆိုရာမှ ပေါ့ကြိုဟု အမည်တွင်ခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင် ဖော်ပြကြသည်။

သို့သော် ဘော်ကြိုဘုရားတည်ထားသည့် သမိုင်းသည် နှစ်ကာလရှည်ကြာလာချိန်တွင် မူကွဲများရှိလာသဖြင့် ဘော်ကြိုဘုရား သမိုင်းပြုစုရေးအဖွဲ့က ခိုင်မာသော အထောက်အထားများဖော်ထုတ်၍ ဘုရားသမိုင်းပြုစုရန် စီစဉ်လျက်ရှိသည်။

ဘော်ကြိုဘုရား သမိုင်းကျောက်စာတွင် ရေးထိုးထားသည့် မှတ်တမ်းများအရ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် တတိယသင်္ဂါယနာတင်ခဲ့ပြီး ဘုရားရှင်သာသနာနှစ်ပေါင်း ၅၀၀၀ အရှည်တည်တံ့စေရန် ၈၄၀၀၀ သော ကောင်းမှုများကို ပြုလုပ်ခဲ့သည့်အနက် သီပေါ အုန်းပေါင်မြို့ အနောက်ဘက် ဒုဋ္ဌဝတီမြစ်အနီး၌ စေတီတော်တစ်ဆူကို တည်ထားခဲ့သည်။ ယင်းနေရာကို ဘုရားလောင်း ဝက်မင်းဖြစ်စဉ်အခါက ဝက်လူးအိုင် နေရာဟုယုံကြည်ခဲ့ကြသည်။

ဘော်ကြိုနှင့် စောမွန်လှ

မြန်မာရာဇဝင်ကျမ်းများတွင် ပုဂံအနော်ရထာမင်းသည် တရုတ်ပြည်သို့ စွယ်တော်ပင့်ရန် သွားရောက်ခဲ့ပြီး အပြန်ခရီးတွင် မောကိုးပြည်ထောင် စော်ဘွားက သမီးတော် စောမွန်လှကို ဆက်သခဲ့ကြောင်း ဖော်ပြကြသည်။ သမိုင်းသုတေသီ ဆရာ တင်နိုင်တိုးက အနော်ရထာမင်းသည် တရုတ်ပြည်သို့ ခရစ်နှစ် ၁၀၅၇ ခုနှစ် ဒီဇင်ဘာလတွင် သွားရောက်ခဲ့သဖြင့် စောမွန်လှကို ဆက်သချိန်သည် ခရစ်နှစ် ၁၀၅၈ ခုနှစ် ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့သည်။

သို့သော် စောမွန်လှဇာတ်လမ်းသည် မြန်မာရာဇဝင်များ၌ ကွဲလွဲမှုများ ရှိနေခဲ့သည်။ ကိုလိုနီခေတ်တွင် အထူးထင်ရှားခဲ့သည့် စောမွန်လှဇာတ်လမ်းတွင် စောမွန်လှသည် ပုဂံနန်းတွင် ရှိနေစဉ် အရောင်တောက်ပသည့် နားတောင်းကြောင့် ဘုရင်၏ အထင်မှားမှုကို ခံရကာ နန်းတော်မှ ထွက်ခွာခဲ့ရသည်။ လမ်းခရီးတွင် နားတောင်းကို ဌာပနာပြု၍ ရွှေစာရံစေတီကို တည်ခဲ့ရာ စေတီတော်မုခ်ပေါက်ကို ရှမ်းပြည်ဘက်သို့လှည့်၍ တည်ထားခဲ့သဖြင့် အနော်ရထာမင်းကြီး ကြားသိကာ မင်းချင်းများစေလွှတ်ခဲ့ပြီးနောက် စေတီမုခ်ပေါက်ကို ပုဂံဘက်သို့ ပြန်လှည့်ပေးခဲ့သည်ဟု ဆိုကြသည်။

စွယ်တော်ပင့်ရန် အနော်ရထာမင်းသွားရောက်ခဲ့သည့် တရုတ်ပြည်သည် ယူနန်ပြည်နယ်ဖြစ်သည်။ အနော်ရထာမင်းသည် တရုတ်ပြည်မှအပြန် ညံတောစခန်းသို့ ရောက်ရှိခဲ့စဉ် စောမွန်လှသည် ရှမ်းပြည်ဘက်သို့ မျှော်ကြည့်ကာ မျှော်တော်မူဘုရားကို တည်ခဲ့သည်ဟုလည်း ဆိုသည်။

ဘော်ကြိုဘုရားသည် သီပေါမြို့နယ်တွင် တည်ရှိနေသော်လည်း သီပေါသိန္နီရာဇဝင်များတွင် စောမွန်လှအကြောင်း ဖော်ပြထားမှုမရှိခြင်းကို အချို့က စောမွန်လှသည် မိုင်းမောစော်ဘွားသမီးဖြစ်သောကြောင့် သီပေါသိန္နီရာဇဝင်တွင် မပါရှိခြင်းဖြစ်ကြောင်း ဆိုခဲ့ကြသည်။ မိုးမိတ်စော်ဘွားက သမီးတော် စောမြဝတီကို ဒွတ္တဘောင်မင်းကြီးထံ ဆက်သခဲ့သည့်ဇာတ်လမ်းသည် စောမွန်လှဇာတ်လမ်းနှင့် ထပ်တူဖြစ်နေသည်ကို သတိမူသင့်ကြောင်း ဆရာ တင်နိုင်တိုးက ထောက်ပြခဲ့သည်။

ဘော်ကြိုဘုရားသမိုင်းကျောက်စာတွင် ပုဂံပြည်မှ ပြန်လာသည့် သမီးတော် စောမွန်လှကို ကြိုရန် ဖခင် မိုင်းမောစော်ဘွားသည် ဝက်လူးအိုင်ဘုရားမြောက်ဘက် တောင်ပေါ်ပန်ခမ်းရွာမှ စောင့်ဆိုင်းခဲ့သည်။ သမီးတော်ရောက်လာချိန်တွင် တောင်ပေါ်မှဆင်း၍ ကြိုဆိုခဲ့သည့် နေရာသည် ပေါ့ကြို (ယခု ဘော်ကြို) ဖြစ်သည်။ စောမွန်လှ သေဆုံးခဲ့သည့် ဒုဋ္ဌဝတီ မြစ်ကမ်းအနီးတွင် လွမ်းစေတီတစ်ဆူ တည်ခဲ့သည်။ သမိုင်းမူကွဲများတွင် စောမွန်လှသည် ပုဂံမှ ရှမ်းပြည်သို့ ပြန်လာခဲ့စဉ် လမ်းခရီးတစ်လျှောက်၌ စေတီကိုးဆူ တည်ထားခဲ့ရာ ဘော်ကြိုဘုရားသည်လည်း တစ်ဆူအပါအဝင်ဟု ဆိုကြသည်။

ရှမ်းလူမျိုးများသည် စောမွန်လှစေတီကို ကောင်းမူးမောကေဟုလည်း ခေါ်ကြရာ ရှမ်းဘာသာစကား ကောင်းမူးသည် စေတီ၊ မောကေသည် ဆားကွင်းဟု အဓိပ္ပာယ်ရှိသည်။ ဆားကွင်းသည် ဆားနီတွင်း၊ ဆားဖြူတွင်းဟူ၍ နှစ်တွင်းရှိသည်ဟု ဆိုခဲ့ကြသော်လည်း ဆားနီတွင်းကို ရှာဖွေမတွေ့ရှိဘဲ ဆားဖြူတွင်းသည် ဘော်ကြိုဘုရားပိုင်မြေအတွင်း တည်ရှိနေပေသည်။

ဆုတောင်းပြည့် ရုပ်ပွားလေးဆူ

ဘော်ကြိုဘုရား၏ မုခ်လေးဖက်ရှိ ဂန္ဓကုဋိတိုက်များတွင် စံပယ်နေသည့် ရုပ်ပွားတော်လေးဆူကို စံကားသားဖြင့် ထုလုပ်ထားသည်။ ရုပ်ပွားတော်များ၏ အလှူရှင်သည် ပုဂံပြည့်ရှင် နရပတိစည်သူမင်း (ခရစ်နှစ် ၁၁၆၅-၁၂၁၁) ဖြစ်ပြီး ‘မင်းစည်သူ စကားကိုးပိုင်း ဆင်းတုလှူ’ ဟု မှတ်သားခဲ့ကြသည်။ ပုဂံပြည့်ရှင်သည် စံကားသား ဆင်းတုတော် ၁၂ ဆူ ထုလုပ်ပူဇော်ခဲ့ရာ ဘော်ကြိုဘုရားတွင် လေးဆူရှိပြီး ကျန်ဆင်းတုများသည် ရှမ်းပြည်နယ်အတွင်းရှိ နောင်ချို၊ ကျောက်မဲ၊ နမ့်ဆန်၊ မိုးမိတ်၊ လားရှိုး၊ သိန္နီ၊ ကျေးသီးနှင့် မိုင်းကိုင်မြို့နယ်တို့တွင် တစ်ဆူစီရှိသည်ဟုဆိုသည်။ ဘော်ကြိုဘုရားရင်ပြင်၊ အနောက်မြောက်ထောင့်တွင် ပေါက်နေသည့် စံကားပင်ကြီးသည် ဘော်ကြိုဘုရားရှိ စံကားသား ဆင်းတုတော်များ ထုလုပ်ပြီး ကျန်ရှိသည့်အပိုင်းမှ ပေါက်လာခဲ့သည်ဟု ဆိုစမှတ်ရှိခဲ့သည်။

သီပေါ ဘော်ကြိုဘုရားတွင် စံကားသားဆင်းတုတော်များ သီတင်းသုံးသည့် နှစ်သည် မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ် ဖြစ်ကြောင်း ဆင်းတုတော် အောက်ခြေတွင် ရေးသားထားသည်။

ဘော်ကြိုဘုရားတွင် ပူဇော်ထားသည့် စံကားသား ဆင်းတုတော်များအနက် အရှေ့မုခ်တွင်သီတင်းသုံးသည့် ဆင်းတုတော်၏ ဘွဲ့အမည်တော်သည် ရတနာမာရ်အောင်၊ အနောက်မုခ်ဆင်းတုတော်သည် ရတနာစျာန်အောင်၊ တောင်ဘက်မုခ်ဆင်းတုတော်သည် ရတနာဉာဏ်အောင်နှင့် မြောက်ဘက်မုခ်ဆင်းတုတော်သည် ရတနာရန်အောင် ဖြစ်သည်။

ရတနာမာရ်အောင် ဆင်းတုတော်သည် ဉာဏ်တော်လေး ဒသမ ငါးပေ၊ အလေးချိန် ၁၁၈ ဒသမ ၂၀ ပိဿာ၊ ရတနာစျာန်အောင် ဆင်းတုတော်သည် ဉာဏ်တော် တစ်ပေနှစ်လက်မ၊ အလေးချိန် ၂၉ ဒသမ ၉၀ ပိဿာ၊ ရတနာ ဉာဏ်အောင်ဆင်းတုတော်သည် ဉာဏ်တော် သုံးပေခြောက်လက်မ၊ အလေးချိန် ၉၄ ဒသမ ၆၀ ပိဿာ၊ ရတနာ ရန်အောင်ဆင်းတုတော်သည် ဉာဏ်တော် သုံးပေ သုံးလက်မ၊ အလေးချိန် ၆၆ ဒသမ ၄၀ ပိဿာရှိသည်။

ဆင်းတုတော်လေးဆူအနက် ရတနာမာရ်အောင်သည် မကိုဋ်သရဖူဆောင်းထားကာ ရတနာရန်အောင်သည် နဂါးရုံဘုရားဖြစ်သည်။

စာမျက်နှာ ၁၉ သို့

မန္တလေး-ပြင်ဦးလွင် ကားလမ်း ပိုမိုကောင်းမွန်လာ

မန္တလေး စက်တင်ဘာ ၃

မန္တလေး - ပြင်ဦးလွင် ကားလမ်းအား အဆင့်မြင့် နိုင်လွန်ကတ္တရာခင်း လေးလမ်းသွားအဖြစ် ပြင်ဆင်ဖောက်လုပ်လျက်ရှိရာ လမ်းပိုင်းနေရာ အများအပြား ပြင်ဆင်ပြီးစီးသွားခြင်းကြောင့် သွားလာရာတွင် ယခင်ကာလများထက် ပိုမိုအဆင်ပြေ ချောမွေ့လျက်ရှိကြောင်း သိရသည်။

မန္တလေး-ပြင်ဦးလွင် မော်တော်ကားလမ်းကို ၁၉၉၆ ခုနှစ် မတိုင်မီ အင်္ဂလိပ်တို့က စတင်ဖောက်လုပ်ခဲ့ပြီး ထိုစဉ်က အတက်အဆင်းလမ်းတစ်လမ်းသာရှိနေခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် တိုးတက်များပြားလာသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များသွားလာရေး အဆင်ပြေစေရန်အတွက် အတက်လမ်း အဆင်းလမ်းတို့ကို သီးခြားတစ်လမ်းစီ တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း မန္တလေး-ပြင်ဦးလွင် ကားလမ်းသည် အတက်အဆင်း အကွေ့အကောက်များပြားခြင်း၊ မြန်မာနိုင်ငံ၏ ဒုတိယမြောက် မော်တော်ယာဉ်အများဆုံး သွားလာရာ ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဖြစ်နေခြင်း၊ ခေတ်မီကုန်တင် ၂၂ ဘီးတွဲယာဉ်ကြီးများ အဆက်မပြတ်သွားလာနေခြင်းတို့ကြောင့် လမ်းဧရိယာများ ကျဉ်းမြောင်းလာပြီး မကြာခဏဆိုသလို လမ်းပိတ်ဆို့ခြင်း၊ ယာဉ်ကြောကျပ်ခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပေါ်၌ကြန့်ကြာမှုများဖြစ်ခဲ့ရကြောင်း သိရသည်။

"အခုတော့ မန္တလေးကိုဆင်းဆင်း၊ ပြင်ဦးလွင်ကိုတက်တက် အဆင်ပြေသွားပါပြီ။ မန္တလေး-ပြင်ဦးလွင် ၄၂ မိုင် ခရီးကို လမ်းတွေကောင်းသွားတာကြောင့် တစ်နာရီပတ်ဝန်းကျင်ပဲ မောင်းရတော့တယ်။ လမ်းတွေမပြင်ခင်မကောင်းခင်တုန်းက တစ်ခါတလေ နှစ်နာရီ သုံးနာရီအထိ ကြာတတ်သလို လမ်းတွေပိတ်နေရင် တစ်နေကုန်လောက်အထိ ကြာတတ်ပါတယ်။ တွဲကားကြီးတွေ ပျက်နေလို့၊ လဲနေလို့ တစ်ညလုံးစောင့်ခဲ့ရတာတွေကိုလည်း ကြုံတွေ့ခဲ့ရပါတယ်" ဟု နေ့စဉ်သွားလာနေသော ခရီးသည်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခုအခါ မန္တလေး-ပြင်ဦးလွင်လမ်းသည် ပြင်ဦးလွင်အတက် ဆိုးတစ်လုံးကွေ့နေရာ၊ သုံးထပ်ကွေ့နေရာတို့၌သာ ပြုပြင်ရန် အနည်းငယ်ကျန်ရှိနေပြီး ကျန်နေရာများအားလုံး ကောင်းမွန်နေပြီ ဖြစ်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ကျောက်ပန်းတောင်းမြို့နယ်တွင် ဘိုးဘွားရိပ်သာတည်ဆောက်နိုင်ရေး မြေနေရာရှင်းလင်း

ကျောက်ပန်းတောင်း စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် သုခဆည်းဆာသက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအဖွဲ့မှ ဦးဆောင်ပြုလုပ်သည့် သက်ကြီးဘိုးဘွားများအတွက် ဘိုးဘွားရိပ်သာ တည်ဆောက်မည့် မြေနေရာအား ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်းလုပ်ငန်းများကို ယမန်နေ့က လယ်ယားတောင်ကျေးရွာအုပ်စု ရေထွက်ကျေးရွာ အနောက်ဘက် ဂေါင်းဒီတောင်ခြေတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ဘိုးဘွားရိပ်သာမြေနေရာအကျယ် ၂ ဒသမ ၄၁ ဧကကို ဦးဇော်ဝင်းလှိုင်မိသားစုက လှူဒါန်းခြင်းဖြစ်ကြောင်း သိရပြီး အဆောက်အအုံဆောက်လုပ်မည့် မြေနေရာနှင့် အဝင် အထွက်လမ်းမြေနေရာတို့ရှိ ချုံနွယ်ပိတ်ပေါင်းများကို သုခဆည်းဆာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သုခပြည့်စုံဆေးရုံမှ ဝန်ထမ်းများနှင့် ရေထွက်ကျေးရွာနေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သုခဆည်းဆာသက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးအဖွဲ့ကို ကော်မတီဝင် ၃၁ ဦးဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး ယခုလက်ရှိတွင် ယာယီရုံးအဖြစ် အောင်မင်္ဂလာရပ်ကွက်ရှိ သီရိမင်္ဂလာကျောင်းတိုက်တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ အပတ်စဉ် သက်ကြီးရွယ်အိုစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အထောက်အကူပြုလေ့ကျင့်ခန်းများ ပြုလုပ်စေရန် ဆောင်ရွက်ပေးပြီး နောက်ပိုင်းတွင် စိတ်ပိုင်းဆိုင်ရာ အထောက်အကူဖြစ်စေမည့် ဝိုင်းဖွဲ့သီဆို၊ ကခုန်ခြင်းများကို စိတ်ပျော်ရွှင်မှုရရှိစေရန် ဖန်တီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သုခဆည်းဆာသက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၁၂၀ ဖြင့် အဆောက်အအုံဆောက်လုပ်မည့် မြေနေရာနှင့် ကားလမ်းမြေနေရာတို့ကို ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

နေအောင် (ပြန်/ဆက်)

ယုဇနဥယျာဉ်မြို့တော်မှ ဆွာမြို့နယ် ရေဘေးသင့်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ထောက်ပံ့

ဆွာ စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရုံးအဖွဲ့ဝင်များက ရပ်ကွက်အတွင်း လိုက်လံအလှူခံ၍ အဝတ်အထည်မျိုးစုံနှင့် သောက်ရေသန့် ၁၂၅ ကတ်ကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်းတမံရေကျိုးပေါက်မှုကြောင့် ဆွာမြို့နယ်တွင် ရေကြီးနစ်မြုပ်လျက်ရှိသော ရေဘေးသင့်ဒေသခံပြည်သူများအား ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် ဆွာစက်မှုဇုန် စက်ရုံရှေ့ရှိ ပရိယတ္တိဘုန်းတော်ကြီးကျောင်း စာသင်တိုက်တွင် ဖွင့်လှစ်ထားသော ရေဘေးသင့်ကယ်ဆယ်ရေးစခန်းသို့ ယမန်နေ့က ယုဇနဥယျာဉ်မြို့တော် ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရုံးအဖွဲ့ဝင်များက သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

၀၂၈

ဝက်လက်မြို့၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်း ဖွင့်

ဝက်လက် စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့ မြင့်မင်္ဂလာခန်းမ၌ ယမန်နေ့က အခြေခံရှေးဦးပြုစုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးလွင်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကြက်ခြေနီအသင်းတပ်ဖွဲ့မှူး ဦးတင့်ဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းကာလအတွင်း သင်တန်းသားများ သိလိုသည်များကို မေးမြန်းစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးသန်းညွန့်က သင်တန်းလာရောက်ဖွင့်လှစ်ပေးသော တိုင်းဒေသကြီးတပ်ဖွဲ့မှူးနှင့် သင်တန်းတက်ရောက်သော သင်တန်းသား သင်တန်းသူများကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

စိုးစိုးလှိုင်(ပြန်/ဆက်)

ကျိုင်းလပ်မြို့၌ ငမြောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေး တောင်သူပညာပေး

ကျိုင်းလပ် စက်တင်ဘာ ၃

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ဒေသခံတောင်သူများ ငမြောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေး တောင်သူအသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ကျိုင်းလပ်မြို့ ကျခမ်းကျောက် ကျေးရွာအုပ်စု နမ့်ငေါ့ ကျေးရွာ၌ ပြုလုပ်ခဲ့ရာ ဒေသခံလားဟူတိုင်းရင်းသားတောင်သူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှုဝင်းက ငမြောင်တောင်ပိုးကာကွယ်နှိမ်နင်းရေးနည်းများ၊ စပါးသီးနှံတွင် ကျရောက်တတ်သော ရောဂါများအကြောင်းနှင့် ကာကွယ်နှိမ်နင်းရေးနည်းများကို လည်းကောင်း၊ ကျိုင်းလပ်မြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းရွှေက သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များအကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မေရီထွန်းက ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး ဆောင်ရွက်

ရေစကြို စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်သုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ယခင်တပ်ဆင်အသုံးပြုထားသည့် ၁၁ ကေဗွီ ACSR ကြိုးများနေရာတွင် ၁၂ ကေဗွီ Insulated Cable များနှင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ၁၂ ကေဗွီ Insulated Cable ကို အစားထိုးလဲလှယ်တပ်ဆင်ခြင်းအားဖြင့် အများပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးပြီး လျှပ်စစ်သုံးစွဲသူများအတွက် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း၊ မြို့တွင်းလိုင်းများကို အစားထိုးလဲလှယ်တပ်ဆင်ဆောင်ရွက်ရာတွင် လျှပ်စစ်သုံးစွဲသူပြည်သူများကို တစ်ရက်ကြိုတင်အသိပေးကြေညာပြီးမှ လုပ်သားအင်အားများနှင့် နေ့ချင်းပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးလှမျိုးက ပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)

စာမျက်နှာ ၁၈ မှ

ရှေးအခါက ယင်းဆင်းတုတော်လေးဆူကို အုန်းပေါင်၊ သီပေါစော်ဘွားများက ဟော်နန်းဦးတွင် နန်းဦးကျောင်း ဆောက်လုပ်၍ အပူဇော်ခံထားရှိခဲ့ပြီး ဘုရားပွဲကျင်းပချိန်ရောက်မှ ဘော်ကြိုဘုရားသို့ ဒုဋ္ဌဝတီမြစ်ကြောင်းအတိုင်း ကရဝိက် ဖောင်တော်ဖြင့် ပင့်ဆောင်လေ့ရှိခဲ့သည်။ ရုပ်ပွားတော်များ ပင့်ဆောင်ရာတွင် အရှေ့မုခ်တွင် သီတင်းသုံးသည့် ရတနာမာရ်အောင် ရုပ်ပွားတော်ကို ဦးစွာပင့်ဆောင်၍ တောင်ဘက်မုခ် ဆင်းတုတော် ရတနာဉာဏ်အောင်၊ မြောက်ဘက်မုခ်ဆင်းတုတော် ရတနာရန်အောင်၊ အနောက်မုခ်ဆင်းတုတော် ရတနာစျာန်အောင်တို့ကို အစဉ်လိုက်ပင့်ဆောင်လေ့ရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပေသည်။

ဘော်ကြိုဘုရား ရွှေစေတီဉာဏ်တော်သည် ၅၁ ပေဖြစ်ကာ အာရုံခံတန်ဆောင်း အောက်ခြေမှ အုတ်ပြာသာဒ်စိန်ဖူးတော်အထိ ပေ ၁၀၀ မြင့်သည်။ ဘော်ကြိုဘုရားကို မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်မှ ၁၂၆၄ ခုနှစ်အတွင်း ၈၅ ဆက်မြောက် သီပေါစော်ဘွား စောခွန်ဆိုင်ကလည်းကောင်း၊ ၁၂၆၅ ခုနှစ်မှ ၁၂၉၀ ပြည့်နှစ်အတွင်း စော်ဘွားဆာစောချယ်ကလည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်မှ ၁၃၀၀ ပြည့်နှစ်အတွင်း စော်ဘွားကြီး စောအုံကြာက မန္တလေးတောင်ရသေ့ကြီး ဦးခန္တီနှင့် ပူးပေါင်း၍လည်းကောင်း မွမ်းမံပြင်ဆင်ခဲ့ကြသည်။

၂၀၁၅ ခုနှစ် မေလ ၂၃ ရက်က ဘော်ကြိုဘုရားတွင် ဓာတ်ပေါင်းစု ဂန္ဓကုဋိအဆောက်အအုံဆောက်လုပ်ရန် မြေတူးစဉ် ဉာဏ်တော်လေးလက်မမှ ၁၅ လက်မရှိ ငွေ၊ ကြေးဆင်းတုတော် အကောင်း ၂၂၈ ဆူနှင့် အကျိုး အဆူ ၇၀ ကို တွေ့ရှိခဲ့သည်။

စော်ဘွားစောအုံကြာသည် ကျောက်မဲမြို့နယ် စခန်းသာရွာအနီး စေတိယဂီရိတောင်တွင် နွေရာသီစံနန်းတော်ကို တည်ဆောက်ခဲ့ပြီး ၆၁၀၃ ပိဿာရှိ ကြေးစေတီကို တောင်ပေါ်တွင် တည်ထားခဲ့သည်။ စော်ဘွားကြီးသည် တောင်စောင့်ဘီလူးရုပ်ငါးရုပ်ကို ထုလုပ်ထားရှိခဲ့ပြီး ကွယ်လွန်ချိန်တွင် သားတော် စော်ဘွားစောအုံကြာက ဘော်ကြိုမုဋ္ဌောစေတီသို့ လှူဒါန်းခဲ့သည်။ ထို့အတူ စေတီတော် အနောက်တောင်ထောင့်ရှိ ရှေးဟောင်းကြေးရုပ်ပြတိုက်တွင် မန္တလေး မဟာမုနိဘုရားတွင်ရှိသည့် ကြေးရုပ်များ၏ ပုံစံနှင့်လက်ရာတစ်ထေရာတည်း တူညီသည့် ကြေးရုပ်များကို မြင်တွေ့ကြရပေသည်။

သီပေါသမိုင်းနှင့် ဆက်နွယ်နေသည့် ဘော်ကြိုဘုရားသည် ရှမ်းပြည်နယ်၏ တန်ခိုးကြီး ဘုရားတစ်ဆူအဖြစ် နှစ်ကာလရှည်ကြာစွာကပင် ထင်ရှားခဲ့ရာ ဦးဆန်စိုင်း သာညွှန့် ဦးဆောင်သည့် ဘော်ကြိုဘုရားသမိုင်းပြုစုရေးအဖွဲ့သည် ခိုင်မာသော အထောက်အထားများဖြင့် ဘုရားသမိုင်းကို ရေးသားပြုစုရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပေသည်။

ကိုးကား

မြန်မာ့စွယ်စုံကျမ်း အတွဲ (၈)

ပုဂံမင်းဆက်ရာဇဝင် (တင်နိုင်တိုး)

ဘော်ကြိုဘုရားသမိုင်းကျောက်စာ(၁၃၁၉ ခုနှစ်)

ဘော်ကြိုမုဋ္ဌောစေတီ သမိုင်း

အနာဂတ်ဈေးကွက်တွင် တောင်းဆိုလာမည့် အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်ကို အားပေးကြပါစို့

မြတ်မွန်ထွေး

စိုက်ပျိုးရေးထွက်ကုန်များကို နိုင်ငံတကာ ဝယ်ယူသူများဘက်မှ စံချိန်စံညွှန်းများနှင့် ညီညွတ်သော သဘာဝထုတ် ကုန်စည်ပစ္စည်းများကို တောင်းဆိုလာပြီဖြစ်သဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်လည်းဖြစ်သည့် အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်ကို စိုက်ပျိုးကြရန် လိုအပ်လာပြီဖြစ်သည်ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးဖြစ်ပြီး မြန်မာအော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအသင်းကို တည်ထောင်ကာ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာများကို တောင်သူအဆင့်အထိ ပညာဖြန့်ဖြူးပေးနေသူ ဒေါက်တာသန်းသန်းစိန်က မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဩဂုတ်လ တတိယပတ်က ကျင်းပသော အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာပေးအခြေခံ သင်တန်းတွင် ပြောကြားသည်။

အော်ဂဲနစ်စိုက်ပျိုးရေးဆိုသည်မှာ

အော်ဂဲနစ်စိုက်ပျိုးရေးဆိုသည်မှာ မြေဆီလွှာဂေဟစနစ်ကို ညီမျှကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ဓာတုပစ္စည်းများလုံးဝမပါရှိဘဲ သဘာဝမှရရှိလာသော သက်ရှိများ၏ ဇီဝရုပ်ကြွင်းများမှ ဖြစ်ပေါ်လာသော သွင်းအားစုများကိုသာအသုံးပြုကာ စိုက်ပျိုးထားသောနည်းပညာကို ခေါ်ခြင်းဖြစ်သည်။

"ဈေးကွက်ဆိုတဲ့နေရာမှာ ဝယ်တဲ့သူနဲ့ ရောင်းတဲ့သူ အံကိုက်ဖို့လိုပါတယ်။ ဝယ်သူဘက်ကလည်း သူလိုချင်တဲ့ စံချိန်စံညွှန်းကိုပြောမယ်၊ ရောင်းသူဘက်ကလည်း ဖြည့်ဆည်းပေးနိုင်တယ်ဆိုရင် ဈေးကွက်တစ်ခု ဖြစ်လာပါတယ်။ တချို့နေရာမှာ နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ဆာတီဖီကိတ်တွေထည့်ပြီး မရောင်းနိုင်သေးတဲ့အခါမှာ ဝယ်သူတောင်းဆိုမှုနဲ့ မကိုက်ညီတဲ့အခါ ငြင်းပယ်ခံရတာတွေ ရှိတယ်။ ဈေးကောင်းမရတာတွေ ရှိတယ်။ ဥပမာ ဓာတ်ကြွင်းတွေပါဝင်လို့ ငြင်းပယ်လိုက်တာတို့ဘာတို့ရှိလို့ ဈေးကွက်တစ်ခုပျက်စီးသွားတာတွေရှိတယ်။ နောက်ပိုင်းတွေမှာ သူတို့ရဲ့လိုအပ်ချက်က အော်ဂဲနစ်မြေမှာစိုက်ပျိုးထားတဲ့ အော်ဂဲနစ်သီးနှံတွေဖြစ်ဖို့ လိုအပ်တယ်ဆိုတာကို တောင်းဆိုမှုတွေ တွေ့ရတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံတကာကတောင်းဆိုလာတဲ့ စံချိန်စံညွှန်းတွေကို ခေါင်းထဲထည့်ပြီး စတင်စဉ်းစားရမယ့် အချိန်ရောက်ပြီလို့ ပြောချင်ပါတယ်"ဟု ဒေါက်တာသန်းသန်းစိန်က ပြောသည်။

တိုးပွားလာသော ကမ္ဘာ့လူဦးရေအလိုက် စားနပ်ရိက္ခာဖူလုံနိုင်ရေး လိုအပ်ချက်များအရ သဘာဝစိုက်ပျိုးနည်းမှသွေဖည်ကာ ဓာတုမြေဆီ အကူအညီများဖြင့် စိုက်ပျိုးလာခဲ့သည်မှာ ရာစုနှစ်တိုင်လာပြီဖြစ်သည်။ ဝယ်လိုအားများလာပြီး ဈေးကွက်တောင်းဆိုချက်များအရ စိုက်ပျိုးထုတ်လုပ်သူများက အသီးအနှံများ ပိုမိုထွက်ရှိရေးနှင့် အသီးများ ပိုထွားလာရေးအတွက် ဓာတုမြေဆီများ၊ သီးနှံရွက်ဖျန်းဆေးများကို လိုအပ်သည်ထက် အလွန်အကျွံအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်လိုက်ပြီးနောက် သီးနှံများထဲတွင် ဓာတုဓာတ်ကြွင်းများ ကျန်နေခဲ့သည်။

ကင်ဆာနှင့် ဓာတုဓာတ်ကြွင်းများ

ယင်းဓာတုဓာတ်ကြွင်းပါသော အစားအစာများကို စားမိပါက ဓာတုဓာတ်ကြွင်းများသည် ကိုယ်ခန္ဓာအတွင်း ဆဲလ်များထဲအထိ ရောက်ရှိသွားသည်။ ထို့နောက် ယင်းဓာတုဓာတ်ကြွင်းများကို စွန့်ထုတ်မပစ်နိုင်ဘဲ တဖြည်းဖြည်းစုပုံလာရာမှ ဇီဝစုပြုံသတ္တိများဖြစ်လာပြီး ဆဲလ်ကွဲပွားလာခြင်းနှင့်အတူ ဓာတုဓာတ်ကြွင်းပစ္စည်းများလည်း ကွဲပွားလာသည်။ ကိုယ်ခန္ဓာအတွင်းဝင်လာသော ဓာတ်ကြွင်းပမာဏမှာ မများသော်လည်း ဆဲလ်ကွဲပွားမှုနှင့်အတူ လိုက်ပွားလာပြီး ယင်းတို့ကြောင့် ဆဲလ်များသည်လည်း မူလလမ်းကြောင်းများမှသွေဖည်ကာ ကင်ဆာရောဂါဖြစ်ပွားခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်အင်္ဂါချို့တဲ့သည့်ကလေးများမွေးဖွားလာခြင်းနှင့် ကလေးမရနိုင်ခြင်းများ ဖြစ်လာနိုင်သည်ဟု ကင်ဆာနှင့် ဓာတုဓာတ်ကြွင်းများအကြောင်းကို ကျန်းမာရေးသတင်းဝက်ဘ်ဆိုက်များတွင် ဖော်ပြချက်များအရ မှတ်သားရသည်။

သို့သော် နှစ်ရှည်ကြာစိုက်ပျိုးလာခဲ့သော ဓာတုမြေဆီသုံးစိုက်ပျိုးနည်းစနစ်မှ သဘာဝမြေဆီသုံး အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်သို့ပြန်လည်ပြောင်းလဲရမည့်အရေးတွင် လတ်တလော သီးနှံအထွက်နှုန်းနှင့် ဈေးကွက်ပြဿနာသည် အဓိကအခက်အခဲတစ်ခုအဖြစ် ရှိနေမည်ဖြစ်သည်။

တောင်ကြီးမြို့၌ စတော်ဘယ်ရီကို အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနေသူ မဖြူလွင်အောင်က "အရင်း သိန်း ၄၀၊ ၅၀ လောက် ရင်းတာမှာ ၄၊ ၅ သိန်းလောက်ပဲ ပြန်ရတယ်။ ဓာတုမြေဆီနဲ့ စိုက်သလောက် အသီးမထွားဘူး။ ဓာတုပစ္စည်းသုံး စိုက်ပျိုးထားပြီးသားမြေကို အော်ဂဲနစ်စိုက်ပျိုးမြေအဖြစ် စပြောင်းတဲ့ကာလဖြစ်လို့ အရမ်းလည်း ပင်ပန်းရသလို အခက်အခဲတွေလည်း ကြုံရတယ်။ ခုတစ်ရာသီစိုက်ပြီးချိန်မှာတော့ မြေဆီလွှာသိသိသာသာကောင်းလာပြီ၊ အရင်ကမတွေ့ခဲ့တဲ့ တီကောင်တွေလည်း ရှိလာပြီ။ ဈေးကွက်အနေနဲ့ကတော့ အခြားသီးနှံတွေနဲ့ပဲ တန်းတူရောင်းခဲ့ရပါတယ်။ သဘာဝအသီးလို့တော့ တံဆိပ်ကပ်ထားတယ်။ ဒါပေမယ့် ပထမဆုံးဈေးကွက်စဝင်တဲ့နှစ်လည်းဖြစ်လို့ အော်ဂဲနစ်အသီးပါလို့တော့ ကြော်ငြာပြီး မရောင်းဖြစ်ပါဘူး"ဟု ပြောသည်။

အော်ဂဲနစ်သီးနှံဈေးကွက်

မြန်မာနိုင်ငံတွင် အော်ဂဲနစ်သီးနှံဈေးကွက်မှာ မကျယ်ပြန့်သေးကြောင်း၊ စိုက်ပျိုးရန်နှင့် စိုက်ပျိုးနည်းစနစ်များကို သင်တန်းပေးနေသော်လည်း ဈေးကွက်ပိုင်းအတွက် အသိပညာပေးမှု လိုအပ်နေပြီး စားသုံးသူများကိုလည်း အသိပညာပေးနိုင်မှသာ စားသုံးသူများဘက်မှလည်း အော်ဂဲနစ်သီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်သော စားကုန်များဟု လက်ခံသတ်မှတ်ကာ ဈေးကွက် ဖြစ်လာမည်ဖြစ်ကြောင်း ဒေါက်တာသန်းသန်းစိန်က ပြောသည်။

အော်ဂဲနစ်ကူးပြောင်းချိန်ကာလနှင့် ပတ်သက်၍လည်း "ဆေးသုံးပြီးစိုက်နေတဲ့ ခြံတစ်ခုဟာ အော်ဂဲနစ်ချက်ချင်းဖြစ်မသွားသေးပါဘူး။ အသွင်ကူးပြောင်းကာလတစ်ခုထိစောင့်ရတယ်။ တစ်နှစ်ခွဲလောက်အထိ ကြာတယ်။ နောက်တစ်ခုကပြောင်းလိုက်တဲ့အတွက် ပုံမှန်လည်နေတဲ့ စက်ဝန်းတစ်ခုပျက်သွားတာကြောင့် အထွက်နှုန်းလျော့နိုင်တာဖြစ်လို့ မြေကို အပိုင်းပိုင်းပြီး ဖြည်းဖြည်းချင်းပြောင်းလဲမှုက ပိုအဆင်ပြေနိုင်တယ်"ဟုလည်း ၎င်းက ဆိုသည်။

အော်ဂဲနစ်စိုက်ပျိုးနည်း၏ အကျိုးများ

ဓာတုမြေဆီသုံးစိုက်ပျိုးမှုမှ အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်ပြောင်းလဲလိုက်ခြင်းကြောင့် လက်ငင်းအကျိုးရလဒ်များ ဆုံးရှုံးနိုင်သော်လည်း ရေရှည်အကျိုးရလဒ်အနေဖြင့် တိုင်းတာ၍မရနိုင်သော အကျိုးကျေးဇူးများရှိကြောင်း သိရသည်။ "တောင်သူက ဆေးမကိုင်ရတော့တဲ့အတွက် ကျန်းမာလာမယ်။ စရိတ်စက သက်သာလာမယ်။ ရေရှည်အတွက် သူ့ရဲ့မြေကြီးဟာ မပျက်စီးတော့ဘူး။ ဓာတုဆေးတွေကို နှစ်ရှည်လများသုံးလာရင် မြေကြီးဟာ ရူပဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိတွေ ပျက်စီးကုန်တယ်။ ဓာတုမြေဆီသုံးစိုက်ပျိုးတဲ့ မြေကြီးဟာ နှစ်နှစ်သုံးနှစ်အပြင် အထွက်နှုန်းဟာ ပိုကောင်းမလာတော့ဘူး။ အော်ဂဲနစ်အဖြစ် ပြောင်းရင် မြေကြီးဟာ ရေရှည်တည်တံ့တဲ့ မြေဆီဩဇာကောင်းမွန်မှုကို ရလာမယ်။ မိသားစုတစ်စုလုံးနဲ့ စားသုံးသူတွေအတွက် ကျန်းမာရေးကောင်းလာပါမယ်"ဟု အော်ဂဲနစ်စိုက်ပျိုးရေးကို လက်တွေ့ကျင့်သုံးနေသူတစ်ဦးက ထောက်ခံပြောကြားသည်။

နိုင်ငံတကာတွင် လုပ်ကွက်ငယ်တောင်သူများအတွက် အော်ဂဲနစ်လက်မှတ်ပေးရာတွင် မြေကြီးကိုပေးခြင်းဖြစ်ပြီး အဆိုပါမြေကြီးတွင် စိုက်ပျိုးထားသော မည်သည့်သီးနှံမဆို အော်ဂဲနစ်သီးနှံဖြစ်လာသည်။ ကောင်းမွန်ပြီး အာဟာရပြည့်ဝသော မြေဆီလွှာကို ပိုင်ဆိုင်ခြင်းမှတစ်ဆင့် သဘာဝအာဟာရနှင့် ညီညွတ်မျှတသောသီးနှံများ ရရှိစားသုံးရာမှ စားသုံးသူများနှင့် အိမ်မွေးတိရစ္ဆာန်များလည်း ကျန်းမာရေးနှင့် ညီညွတ်လာခြင်း၊ သီးနှံများကို recycle ပြန်လုပ်နိုင်သဖြင့် အပင်သီးနှံများမှ အာဟာရ ရရှိကာ ပတ်ဝန်းကျင်ဂေဟစနစ်မပျက်စီးဘဲ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို မျှတမှုရှိစေခြင်းတို့အပြင် ရေရှည်အကျိုးဆက်အနေဖြင့် နောက်မျိုးဆက်များအတွက်လည်း ကောင်းမွန်သောအမွေအနှစ်များ ချန်ထားနိုင်ခဲ့မည်ဖြစ်သည်။

မဖြူလွင်အောင်က "လူနေအိမ်နဲ့တွဲလုပ်တဲ့ စိုက်ပျိုးရေးဖြစ်လို့ ဖျန်းလိုက်တဲ့ဆေး၊ သုံးလိုက်တဲ့ဓာတုဆေးတွေက မြေဆီလွှာကနေ သောက်သုံးရေထဲကို ရောက်သွားရာကနေတစ်ဆင့် ကိုယ်လက်အင်္ဂါချို့တဲ့တဲ့၊ မသန်စွမ်းတဲ့ မျိုးဆက်တွေ ကင်းဝေးဖို့ရည်ရွယ်ချက်နဲ့ စိုက်ဖြစ်တာပါ။ ကိုယ်တိုင်စိုက်ပြီးစားရတဲ့အသီးက ပိုချိုတာလည်း လက်တွေ့ပါပဲ၊ ပြောင်းဖူးတွေဆို စီးစီးပိုင်ပိုင်နဲ့ ချိုမွှေးနေတာပဲ"ဟု ပြောပြသည်။

အနာဂတ်အတွက် ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းနီးပါးရှိသော စိုက်ပျိုးရေးတောင်သူများအနေဖြင့် ခေတ်ရေစီးကြောင်းအလိုက် အထွက်တိုးစိုက်ပျိုးနိုင်ရန် စိန်ခေါ်မှုများ ကြုံတွေ့နေကြရပြီး ငွေကြေး၊ မျိုးကောင်းမျိုးသန့် စသော အရင်းအနှီး၊ အပင်သီးနှံများ ရောဂါဘယအပါအဝင် ပိုးမွှားအန္တရာယ်ကင်းဝေးရေး၊ အလုပ်သမားရှားပါးမှု၊ ဈေးကွက်မတွင်ကျယ်မှု စသည့် အခက်အခဲများနှင့် ရှောင်ရှား၍မရနိုင်သည့် ရာသီဥတုအခြေအနေတို့သည် အဓိကပြဿနာများအနေဖြင့် ရှိနေကြသည်။

အော်ဂဲနစ်စိုက်နည်းစနစ်တွင်မူ တစ်မျိုးတည်းစိုက်ပျိုးခြင်းမဟုတ်ဘဲ အမယ်စုံစိုက်ပျိုးခြင်း၊ ဘက်စုံစိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းတို့က ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးမှုနည်းစနစ်ဖြစ်လာပြီး တောင်သူများကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို တစ်နည်းတစ်ဖုံ ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်းလည်း အော်ဂဲနစ်စိုက်ပျိုးရေးကို ထောက်ခံအားပေးသူများက ဆိုကြသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ကော်ဖီနှင့် လက်ဖက်ကို အော်ဂဲနစ်သီးနှံအဖြစ် ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီဖြစ်သည်။ စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ အခြားသီးနှံများကိုလည်း နိုင်ငံတကာလက်ခံနိုင်သော ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲစိုက်ပျိုးတင်ပို့ခြင်းဖြင့် ရေရှည်တည်တံ့သောမြေဆီလွှာကို ထိန်းသိမ်းကြရင်း ကျန်းမာသော အသီးအနှံ၊ အစားအစာများကို စားသုံးကြပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ဈေးကွက်အတွက်လည်း ကြိုတင်ပြင်ဆင်သင့်သည်ဟု ဒေါက်တာသန်းသန်းစိန်က အကြံပြုထားသည်။ ။

စစ်တောင်းမြစ်ရေလျော့နည်းလာ၍ တောင်ငူမြို့နယ်မှ ကယ်ဆယ်ရေးစခန်းအချို့ကို ပိတ်သိမ်း

တောင်ငူ စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း စက်တင်ဘာ ၁ ရက်မှစ၍ စစ်တောင်းမြစ်ရေမြင့်တက်ပြီး ရေကြီးရေလျှံမှုများကြောင့် မြို့နယ်အတွင်း၌ ကယ်ဆယ်ရေးစခန်းပေါင်း ၅၁ ခုအထိ ဖွင့်လှစ်ခဲ့ရကာ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင်မူ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အောက်ရောက်ရှိလာကာ ရေများကျဆင်းလာသည့်အတွက် ကယ်ဆယ်ရေးစခန်း ၄၁ ခုကို ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဒေသအချို့တွင် သောက်သုံးရေအခက်အခဲရှိနေသေးခြင်းကြောင့် ယခုလက်ရှိအချိန်ထိ ကယ်ဆယ်ရေးစခန်း ၁၀ ခုကိုသာ ဖွင့်လှစ်ထားရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ ရေပြန်ကျပြီး ကယ်ဆယ်ရေးစခန်းများကို ပိတ်သိမ်းလိုက်သည်နှင့်အတူ ရေကြီး၍ ပိတ်ထားခဲ့ရသော တောင်ငူမြို့နယ်အတွင်းမှ စာသင်ကျောင်း ၅၇ ကျောင်းအနက် ကျောင်းအချို့ကိုလည်း စက်တင်ဘာ ၄ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရေကြီးမှုကြောင့် ပင်လည်ဘူးမြို့နယ် မြေလင်းတံတားကျိုး

ကသာ စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မြေလင်းကျေးရွာတွင် ဩဂုတ် ၃၁ ရက်ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ အရှိန်ဖြင့် စီးဆင်းလာရာ ကောလင်းမြို့မှ ပင်လည်ဘူးမြို့နယ်သို့သွားသော မြေလင်းရွာခံခေါင်းချောင်း ကွန်ကရစ်တံတား ကျိုးကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးမှုကြောင့် ချောင်းဘေးဝဲယာနေအိမ်များ ရေများဝင်ရောက်ခြင်း၊ ဓာတ်တိုင်များ လဲခြင်းနှင့် ရေကြီးရေလျှံမှုကြောင့် မော်တော်ယာဉ်များပိတ်ဆို့မှုလည်း ဖြစ်ပွားခဲ့သည်။ ထိုသို့ တံတားကျိုးမှုကို သက်ဆိုင်ရာများမှ အမြန်ဆုံးလုပ်ဆောင်ပေးနေလျက်ရှိကြောင်း သိရှိရသည်။

လဘန်အောင် (ကချင်မြေ)

ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းဖောတံတားချဉ်းကပ်လမ်း လမ်းချဲ့ပြင်ဆင်ဆောင်ရွက်မှု ပြီးစီး

ကော့ကရိတ် စက်တင်ဘာ ၃

ကရင်ပြည်နယ်၏ အဓိကကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) ပွန်တွန်းဖောတံတား ချဉ်းကပ်လမ်းပေါ်တွင် ၁၃ တန်အထက် ကုန်တင်ယာဉ်ကြီးများ လမ်းချော်မှု မကြာခဏ ဖြစ်ပွားနေ၍ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ကြန့်ကြာမှုမရှိစေရန် စက်တင်ဘာ ၁ ရက်က စတင်ပြီး ဂျိုင်း (ကော့ကရိတ်) ပွန်တွန်းဖောတံတား အတက်အဆင်း ချဉ်းကပ်လမ်းကို အကျယ် ၁၁ ပေ ၂ လက်မအထိ ထပ်မံတိုးချဲ့ပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ပြင်ဆင်ဆောင်ရွက်မှု ပြီးစီးခဲ့ကြောင်း သိရသည်။

"မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှာ ပွန်တွန်းတံတား အတက်အဆင်းလမ်းကို ပြုပြင်ဆောင်ရွက်ပြီးလို့ ကုန်တင်ယာဉ်တွေကို စတင်စမ်းသပ်ပြီး ဖြတ်ခိုင်းပါတယ်။ စိတ်ချရတဲ့အတွက် မွန်းလွဲ ၃ နာရီမှာတော့ ပုံမှန်ဖြတ်သန်းသွားလာနေပါပြီ။ ညနေ ၄နာရီအထိ အတက်ယာဉ်ကြီး အစီး ၆၀ နဲ့ အဆင်းယာဉ် ၅၅ စီး ဖြတ်သန်းပြီးပါပြီ"ဟု ကျိုက်ဒိုးဘက်အခြမ်း ယာဉ်ရှင်းလင်းရေး ဆောင်ရွက်နေသည့် ရဲအုပ်အောင်မြင့်ဝင်းထံမှ သိရသည်။

စနစ်တကျ ဆောင်ရွက်ပေး

လက်ရှိအချိန်တွင် စောင့်ဆိုင်းနေသည့် ရာနှင့်ချီသော ကုန်တင်ယာဉ်အဆင်းများ ဆက်လက်ဖြတ်သန်းနေပြီး ယာဉ်အန္တရာယ်မဖြစ်စေရန်နှင့် ယာဉ်ကြောပိတ်ဆို့ခြင်းမရှိစေရန် တံတားလုံခြုံရေးတာဝန်ကျအဖွဲ့များနှင့် လမ်းကြောင်းတစ်လျှောက်မှ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၈၀ ခန့်က စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းသူ (ဘားအံ)

ကျောက်ကြီးမြို့နယ်တွင် ရေကြီး၍ လမ်းအချို့ပျက်စီးပြီး တံတားတစ်စင်း ရေထဲမျောပါ

ကျောက်ကြီး စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် စစ်တောင်းမြစ်ရေသည် စက်တင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ မြို့၏စိုးရိမ်ရေအမှတ် ၉၃၀ စင်တီမီတာကို ကျော် လွန်၍ ၉၈၇ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီး ရေကြီးရေလျှံမှုများကြောင့် ကျေးရွာချင်းဆက်လမ်းအချို့ ပျက်စီးကာ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသော တံတားတစ်စင်းမှာလည်း ရေထဲမျောပါ ပျက်စီးခဲ့ကြောင်း သိရသည်။

ရေမျောပျက်စီးခဲ့သောတံတားမှာ နတ်သံကွင်းကျေးရွာအုပ်စု ဝက်တူးကျေးရွာနှင့် ရေလဲကျေးရွာတို့ကို ဆက်သွယ်ထားသော ပြောက်ကျားတာပေါ်ရှိ အရှည် ၂၅ ပေ၊ အကျယ် ခုနစ်ပေ သစ်သားတံတားဖြစ်ပြီး ရေထဲမျောပါ ပျက်စီးခဲ့သဖြင့် တန်ဖိုးကျပ်သိန်း ၅၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ရေကြီးမှုကြောင့် ဝက်တူးကျေးရွာနှင့် ငွေးဆိပ် ကျေးရွာကြားရှိ ကျေးရွာချင်းဆက်မြေသားလမ်းပေါ်တွင် လမ်းသား ပေ ၂၀ ခန့် ပျက်စီးခဲ့သလို နတ်သံကွင်းကျေးရွာ၊ ဒေါင်းမို့ကျေးရွာနှင့် တောကြောင်ပေါက် ကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်းတွင်လည်း ပေ ၁၅၀၀ ခန့်၌ ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် ထိုးဝါး စိုက်ကျေးရွာရှိ ရေကာတာ၊ သောင်လယ် ကျေးရွာရှိ ရေကာတာ၊ ရေတွင်းကုန်းကြီး ကျေးရွာရှိ ရေကာတာနှင့် ကျောက်စရစ် ကျေးရွာထိပ်ရှိ ရေကာတာများ ပျက်စီးမှုမရှိစေရန်နှင့် ခိုင်ခံ့စေရန် သဲအိတ်ဖို့ခြင်းနှင့် လိုအပ်သောပြုပြင်ခြင်းလုပ်ငန်းများကိုလည်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုသားကြီး (ပြန်/ဆက်)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ မူဆယ်၌ကျင်းပ

မူဆယ် စက်တင်ဘာ ၃

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေးခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် မူဆယ်မြို့ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ပေါင်း ၇၀ ခန့် ဖြေဆိုယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ဒုရဲမှူးကြီး မျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြင့်မြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်အားပေးကြပြီး လူကုန်ကူးမှု၏ ဆိုးကျိုးများနှင့် လူကုန်ကူးမှုတားဆီးရေး လှုပ်ရှားမှု နံရံကပ်ပိုစတာများ ပြသထားမှုကိုလည်း လေ့လာကြည့်ရှုခဲ့ကြသည်။

ခရိုင် (ပြန်/ဆက်)

မိုင်းကိုင်မြို့နယ်၌ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကျင်းပ

မိုင်းကိုင် စက်တင်ဘာ ၃

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော မိုင်းကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ကျောင်းအခြေပြု အမျိုးသား/ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို မိုင်းကိုင်မြို့နယ် ပြည်သူ့ခန်းမရှေ့မှစတင်၍ ကျင်းပပြီး သုံးမိုင် မီနီမာရသွန်အပြေးပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူပေါင်း ၂၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပပြီး အမျိုးသားနှင့် အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများ၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ရရှိကြသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးညီညီထွေးနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

နန်းလှိုင်လှိုင်ဦး (မိုင်းကိုင်)

MINERAL DEVELOPMENT PUBLIC COMPANY LIMITED

သတ္တုဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

သတ္တုဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ကျောက်မျက်ကဏ္ဍ၊ သတ္တုသယံဇာတကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ ခုနှစ်အရ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၂၃၈၃၄၅၁ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ဘဏ်လုပ်ငန်းစတင်လုပ်ဆောင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၁၀)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်း လိုင်စင်အမှတ် မဗဘ/ပဘ-၂၆/၀၇/၂၀၁၈ ဖြင့် ဘဏ်လုပ်ငန်းလိုင်စင်ရရှိထားပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တရားဝင် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for commencement of Business)ရရှိရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

အများပြည်သူပါဝင်နိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအတွက် မကြာမီကာလအတွင်း အစုရှယ်ယာများနှင့် သက်ဆိုင်သော အသေးစိတ်အကြောင်းအရာများကို ဆက်လက်အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
သတ္တုဖွံ့ဖြိုးရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
အမှတ် ၆၆၊ ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက (သုံးဆယ်) တက္ကသိုလ်ဝင်တန်းမှ မသူဇာချို၏ ဖခင်အမည်မှန်မှာ ဦးမြင့်လှိုင် ၇/သဝတ(နိုင်)၁၁၉၁၀၃ ဖြစ်ပါကြောင်း။ **ဦးမြင့်လှိုင်**

ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက (သုံးဆယ်) တက္ကသိုလ်ဝင်တန်းမှ မခက်ခက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဖျောအောင် ၇/သဝတ(နိုင်)၀၄၂၃၂၃ ဖြစ်ပါကြောင်း။ **ဦးဖျောအောင်**

ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက (သုံးဆယ်)တက္ကသိုလ်ဝင်တန်းမှ မအောင်ကြင်းမေ၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းထွန်း ၇/သဝတ(နိုင်)၁၁၈၉၅၂ ဖြစ်ပါကြောင်း။ **ဦးအေးမင်းထွန်း**

မိခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက (သုံးဆယ်) တက္ကသိုလ်ဝင်တန်းမှ မောင်မင်းသက်လွင်၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းဝင်းမော် ၇/သဝတ(နိုင်)၁၅၄၃၀၃ ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းဝင်းမော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
သူနာပြုတက္ကသိုလ်(ရန်ကုန်) သူနာပြုဘွဲ့လွန်သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၉ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံဘွဲ့လွန် သင်တန်းများနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒီပလိုမာသင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာ	၁၅ လ

သူနာပြုမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(က)	သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ)	၂ နှစ်
(ခ)	သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ)	၂ နှစ်
(ဂ)	သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ)	၂ နှစ်
(ဃ)	သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ)	၂ နှစ်
(င)	သူနာပြုမဟာသိပ္ပံ(အထွေထွေ)	၂ နှစ်

လိုအပ်သောအရည်အချင်း

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သူနာပြုသိပ္ပံဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) အရေးပေါ် သူနာပြုစုမှုပညာ ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ ရရှိပြီးနောက် လုပ်သက်နှင့်ဆေးလက်တွေ့ အတွေ့အကြုံ (၂) နှစ်ရှိရမည့်အပြင် လွန်ခဲ့သည့် (၂)နှစ်အတွင်းဆေးလက်တွေ့ အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) သူနာပြုမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ရှိသူနှင့် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)ရရှိပြီးနောက် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါလုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူနှင့် အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာသင်တန်းအတွက် အသက်(၄၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

(စ) အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် သူနာပြုမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၅-၁၀-၂၀၁၈ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သက်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူကို ငွေသွင်းချလန်မူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ ၃၀-၁၀-၂၀၁၈ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀ဝ/-(ကျပ်တစ်ထောင်တိတိ)ကို သူနာပြုတက္ကသိုလ် (ရန်ကုန်)၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှ တစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) ငွေစာရင်းအမှတ် MD-၀၁၁၈၉၀သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတွင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးကိုပေးလျော်ရမည်။

၉။ သင်တန်းအလိုက်တက်ရောက်ခွင့်ပြုမည့်လျာထားဦးရေ သတ်မှတ်ချက်ကို သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ Websiteမှတစ်ဆင့် ကြေညာပါမည်။ လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့်အသေးစိတ်အချက်အလက်များကို သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ စာမေးပွဲရေးရာဌာနစိတ်၊ ဖုန်း-၀၁-၂၂၂၈၈၃၊ ၀၁-၂၂၂၈၈၄၊ ၀၁-၂၂၂၈၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ Website(www.uonygn.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သူနာပြုတက္ကသိုလ် (ရန်ကုန်)

ဖခင် အမည်မှန်

သာယာဝတီမြို့နယ်၊ အထက(သုံးဆယ်)၊ တက္ကသိုလ်ဝင်တန်းမှ မဝေဇင်မြတ်၏ ဖခင်အမည်မှန်မှာ ဦးရွှေဝါထွန်း ၇/သဝတ(နိုင်)၀၈၅၇၉၁ ဖြစ်ပါကြောင်း။ **ဦးရွှေဝါထွန်း**

ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(F)မှမောင်အောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးဟံထွန်း ၉/နထက(နိုင်)၁၄၆၅၉၄ ဖြစ်ပါကြောင်း။ **ဦးဟံထွန်း**

မိခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သုံးဆယ်၊ န၀မတန်းမှ မောင်ထက်မြတ်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ထားဝင်း ၇/သဝတ(နိုင်)၁၂၁၇၀၅ ဖြစ်ပါကြောင်း။ **ဒေါ်ခင်ထားဝင်း**

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက မုရစ်ကလေး န၀မတန်း(E)မှကျောင်းဝင်အမှတ်(၁၉၆၈) မဝင်းသီရိချို၏ ဖခင်အမည်မှန်မှာ ဦးသားငယ် ၃/လဘန(နိုင်)၁၀၉၀၀၆ ဖြစ်ပါကြောင်း။ **ဦးသားငယ်**

ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ ပင်း အထက တက္ကသိုလ်ဝင်တန်းမှ မောင်သင့်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၈/နမန(နိုင်)၁၄၉၉၂၀ ဖြစ်ပါကြောင်း။ **ဦးစန်းလွင်**

မိခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက သုံးဆယ်၊ န၀မတန်းမှ မောင်ကိုကိုဇော်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းဦး ၇/သဝတ(နိုင်)၁၇၂၄၉၂ ဖြစ်ပါကြောင်း။ **ဒေါ်စန်းစန်းဦး**

မိခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် ချောင်းဆုံမြို့ အထကခွဲ ခရိုက်ဒူ တက္ကသိုလ် ဝင်တန်း(B)မှ မအေးနှင်းသက်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လေးဆွေ ၁၀/ခဆန(နိုင်)၁၂၀၈၉၀ ဖြစ်ပါကြောင်း။ **ဒေါ်ခင်လေးဆွေ**

ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ ပင်း အထက တက္ကသိုလ်ဝင်တန်းမှ မစန္ဒာဝင်း၏ ဖခင် အမည်မှန်မှာ ဦးသန်းလွင် ၈/နမန(နိုင်)၁၁၂၃၄၀ ဖြစ်ပါကြောင်း။ **ဦးသန်းလွင်**

ပျိုမေတို့တစ်တွေ

အသားအရေ ဝါဝါဝင်း နဂိုရည်ထက်
စိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့
ကေမ္ဘာမှ နနွင်းလုံး ကို အစဉ်သုံးပါ

ဟိုင်းရှင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1010YR001475
မီးနေသည်များပါ သုံးနိုင်ပါသည်။
ကေမ္ဘာ မြန်မာ့ဆေးထုတ်လုပ်ဖြန့်ချီရေး၊ ရန်ကုန်မြို့
ဗိုလ်ချုပ်ဈေး (အနောက်ထပ်)၊ အမှတ် (၂၈)၊ မြောက်ဘက်တန်း။
ဖုန်း-၅၄၉၁၁၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7885 ,Toyota Harrier Acu 30, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီနွဲ့ ၁၂/တမန(နိုင်)၀၄၅၈၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်

Facebook Name ဆောင်းညိုရှာန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ Facebook လိုင်းပေါ်တွင် သက်ဆိုင်သူများနှင့်စုမဲစုကြပြီး စုမဲအရောင်းအဝယ်ပြုလုပ်ကြရာတွင် သက်ဆိုင်သူများနှင့် စုစည်း၍ ငွေစုခြင်း၊ ရရှိသည့် စုငွေအပေါ် လစဉ်၊ အပတ်စဉ် အလည့်ကျ ရယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စုကြေးရရှိသူများအနေဖြင့် မိမိကိုယ်တိုင်ရယူခြင်းဖြင့် လည်းကောင်း၊ အချို့မှာ စုကြေးရရှိသူများထံမှ ရောင်းခြင်း၊ ဝယ်ခြင်းများကို ကြား၍ပြုလုပ်ခဲ့ကြပြီး၊ အရစ်ကျပေးရန်ရှိသော စုကြေးငွေများအား မှန်မှန်မထည့်ခြင်း၊ အချို့မှာ ထွက်ပြေးတိမ်းရှောင်ခြင်းတို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေမှာ ယင်းသို့ ပျက်ကွက်သူများအတွက် အချို့ပမဲများကို စိုက်ထုတ်ပြီး ရှင်းလင်းနေခဲ့ရခြင်းကြောင့် ယခုအခါတွင် ငွေကြေးအကြပ်အတည်းများနှင့် ရင်ဆိုင်နေရပါသည်။ သက်ဆိုင်သူများ၏ စုကြေးငွေ အရှုပ်အရှင်းများကို ဆောင်းညိုရှာန် မှ ပြေရှင်းပေးရန်အတွက် ရရန်/ပေးရန်ရှိသည်များအား (၆) လအတွင်း စာရင်းရှင်းလင်း ဆောင်ရွက်ပေးမည်ဖြစ်ရာ ထိုသို့ စာရင်းရှင်းလင်းဆောင်ရွက်နေသည့် အချိန်ကာလအတွင်း၊ ဆောင်းညိုရှာန် ထံမှ ငွေကြေးရရန်ရှိသူများသည် ဆောင်းညိုရှာန် အား Facebook လိုင်းပေါ်တွင်ဖြစ်စေ၊ Messenger တွင် ဖြစ်စေ၊ Viber ဖြင့် ဖြစ်စေ၊ တယ်လီဖုန်းထဲတွင်ဖြစ်စေ၊ ပြင်ပလူကိုယ်တိုင်ကိုဖြစ်စေ၊ အခြားနည်း ဖြင့်ဖြစ်စေ ဆဲဆိုခြင်း၊ ကြိမ်းမောင်းခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများ၊ လုံး၀ (လုံး၀) မပြုလုပ်ကြပါရန် သက်ဆိုင်သူများအား အသိပေးကြေညာအပ်ပါသည်။ စာရင်းရှင်းနေစဉ်ကာလအတွင်း ဆောင်းညိုရှာန် နှင့် ၎င်း၏ မိသားစုများအား ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူဆဲဆို ကြိမ်းမောင်း ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းပြုလုပ်သူများအား မလွှဲမရှောင်သာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဆောင်းညိုရှာန်

ညွှန်ကြားချက်အရ
ဒေါ်ခင်သီတာစိုး (LL.B, D.I.L) အထက်တန်းရှေ့နေ (စဉ်-၄၂၉၄)
အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖခင် အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက န၀မတန်း(L)မှ မောင်နိုင်မင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးဖိုးသန်း ၅/ယမပ(နိုင်)၀၃၁၀၀၁ ဖြစ်ပါကြောင်း။ **ဦးဖိုးသန်း**

ဖခင် အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကံသုံးဆင့်ကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မဝင်းပြည့်ပြည့်မွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၇/အတန(နိုင်)၀၈၁၄၇၅ ဖြစ်ပါကြောင်း။ **ဦးဝင်းဇော်ဦး**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကျောက်ထုမြို့၊ ရွှေကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးခင်လှိုင် ၈/ဆဖန(နိုင်)၀၁၀၀၆၂ ဖြစ်ပါကြောင်း။ **ဦးခင်လှိုင်**

မိဘအမည်မှန်

မိုးကုတ်မြို့၊ လယ်ဦးရပ်နေ မကေသွယ်ဦး၏ မိဘအမည်မှန်မှာ ဦးခင်မောင်ထွေး-ဒေါ်လှလှကြည် ဖြစ်ပါကြောင်း။ **ဦးခင်မောင်ထွေး-ဒေါ်လှလှကြည်**

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ထိန်ကန် အထကမှ မောင်အေးချမ်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းနှင့် ဦးထွန်းထွန်းဝင်း ၈/ဆဖန(နိုင်)၀၄၈၀၃၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မိုးကုတ်မြို့၊ အောင်သစ်လွင်ရပ်နေ မစုမြတ် (တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြွယ် ၅/ဒပယ(နိုင်)၀၆၁၃၂၆ ဖြစ်ပါကြောင်း။ **ဦးထွန်းကြွယ်**

ဖခင်အမည်မှန်

မိုးကုတ်မြို့၊ သံလွင်တောင်ရပ်နေ မဂျူလီယံမိုး၏ ဖခင်အမည်မှန်မှာ ဦးလိုလေး ဖြစ်ပါကြောင်း။ **ဦးလိုလေး**

ဖခင်အမည်မှန်

မိုးကုတ်မြို့၊ လယ်ဦးရပ်၊ ရောဝတီ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်ထွန်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၁၃/မမတ(နိုင်)၀၀၆၉၇၁ ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီဗဟိုရုံးချုပ်သို့ တောင်သူဦးတင်(ဘ)ဦးသိန်း(၁၂/လသယ(နိုင်)၀၀၆၇၂၁) ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊အောင်သိဒ္ဓိလမ်းတွင် နေထိုင်သူသည် ကွင်းအမှတ် ၃၇၅(မ)တွင်း၊ဦးပိုင်အမှတ်(၄၁)၊ကွင်းအမည်-သောင်ကြီးလေး ကွင်းအတွင်းရှိမြေ(၄၀)ပေ × (၆၀)ပေအား လှူဒါန်းလိုကြောင်း ကမ်းလှမ်းလာပါသည်။

အဆိုပါလှူဒါန်းလိုသော မြေနှင့် ပတ်သက်၍သက်ဆိုင်သူများမှယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအပြည့် အစုံယူဆောင်၍ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီဗဟိုရုံးချုပ်သို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး စာရွက်စာတမ်းခိုင်လုံမှုမရှိဘဲ ကန့်ကွက်လာသူအားလက်ခံစဉ်းစားပေးမည်မဟုတ်ပါကြောင်းနှင့်ကန့်ကွက်မည့် သူမရှိပါက မြေလှူဒါန်းသူ၏သဘောဆန္ဒအတိုင်းလက်ခံသွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ
အမှတ်-A/ ၄၀၆၊လန်းဆန်းအိမ်ယာ
မော်တန်(၁)လမ်း၊လိပ်ပြာကန်ရပ်ကွက်၊ပဲခူးမြို့
ဖုန်း-၀၉-၂၆၂၂၀၁၅၃၅၀၉-၄၅၁၅၁၀၀၄၀

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/5464 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၇၉၅၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ ဂုဏ်ထူးဝေ ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်း (A)မှ မောင်ရာဇာမင်းခန့်၏ဖခင်အမည်မှန်မှာ ဦးမြင့် ၅/ပလန(နိုင်)၀၂၄၅၈၄ ဖြစ်ပါကြောင်း။ **ဦးမြင့်**

အမည်ပြောင်း

မရမ်းကုန်းမြို့နယ်၊ အမက (၉) K-G(B)တန်းမှ ဦးစိုင်းခမ်းလီ ၁၃/ဟပန(နိုင်)၀၀၁၁၃၅၏သား မောင်စိုင်းသုတရဲဝင့်အား မောင်စိုင်းသုတဟု ပြောင်းလဲခေါ်ပါရန်။**မောင်စိုင်းသုတ**

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်သဲကိုကို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်တာ ၉/သပက(နိုင်)၀၆၁၇၄၉ ဖြစ်ပါကြောင်း။ **ဦးမောင်တာ**

အမည်မှန်

တောင်ငူမြို့၊ အထက (၄) တက္ကသိုလ်ဝင်တန်း(ခ)မှ ဦးကြည်သိန်း၏သမီး မရွှေဇင်ဝင်း၏ အမည်မှန်မှာ မရွှေစင်ဝင်း ၇/တငန(နိုင်)၂၂၃၄၁၈ ဖြစ်ပါသည်။

အမည်မှန်

တနိုင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (E)မှ (ဘ) ဦးဘောမ်ခေါ၏သမီး မမေရီခေါနမ် ဖြစ်ပါသည်။

မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရွာသစ်(အထက)ဆဋ္ဌမတန်း(A)မှ မမွန်မြတ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်ရီရီနွယ် ၉/မခန(နိုင်)၁၉၇၃၂၈ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/7917 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8989 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

အများသိစေရန်နှင့်ကန့်ကွက်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ကန်လမ်း၊ ခြံအမှတ်(၃၅)နေ ဦးဘန်နီတင်ထွန်း(၁၂/အစန(နိုင်)၁၂၀၄၁၁)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာပါသည်။

ဦးဘန်နီတင်ထွန်းနှင့်(ဒေါ်ဝင်းဝင်းကြည်)တို့တွင် သားသမီးအရင်း(၆)ဦး မွေးဖွားခဲ့ပါသည်။ စတုတ္ထမြောက် သမီးဒေါ်တင်ချိုဝင်း(ခ)ချိုထွေးနှင့်ဦးထွန်းထွန်းစိန်(Chairman)T.K.W Co.,Ltd တို့သည် ၂၀၀၀ခုနှစ်ဝန်းကျင်၌ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာဖြင့်လက်ထပ်ထိမ်းမြားခဲ့ပါသည်။လက်ထပ်ထိမ်းမြားခဲ့ပြီးနောက် ၉-၁-၂၀၀၂ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် သားဦးရတနာမောင်ဝင်းသူရိန်ထွန်း(ခ)Dennis ကို SSC ရွှေဂုံတိုင်ဆေးရုံကြီး၌ မွေးဖွားခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏သမီးဒေါ်တင်ချိုဝင်း(ခ)ချိုထွေးသည် ၂၃-၇-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ သားသမက် ဦးထွန်းထွန်းစိန်(Chairman)T.K.W Co.,Ltd ရှမ်းချယ်ရီကုမ္ပဏီ၊ မလိခရောဂါရှာဖွေရေးစင်တာသည် ၁၇-၈-၂၀၁၈ ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ၂၁-၈-၂၀၁၈ ရက်နေ့ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့တွင် ဦးထွန်းထွန်းစိန် နာရေးကြော်ငြာခဲ့သောကြော်ငြာတွင် မောင်ဝင်းသူရိန်ထွန်း(ခ)Dennis (ခေတ္တသြစတြေးလျ)သည် ၂၃-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သော ဒေါ်တင်ချိုဝင်း(ခ)ချိုထွေးနှင့် ဦးထွန်းထွန်းစိန်တို့၏ သားအရင်းဖြစ်ပါသည်။ ဦးထွန်းထွန်းစိန်နှင့် ဒေါ်အယ်လ်ဂျာဒွဲ၏သားအရင်းမဟုတ်ကြောင်းနှင့် မောင်ဝင်းသူရိန်ထွန်း(ခ)Dennisသည် ဒေါ်အယ်လ်ဂျာဒွဲနှင့်သွေးသားတစ်စက်မှတော်စပ်သူမဟုတ်ပါ။ သွေးသားအရင်း အိုးအဖွား၊ နှစ်ဖက်ဆွေမျိုးများနှင့်ရင်းနှီးချစ်ခင်မှုမရရှိစေရန် သွေးခွဲထိန်းသိမ်းထားပြီး မိခင်ရင်းနေရာရယူထားကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏မြေးအရင်း မောင်ဝင်းသူရိန်ထွန်း(ခ)Dennis အရွယ်မရောက်သေးချိန်တွင် အရွယ်ရောက်သူတစ်ဦးကဲ့သို့ ပြောဆိုဆက်ဆံနေကြောင်းကြားသိခဲ့ရပါသည်။ ကျွန်ုပ်မိတ်ဆွေ၏မြေးကျန်းမာရေးကိုသော်လည်းကောင်း၊ အခြားနည်းမျိုးစုံဖြင့် အသက်အန္တရာယ်အတွက် ထိခိုက်မှုဖြစ်ပေါ်လာပါက ဒေါ်အယ်လ်ဂျာဒွဲ၏တာဝန်သာဖြစ်ကြောင်းနှင့်တရားဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းညွန့်(LL,B)
တရားလွှတ်တော်ရှေ့နေ(၁၁၂၇)

ဦးနိုင်ထွဋ်လင်း(LL,B)
အထက်တန်းရှေ့နေ(၁၈၉၄)

၉၉၊ဒုထပ်(ယာ)၊၃၉လမ်း၊ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉၅၁၀၆၁၅၇၊ ၀၉၃၁၁၁၆၄၄၄

ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဥက်ပျော့ဖူးတော်နှင့် ဖောင်းရစ်တော်များတွင် ရွှေစင်ရွှေပြား တစ်ကျပ်သားပြားများကပ်လှူပူဇော်ရန် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်းကို ဂေါပကအဖွဲ့မှဝမ်းမြောက်စွာဖြင့်သာဓုအနုမောဒနာပြုကာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဂုဏ်ပြုလွှာ(၁၁/၂၀၁၈)

စဉ်	အလှူရှင်အမည်	အလှူရငွေ
၁။	ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးဗိုလ်ထွန်းအားရည်စူး၍မိခင်ကြီးဒေါ်အုန်းမြင့်နှင့် သားသမီးမြေးတစ်စုကောင်းမှုအမှတ်(၂၅)၊ သရက်တောလမ်း၊စမ်းချောင်း	၁၉၀၀၀၀ဝိ/-
၂။	ဦးမောင်တင်+ဒေါ်အေးခိုင်ဖြူ(ရွှေကြာပွင့်မိသားစုဇိနပ်လုပ်ငန်း)အမှတ်(၃၂၆) သီလ(၁၀)လမ်း၊၄-ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်	၁၀၀၀၀၀ဝိ/-
၃။	ကွယ်လွန်သူ(ဦးရာဂျူး)အားရည်စူး၍ဇနီးဒေါ်ပွတ်စပါး၊ သား-နိုင်လင်းထွန်း မိသားစုကောင်းမှု၊(မိဘမေတ္တာ)အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊သုံးခွ	၉၅၀၀၀ဝိ/-
၄။	တရားရုံးချုပ်ရှေ့နေ ဦးသိန်းစိုးအောင်အားအမှူးထား၍ ဒေါ်စောခင်၊ဒေါ်သိန်းရင် သားသမီး ခင်ခင်တင်၊ကျော်ထွန်းဝင်း+တင်တင်ဖြူ(USA)၊တင်အောင်ကျော်၊ တင်အောင်စိုး၊ မျိုးထွန်းသိန်း၊ အေးမျိုးထွန်း၊ သိမ့်သန္တာထွန်း၊ မြေး-သိမ့်နိုနိုသော်	၉၅၀၀၀ဝိ/-
၅။	ဒေါက်တာဝင်းငွေ+ဒေါ်စန်းစန်းရီ၊ဒေါက်တာဥက္ကာ+သူသူထက်၊ သိမ့်သိရိ၊ ရွှန်းလဲ့လဲ့အောင် မိသားစု၊ အမှတ်(၄၅)၊ P/A၊တေးနယဉ်လမ်း၊ဂုမိုင်၊ရန်ကုန်	၉၅၀၀၀ဝိ/-
၆။	ကွယ်လွန်သူဦးမင်းကိုကိုအားရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် ဓနလင်းအောင် (ကွန်ကရစ်)မိသားစုကောင်းမှု	၉၅၀၀၀ဝိ/-
၇။	ကွယ်လွန်သူနှစ်ဘက်ဘိုးဘွားများအားရည်စူး၍ ၊အဖေ ဦးမင်းဇော်ဌေး+အမေ ဒေါ်ခင်ရွှေရည် တို့အားအမှူးထားပြီး မဆုသဲအောင်(၁၃)နှစ်ပြည့်မွေးနေ့အလှူ အမှတ်(၉၃)၊(၃)လွှာ၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်	၉၅၀၀၀ဝိ/-
၈။	ဒေါ်လှကြွယ်၊သား-ဦးရွှေမြင့် မိသားစုကောင်းမှု၊တောင်ဥက္ကလာပ၊ရန်ကုန်	၉၅၀၀၀ဝိ/-
၉။	ဦးမောင်မောင်+ဒေါ်ခင်မြင့်မိသားစု အမှတ်(၆)၊နှင်းဆီလမ်းသွယ်(၁) စန်းဂါးအင်၊ သဃ်န်းကျွန်းမြို့နယ်	၉၅၀၀၀ဝိ/-
၁၀။	မိဘများဖြစ်သော(ဗိုလ်ကြီးဘိုးသာ)+ဒေါ်စိန်မြင့် ရည်စူးအမှူးထား၍ သမီး- မသူဇာခိုင်မိသားစု၊ အမှတ်-၂၁၆/ဂ၊နှင်းဆီလမ်း၊ ဈေးဘွားကြီးကုန်း၊အင်းစိန်	၄၀၀၀၀ဝိ/-
၁၁။	ဦးတင်အောင်+ဒေါ်စိန်စိန်မိသားစု အမှတ်-၂၈၇(က)၊ပြည်လမ်း	၃၀၀၀၀ဝိ/-
၁၂။	ပါးပါးဦးလှမြင့်+မေမေဒေါ်တင်တင်စု၊ သမီး-မခင်သီသီ မိသားစုကောင်းမှု မင်းဗိုင်ရပ်ကွက်၊ တွံတေးမြို့	၂၅၀၀၀ဝိ/-
၁၃။	ဦးထွန်းစိုး+ဒေါ်လှမြိုင် မိသားစုကောင်းမှု၊ သန်လျင်မြို့	၂၀၀၀၀ဝိ/-
၁၄။	ကွယ်လွန်သူမိဘ၊ အစ်ကို၊ ဦးလေး၊အဒေါ်တို့အားရည်စူး၍ ဦးမောင်မောင်ကြင်+ ဒေါ်စန်းရီမိသားစုကောင်းမှု၊ အမှတ်(၂၇)၊ဓမ္မဒါနလမ်း၊ တာမွေမြို့နယ်	၁၇၀၀၀ဝိ/-
၁၅။	ဆရာဦးမိုးမြင့်နှင့် မောင်နန်းဝေ၊မောင်အောင်နိုင်ထွန်း၊မောင်အောင်သူဟိန်း မောင်ဝင်းမင်းဦးကောင်းမှု၊ အမှတ်(၁၁၀၇)၊ ပတ္တမြား ၃ လမ်း၊ သာကေတ	၁၅၀၀၀ဝိ/-
၁၆။	ကွယ်လွန်သူမိဘများဖြစ်သောဦးအောင်မင်းနှင့်ဒေါ်အေးသွယ်ဦးတို့အားရည်စူး၍ သား-ဦးအောင်ကျော်ထွန်းကောင်းမှု၊ အောင်သုခလမ်း၊ ၆-ရပ်ကွက်၊မရမ်းကုန်း	၁၅၀၀၀ဝိ/-
၁၇။	ကွယ်လွန်သူမိဘများဖြစ်သော (ဦးတင်လှိုင်+ဒေါ်တင်စိန်)တို့အားရည်စူး၍ သမီး-ဒေါ်စိုးမြင့်မိသားစုကောင်းမှု၊ ၃၅၂/၁၂လမ်း၊ဝေယျာသီရိရပ်ကွက်၊ဒေါပုံ	၁၁၀၀၀ဝိ/-
၁၈။	ဦးအောင်ဆန်းအားရည်စူး၍ဇနီးဒေါ်လွင်လွင်မြင့်၊သားသမီးများဖြစ်သော ဒေါက်တာဒေါ်ခင်အုန်းမူ၊ ဦးအောင်ကျော်ဦး၊ ဒေါ်သီတာအောင်၊ဒေါ်ဝါဝါအောင် ဒေါ်သင်းသင်းယု မိသားစုကောင်းမှု၊ ဈေးဘွားကြီးကုန်း၊အင်းစိန်	၁၁၀၀၀ဝိ/-
၁၉။	ဒေါ်သန်းသန်းမိသားစု (ဆုလှိုင်စာသင်ဝိုင်း) အမှတ် (၇၄)၊အုတ်ပုံဆိပ်လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်း	၁၁၀၀၀ဝိ/-
